ကြေးမုံ
The Mirror Daily
Established in 1957

**ကုသိုလ်ကောင်းမှုလျင်မြန်စွာပြု**

စိတ်သည် မကောင်းမှုတွင် မွေ့လျော်တတ်သဖြင့် ကောင်းမှုပြုသောအခါ နုန့်နှေးတတ်ရကားမကောင်းမှုမှ စိတ်ကိုတားမြစ်၍ ကုသိုလ်ကောင်းမှုတို့ကို အချိန်မဆိုင်းဘဲ ဆောလျင်စွာပြုလုပ်ရာ၏။ ကောင်းမှုပြုလိုသော စိတ်ဆန္ဒပေါ်လာလျှင် အဆောတလျင် ပြုလုပ်နိုင်ရန်ကြိုးစားရာ၏။

လောကဝင်(ဓမ္မပဒ-၁၁၆)

၁၃၈၁ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၄ ရက်၊ ကြာသပတေးနေ့။ Thursday 31 October 2019 ၉၈၁၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၏ ၂၀၁၉ ခုနှစ် ကထိန်သင်္ကန်းဆက်ကပ်လှူဒါန်းပွဲ ကျင်းပ

နေပြည်တော် အောက်တိုဘာ ၃၀

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၏ ၂၀၁၉ ခုနှစ် ကထိန်သင်္ကန်း ဆက်ကပ်လှူဒါန်းပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ ဥပ္ပါတသန္တိစေတီတော် သာသနာ့မဟာဗိမာန်တော်၌ကျင်းပရာ နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့်ဇနီး ဒေါ်ချိုချို၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်တို့ တက်ရောက်ကြည်ညိုကြပြီး ကထိန်လျာသင်္ကန်း၊ ကထိန်သင်္ကန်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။



နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့်ဇနီး ဒေါ်ချိုချို ကထိန်အလှူခံ ဆရာတော် ပျဉ်းမနားမြို့ မဟာဓမ္မိကာရာမ အုန်းတောကျောင်းတိုက် ပဓာနနာယက ဘဒ္ဒန္တ တိဿထံ ကထိန်လျာသင်္ကန်း ဆက်ကပ်လှူဒါန်းစဉ်။



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့ မင်းကျောင်း ပထမပြန်ပရိယတ္တိစာသင်တိုက် ပဓာနနာယက အဂ္ဂမဟာ ပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဒေါက်တာ ဘဒ္ဒန္တစန္ဒိမာဘိဝံသထံ ကထိန်သင်္ကန်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။

အခမ်းအနားသို့ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ မန္တလေးမြို့ ဗန်းမော်ကျောင်းတိုက် ပဓာနနာယက အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဒေါက်တာဘဒ္ဒန္တကုမာရာဘိဝံသ အမှူးပြုသော ဆရာတော်၊ သံဃာတော်များ ကြွရောက် ချီးမြှင့်တော်မူကြပြီး ဒုတိယသမ္မတ ဦးမြင့်ဆွေနှင့်ဇနီး ဒေါ်ခင်သက်ငွေး၊ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း၏ဇနီး နန့်ကြင်ကြည်၊ ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦး၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးဥက္ကဋ္ဌ ဦးမျိုးညွန့်၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်းနှင့်ဇနီး ဒေါ်အေးသီတာ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့်ဇနီး ဒေါ်သန်းသန်းနွယ်၊ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးထွန်းထွန်းဟိန်၏ဇနီး ဒေါက်တာစိန်စိန်သိမ်း၊ အမျိုးသားလွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုရှေ့နေချုပ်၊ ပြည်ထောင်စုစာရင်းစစ်ချုပ်၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ၊ ငြိမ်းချမ်းရေးကော်မရှင်ဥက္ကဋ္ဌ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ အမျိုးသားလူ့အခွင့်အရေးကော်မရှင်ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံတော် ဗဟိုဘဏ်ဥက္ကဋ္ဌ၊ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ)၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ ဒုတိယရှေ့နေချုပ်၊ နေပြည်တော်ကောင်စီဝင်များနှင့် ၎င်းတို့၏ဇနီးများ၊ ဌာနဆိုင်ရာ အကြီးအကဲများနှင့် တာဝန်ရှိသူများ တက်ရောက်ကြည်ညိုကြသည်။

အခမ်းအနားမစတင်မီ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က သာသနာ့မဟာဗိမာန်တော်အတွင်းရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်အား မြသပိတ်ဆွမ်းတော်၊ သစ်သီး၊ ပန်းမန်၊ သောက်တော်ရေချမ်းတို့ကို ဆက်ကပ်လှူဒါန်းသည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆

## ကြေးမုံ ယနေ့ ဖတ်စရာ

မြန်မာနိုင်ငံတွင် အသစ်ထွက်ပေါ်နေသော ဆေးရွက်ကြီး ဆက်စပ်ပစ္စည်းများနှင့်ပတ်သက်၍ လွှတ်တော်ကိုယ်စားလှယ်များသို့ ရှင်းလင်းတင်ပြခြင်း အလုပ်ရုံဆွေးနွေးပွဲကျင်းပ

စာမျက်နှာ » ၉

နေပြည်တော် သပြေကုန်းအဝိုင်းတွင် ဗိုလ်ချုပ်အောင်ဆန်းမြင်းစီးကြေးရုပ် တည်ဆောက်ရေးလုပ်ငန်းများ စတင်

စာမျက်နှာ » ၁၀

ဧရာဝတီတိုင်းဒေသကြီး ပန်းတနော်မြို့နယ်တွင် တန် ၁၀၀၀ ငါးအစာစက်ရုံ တည်ဆောက်မည်

စာမျက်နှာ » ၁၆

KBZ BANK
BEST BANK IN MYANMAR
Awarded by World Finance | Awarded by Euromoney | Awarded by The FinanceAsia

ကြေးမုံ

# ငြိမ်းချမ်းရေးကိုလိုလားသည်ဆိုပါလျှင်

မြန်မာနိုင်ငံသမိုင်းကြောင်းတစ်လျှောက် အမြစ်တွယ်ခဲ့သည့် ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခများအားဖြေရှင်းနိုင်ရန် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ -(၂၁) ရာစုပင်လုံ နိုင်ငံရေးဆွေးနွေးပွဲများသည် ပထမဆုံးပေါ်ပေါက်လာသည့် သမိုင်းဝင်နိုင်ငံရေးအခင်းအကျင်းဖြစ်သည်။ ထိုအခင်းအကျင်းတွင် နိုင်ငံရေးပြဿနာများကို နိုင်ငံရေးနည်းလမ်းဖြင့် ငြိမ်းငြိမ်းချမ်းချမ်းအဖြေရှာပြီး အားလုံးသဘောတူလက်ခံသည့် နိုင်ငံရေးသဘောတူညီချက်များ ရရှိနိုင်ရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

နိုင်ငံရေးသဘောတူညီချက်များရရှိနိုင်ရေး ကြိုးပမ်းဆောင်ရွက်သည့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်သည် မြန်မာနိုင်ငံအဖို့ အလွန်ပင်ရှည်လျားလွန်းသည်။ လွတ်လပ်ရေးနှင့်အတူ ပေါက်ဖွားလာပြီး ယနေ့ထက်ထိတိုင် နှစ်ပေါင်း ၇၀ ကျော်ကြာမြင့်နေပြီဖြစ်သည်။ ငြိမ်းချမ်းရေးခရီးသည် မြန်မာ့နိုင်ငံရေးခရီးလမ်းတွင် မှောင်တစ်ခါ၊ လင်းတစ်လှည့်နှင့် ဝိုးတဝါးကာလများကို ဖြတ်သန်းနေရသည်။ တစ်ခါတစ်ရံတွင် အားတက်စရာများကြုံရသလို တစ်ခါတစ်ရံတွင် စိတ်ပျက်စရာများနှင့်လည်း ကြုံရသည်။ ငြိမ်းချမ်းရေးခရီးမှာ အနိမ့်အမြင့်၊ အတက်အကျများနှင့် စိန်ခေါ်မှုများစောင့်ကြိုနေသည်။

ငြိမ်းချမ်းရေးတွင် ကိုယ့်မူ၊ သူ့မူ၊ ကိုယ့်ရပ်တည်ချက်၊ သူ့ရပ်တည်ချက်များကိုအသေဆုပ်ကိုင်ပြီး အလျှော့အတင်း၊ အပေးအယူမလုပ်နိုင်သောကြောင့်ဟုလည်း ဆိုနိုင်ပါသည်။ "အမှန်တကယ် ငြိမ်းချမ်းရေးကို လိုလားရင်၊ အမှန်တကယ် ဖက်ဒရယ်ပြည်ထောင်စုကြီးကိုတည်ဆောက်ချင်တယ်ဆိုရင် ပျော့ပျောင်းညင်သာမှုနဲ့ သဘောထားကြီးမှုတို့လည်းလိုအပ်တယ်ဆိုတာကို သတိချပ်စေချင်ပါတယ်"ဟု နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) (၄) နှစ်မြောက် နှစ်ပတ်လည်အခမ်းအနားတွင် အသိပေးထောက်ပြထားသည်။

မငြိမ်းချမ်းခြင်း၏ ဆိုးမွေများ၊ ငြိမ်းချမ်းခြင်း၏ ရလဒ်များကို ထဲထဲဝင်ဝင် နှစ်နှစ်ကာကာသိမြင်သည်အမှန်ဆိုလျှင် ငြိမ်းချမ်းရေးအတွက် အတော်အတန် ခရီးရောက်မည်ဟု ထင်မြင်ယူဆပါသည်။ မငြိမ်းချမ်းသောလက်နက်ကိုင်ပဋိပက္ခများကြောင့် စည်းစိမ်ဥစ္စာနှင့် အလုပ်အကိုင်များ ဒေါ်လာဘီလီယံနှင့်ချီပြီး ဆုံးရှုံးနေသည်။ တန်ဖိုးမဖြတ်နိုင်သည့် လူ့အသက်ပေါင်းများစွာပေးဆပ်ခဲ့ရသည်။ နေရပ်စွန့်ခွာပြီး စစ်ဘေးရှောင်နေကြရသည်။ တိုင်းရင်းသားများ ကျန်းမာရေး၊ ပညာရေးနှင့်အလှမ်းဝေးပြီး လူမှုဘဝနိမ့်ကျခဲ့ရသည်။ အကြီးမားဆုံး ဆုံးရှုံးမှုမှာ ပြည်ထောင်စု၏ အနာဂတ် မှုန်ဝါးနေခြင်းဖြစ်သည်။

ရေရှည်တည်တံ့ခိုင်မြဲသည့် ငြိမ်းချမ်းရေးကိုတည်ဆောက်နိုင်လျှင် စစ်မှန်သည့် ဖက်ဒရယ်ပြည်ထောင်စုကို တည်ဆောက်နိုင်မည်ဖြစ်သည်။ ဖက်ဒရယ်စနစ်နှင့်အညီ အာဏာခွဲဝေမှုများ ရရှိမည်။ သယံဇာတခွဲဝေမှုနှင့် အခွန်အကောက်ခွဲဝေမှုများ ရရှိမည်။ ဖက်ဒရယ်ယူနစ်များအားလုံးသည် တန်းတူရည်တူရှိရမည်။ ပြည်နယ်များတွင် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ကို အာမခံနိုင်သည့် ကိုယ်ပိုင်အခြေခံဥပဒေများရှိရမည်။ ပြည်နယ်များ၏အာဏာများကို ခွဲဝေကျင့်သုံးသည့်အခါ ပြည်သူလူထုကိုအခြေခံရမည် စသည့် အခြေခံမူများကိုအစိုးရအနေဖြင့် လက်ခံထားပြီးဖြစ်သည်။ ယင်းတို့သည် တိုင်းရင်းသားအားလုံး၏လိုလားချက်ဖြစ်ပြီး ယင်းတို့ကိုသဘောတူချမှတ်နိုင်ရန် တွေ့ဆုံဆွေးနွေးရေးစားပွဲဝိုင်းတွင် ပါဝင်ကြဖို့အရေးကြီးသည်။ ငြိမ်းချမ်းခြင်း၏ အကျိုးအပြစ်များကို သိရှိထားကြပြီးဖြစ်သည်။ လူနည်းစုတိုင်းရင်းသားများ၏ ခံစားမှု၊ နာကျင်မှုများကို နှလုံးသားဖြင့် စာနာနားလည်မှုပေးပြီး ပဋိပက္ခဖြေရှင်းရေးကိုဦးတည်သည့် ငြိမ်းချမ်းရေးတွင် ပါဝင်ကြရမည်ဖြစ်သည်။

သို့ဖြစ်ရာ ငြိမ်းချမ်းရေးကို အမှန်တကယ်လိုလားသည်ဆိုပါလျှင် ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုကြီးကို အမှန်တကယ်တည်ဆောက်ချင်ပါသည်ဆိုလျှင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် လမ်းညွှန်ထားသည့် ပျော့ပျောင်းညင်သာမှုနှင့် သဘောထားကြီးမှုတို့ကို လက်ကိုင်ထားကာ နိုင်ငံရေးပြဿနာများကို နိုင်ငံရေးနည်းလမ်းဖြင့် ငြိမ်းငြိမ်းချမ်းချမ်းအဖြေရှာကြဖို့ လိုရင်းဖြစ်ပါသည်။ ။

MYANMAR Digital News
Presented by NPE
www.mdn.gov.mm



## ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်) ပြင်ဆင်ရေးပူးပေါင်းကော်မတီအစည်းအဝေး(၅၂/၂၀၁၉) ကျင်းပ

**နေပြည်တော် အောက်တိုဘာ ၂၀**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ပြင်ဆင်ရေးပူးပေါင်းကော်မတီအစည်းအဝေး(၅၂/၂၀၁၉)ကို ယနေ့ နံနက် ၁၀ နာရီတွင် ပြည်ထောင်စုလွှတ်တော် D ဆောင် ဒုတိယထပ် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ခုနှစ်) ပြင်ဆင် ရေးပူးပေါင်းကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက၊ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးထွန်းအောင်(ခ)ဦးထွန်းထွန်းဟိန်၊ ပူးပေါင်းကော်မတီအတွင်းရေးမှူး ဒေါက်တာမြတ်ညွှာစိုး၊ တွဲဖက် အတွင်းရေးမှူး ဦးဌေးဝင်းအောင်(ခ) ဦးပြုံးချို၊ အဖွဲ့ဝင်များဖြစ်ကြသည့် နိုင်ငံရေးပါတီများမှ လွှတ်တော်ကိုယ်စားလှယ်များ၊ တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ်များနှင့် ပြည်ထောင်စုလွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

## ဖွဲ့စည်းပုံအခြေခံဥပဒေကို ဒုတိယအကြိမ်ပြင်ဆင်သည့် ဥပဒေမူကြမ်းလေ့လာစိစစ်ရေး ပူးပေါင်းကော်မတီများအစည်းအဝေးကျင်းပ

**နေပြည်တော် အောက်တိုဘာ ၂၀**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့်ဥပဒေမူကြမ်း လေ့လာစိစစ်ရေး ပူးပေါင်းကော်မတီများ အစည်းအဝေးကို ယနေ့ ညနေ ၄ နာရီတွင် ပြည်ထောင်စုလွှတ်တော် D ဆောင် ဒုတိယထပ် အစည်းအဝေးခန်းမ၌ ကျင်းပသည်။



အစည်းအဝေးသို့ ဖွဲ့စည်းပုံအခြေခံဥပဒေကို ဒုတိယအကြိမ်ပြင်ဆင်သည့် ဥပဒေမူကြမ်း လေ့လာစိစစ်ရေးပူးပေါင်းကော်မတီ ဥက္ကဋ္ဌ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီ ဥက္ကဋ္ဌ ဦးခင်မောင်ဝင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့်ဥပဒေမူကြမ်း လေ့လာစိစစ်ရေးပူးပေါင်းကော်မတီ ဒုတိယဥက္ကဋ္ဌ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ ဥက္ကဋ္ဌဦးဇော်မင်း၊ ပူးပေါင်းကော်မတီ အတွင်းရေးမှူး ဒေါက်တာမြတ်ညွှာစိုး၊ တွဲဖက် အတွင်းရေးမှူးဦးကျော်စိုးလင်း၊ ပူးပေါင်းကော်မတီဝင်များနှင့် ပြည်ထောင်စုလွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

သတင်းစဉ်

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက် (၃၀-၁၀-၂၀၁၉)

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာ စောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၁၁,၅၀၀ | ၁၁,၅၀၀ | ၂၆၁၈ | ၃၀,၁၀၇,၀၀၀ |
| MTSH | ၄,၀၀၀ | ၃,၉၅၀ | ၂,၀၅၀ | ၈,၁၇၀,၀၅၀ |
| MCB | ၈,၄၀၀ | ၈,၄၀၀ | ၇၉ | ၆၆၃,၆၀၀ |
| FPB | ၂၃,၅၀၀ | ၂၃,၅၀၀ | ၄၇ | ၁,၁၀၄,၅၀၀ |
| TMH | ၃,၀၀၀ | ၃,၀၀၀ | ၂၅၀၀ | ၇ ,၅၀၀,၀၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေ လဲလှယ်နှုန်း

**နေပြည်တော် အောက်တိုဘာ ၃၀**

ရန်ကုန်(ရွှေဈေး) ၁၂၁၄၅၀၀ မန္တလေး(ရွှေဈေး) ၁၂၁၄၅၀၀

| စက်သုံးဆီဈေးနှုန်း | | ရန်ကုန် | မန္တလေး |
|---|---|---|---|
| (က) ဒီဇယ် | တစ်လီတာ | ၉၂၀/၉၆၅ ကျပ် | ၉၇၀/၉၈၀ ကျပ် |
| (ခ) အောက်တိန်း ၉၅ | တစ်လီတာ | ၉၃၀/၉၆၀ ကျပ် | ၁၀၁၅/၁၀၁၅ ကျပ် |
| (ဂ) အောက်တိန်း ၉၂ | တစ်လီတာ | ၈၃၀/၈၆၅ ကျပ် | ၉၁၀/၉၁၀ ကျပ် |
| (ဃ) အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၉၃၀/၉၈၀ ကျပ် | ၉၈၅/၉၉၅ ကျပ် |

**ရန်ကုန် လက်ကားဈေး**

ဒီဇယ် တစ်လီတာ ၈၈၀/၈၈၅ ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၉၀၀ ကျပ်၊ အောက်တိန်း ၉၂ တစ်လီတာ ၈၄၀ကျပ်

(မြန်မာနိုင်ငံစက်သုံးဆီအသင်း)

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | |
|---|---|---|---|
| (က) အမေရိကန် | တစ်ဒေါ်လာ | = | ၁၅၂၈.၃ |
| (ခ) ဥရောပ | တစ်ယူရို | = | ၁၆၉၉.၁ |
| (ဂ) တရုတ် | တစ်ယွမ် | = | ၂၁၆.၆၁ |
| (ဃ) ထိုင်း | တစ်ဘတ် | = | ၅၀.၅၇၂ |
| (င) မလေးရှား | တစ်ရင်းဂစ် | = | ၃၆၅.၃၂ |
| (စ) အိန္ဒိယ | တစ်ရူပီး | = | ၂၁.၅၄၀ |
| (ဆ) ဂျပန် | တစ်ရာယန်း | = | ၁၄၀၄.၂ |
| (ဇ) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၃၂.၁၀ |
| (ဈ) ဩစတြေးလျ | တစ်ဒေါ်လာ | = | ၁၀၅၀.၀ |
| (ည) စင်ကာပူ | တစ်ဒေါ်လာ | = | ၁၁၂၁.၉ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်ဝက်ဘ်ဆိုက်မှ ရယူသည်။

ကြေးမုံ

စာတည်းမှူးချုပ် - ဦးဝင်းရွှေ
စာတည်းမှူး - ဦးဝင်းနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း
သတင်းထောက်မှူး - ဦးမြင့်စိုး
ဘာသာပြန်စာတည်းများ - ဦးဇော်ဝင်း၊ ဦးအောင်ကျော်ကျော်
အကြီးတန်းသတင်းထောက်များ - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဦးသက်ထွေး၊ ဦးကိုမင်း
အငယ်တန်းသတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဒေါ်စန်းယဉ်ဦး၊ ဒေါ်ခင်စုစုလှိုင်၊ ဒေါ်နေဇာဇာထွန်း၊ ဦးအေးမင်းသူ၊ ဒေါ်မာမာစိုး
ဓာတ်ပုံသတင်းထောက် - ဦးခင်မောင်ဝင်း

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။
၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။
themirror.npt@gmail.com
www.facebook.com/themirrordaily
နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅



☆ ရွှေဖုံးမှ

ထို့နောက် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့်ဇနီး ဒေါ်ချိုချို၊ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် ဧည့်ပရိသတ်များက နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ မန္တလေးမြို့ ဗန်းမော်ကျောင်းတိုက်ဆရာတော်ထံမှ ငါးပါးသီလခံယူဆောက်တည်ကြပြီး ဆရာတော်၊ သံဃာတော်များ ရွတ်ပွား သရဇ္ဈာယ်တော်မူကြသည့် ပရိတ်တရားတော်များကို နာယူကြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတနှင့်ဇနီးတို့က နိုင်ငံတော်သံဃမဟာနာယက အဖွဲ့ဥက္ကဋ္ဌ မန္တလေးမြို့ဗန်းမော်ကျောင်းတိုက်ဆရာတော်နှင့် ကထိန်အလှူခံ ဆရာတော် ပျဉ်းမနားမြို့ မဟာဓမ္မိကာရာမ

**စာမျက်နှာ ၄ သို့ ☆**

နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့်ဇနီး ဒေါ်ချိုချို၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် ဧည့်ပရိသတ်များက နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ မန္တလေးမြို့ ဗန်းမော်ကျောင်းတိုက်ဆရာတော်ထံမှ ငါးပါးသီလခံယူဆောက်တည်ကြစဉ်။





နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့်ဇနီး ဒေါ်ချိုချို နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ မန္တလေးမြို့ ဗန်းမော်ကျောင်းတိုက်ဆရာတော် ဒေါက်တာဘဒ္ဒန္တကုမာရာဘိဝံသထံ ကထိန်သင်္ကန်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် သာသနာ့မဟာဗိမာန်တော်အတွင်းရှိ ဗုဒ္ဓရုပ်ပွားတော် မြတ်အား မြသပိတ်ဆွမ်းတော် ဆက်ကပ်လှူဒါန်းစဉ်။



ဒုတိယသမ္မတ ဦးမြင့်ဆွေနှင့်ဇနီး ဒေါ်ခင်သက်ဌေး ဆရာတော်ထံ ကထိန်သင်္ကန်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။



ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ ဆရာတော်ထံ ကထိန်သင်္ကန်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။

## ပြည်တွင်းရေးရာ

☆ စာမျက်နှာ ၃ မှ

အုန်းတောကျောင်းတိုက် ပဓာနနာယက ဘဒ္ဒန္တတိသတို့ထံ ကထိန်သင်္ကန်း၊ ကထိန်လျာသင်္ကန်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများကို ဆက်ကပ်လှူဒါန်းသည်။

ဆက်လက်၍ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့ မင်းကျောင်း ပထမပြန်ပရိယတ္တိစာသင်တိုက် ပဓာနနာယက အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဒေါက်တာ ဘဒ္ဒန္တစန္ဒိမာဘိဝံသထံ ကထိန်သင်္ကန်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

ထို့နောက် ဒုတိယသမ္မတ ဦးမြင့်ဆွေနှင့်ဇနီး၊ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း၏ဇနီး နန့်ကြင်ကြည်၊ ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦးတို့က ကထိန်သင်္ကန်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများကို ဆရာတော်၊ သံဃာတော်များထံ ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး ဥက္ကဋ္ဌ ဦးမျိုးညွန့်၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်းနှင့်ဇနီး၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့် ဇနီး၊ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးထွန်းထွန်းဟိန်၏ဇနီး၊ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုရှေ့နေချုပ်၊ ပြည်ထောင်စုစာရင်းစစ်ချုပ်၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ၊ ငြိမ်းချမ်းရေးကော်မရှင်ဥက္ကဋ္ဌ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ အမျိုးသားလူ့အခွင့်အရေးကော်မရှင် ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ၊ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ရေ၊လေ)၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူးနှင့် ဒုတိယဝန်ကြီးများက ကထိန်သင်္ကန်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများကို ဆရာတော်၊ သံဃာတော်များထံ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့်ဇနီး၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် ဧည့်ပရိသတ်များက နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်၊ သန်လျင်မြို့ မင်းကျောင်းဆရာတော်ထံမှ ကထိန်အနုမောဒနာတရား နာကြားပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းလောင်း အမျှပေးဝေကြသည်။

အခမ်းအနားအပြီးတွင် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ဗန်းမော်ဆရာတော် အမှူးပြုသော ဆရာတော်၊ သံဃာတော်များအား နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့်ဇနီး ဒေါ်ချိုချို၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် ဧည့်ပရိသတ်များက နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြသည်။



နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ဗန်းမော်ကျောင်းတိုက် ဆရာတော် ဒေါက်တာ ဘဒ္ဒန္တကုမာရာဘိဝံသ အမှူးပြုသော ဆရာတော်၊ သံဃာတော်များအား နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့်ဇနီး ဒေါ်ချိုချို၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် ဧည့်ပရိသတ်များက နေ့ဆွမ်း ဆက်ကပ်လှူဒါန်းကြစဉ်။

ယနေ့ကျင်းပသည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၏ ကထိန်သင်္ကန်း ဆက်ကပ်လှူဒါန်းပွဲတွင် လှူဖွယ်ပစ္စည်းများနှင့် နဝကမ္မအလှူငွေ စုစုပေါင်း ကျပ်သိန်း ၄၃၀ ကျော်တို့ကို လှူဒါန်းခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**



အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း၏ဇနီး နန့်ကြင်ကြည် ဆရာတော်ထံ ကထိန်သင်္ကန်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။



ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦး ဆရာတော်ထံ ကထိန်သင်္ကန်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။



နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥက္ကဋ္ဌ ဦးမျိုးညွန့် ဆရာတော်ထံ ကထိန်သင်္ကန်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။



ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်းနှင့်ဇနီး ဒေါ်အေးသီတာ ဆရာတော်ထံ ကထိန်သင်္ကန်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။

ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ အခြေခံပညာဦးစီးဌာနနှင့် တောင်ငူခရိုင်စီမံခန့်ခွဲမှုကော်မတီတို့
ပူးပေါင်းစီစဉ်ကျင်းပသော
ကလေးစာပေပွဲတော်
စာအုပ်စာပေပြပွဲ နှင့် စာအုပ်ဈေးရောင်းပွဲ
( တောင်ငူမြို့ )
၂၀၁၉ခုနှစ်၊ နိုဝင်ဘာလ (၂၊ ၃)ရက်၊ (စနေ၊ တနင်္ဂနွေ)နေ့၊ နံနက် ၉ နာရီမှ ညနေ ၅ နာရီထိ
မည်သူမဆို ပါဝင်ဆင်နွှဲနိုင်ပါသည်။
ခပေါင်းခန်းမ၊ တောင်ငူမြို့။

ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့၏ စီစဉ်မှုဖြင့် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊
အခြေခံပညာဦးစီးဌာနနှင့် ပုသိမ်ခရိုင်စီမံခန့်ခွဲမှုကော်မတီတို့ ပူးပေါင်းစီစဉ်ကျင်းပသော
ကလေးစာပေပွဲတော်
စာအုပ်စာပေပြပွဲ နှင့် စာအုပ်ဈေးရောင်းပွဲ
( ချောင်းသာမြို့ )
၂၀၁၉ ခုနှစ် ၊ နိုဝင်ဘာလ (၁၊၂)ရက်၊ (သောကြာ၊ စနေ)နေ့ ၊ နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ
မည်သူမဆို ပါဝင်ဆင်နွှဲနိုင်ပါသည်။
အခြေခံပညာအထက်တန်းကျောင်း၊ ချောင်းသာမြို့ ။


ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့် ဇနီး ဒေါ်သန်းသန်းနွယ် ဆရာတော်ထံ ကထိန်သင်္ကန်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။ (သတင်း-ရှေ့ဖုံး)


ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးထွန်းထွန်းဟိန်၏ဇနီး ဒေါက်တာစိန်စိန်သိမ်း ဆရာတော်ထံ ကထိန်သင်္ကန်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။ (သတင်း-ရှေ့ဖုံး)


အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင် ဆရာတော်ထံ ကထိန်သင်္ကန်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။ (သတင်း-ရှေ့ဖုံး)

# စာကြည့်တိုက်ပညာသင်တန်း ( ၂/ ၂၀၁၉) ဖွင့်လှစ်မည်

**ရန်ကုန် အောက်တိုဘာ ၃၀**

မြန်မာနိုင်ငံစာကြည့်တိုက်အသင်းက ကြီးမှူး၍ စာကြည့်တိုက်ပညာနှင့် စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရည်ရွယ်လျက် စာကြည့်တိုက်ပညာသင်တန်း ( ၂/ ၂၀၁၉) ကို နိုဝင်ဘာ ၂၅ ရက်မှ ဒီဇင်ဘာ ၂၀ ရက်အထိ ဖွင့်လှစ်သင်ကြားပေးမည်ဖြစ်သည်။ သင်တန်းကို ရန်ကုန်မြို့ ပြည်လမ်း စိန်ရတုခန်းမရှိ မြန်မာနိုင်ငံစာကြည့်တိုက်အသင်းခန်းမ(၂)တွင် ဖွင့်လှစ်မည်ဖြစ်သည်။ အဆိုပါသင်တန်းသို့ စာကြည့်တိုက်ပညာကို စိတ်ဝင်စားသင်ကြားလိုသည့် မည်သူမဆို တက်ရောက်နိုင်ပြီး စာရွက်စာတမ်းကြေး ငွေကျပ် ၂၀၀၀၀ ပေးသွင်းရမည်ဖြစ်သည်။

သင်တန်းလျှောက်လွှာများကို မြန်မာနိုင်ငံစာကြည့်တိုက်အသင်း သင်တန်းခန်းမ(၂) နှင့် စာပေဗိမာန်စာကြည့်တိုက် အမှတ်(၅၂၉/ ၅၃၁) ကုန်သည်လမ်း ကျောက်တံတားမြို့နယ် ရန်ကုန်မြို့တို့တွင် ရယူနိုင်ပြီး လျှောက်လွှာများကို နိုဝင်ဘာ ၂၃ ရက် နောက်ဆုံးထား၍ အထက်ဖော်ပြပါ လိပ်စာများသို့ လိပ်မူ၍ဖြစ်စေ၊ Email ဖြင့် myanmarlibraryassociation.mla@gmail.com သို့ဖြစ်စေ ပေးပို့နိုင်သည်။ သိရှိလိုသောအချက်အလက်များကို ဖုန်း-၀၉- ၂၅၄၈၀၃၇၇၀ သို့ ဆက်သွယ်မေးမြန်းနိုင်သည်။

**ခင်နှင်းဦး(MLA)**

# မြန်မာနိုင်ငံစာကြည့်တိုက်အသင်း နှစ်ပတ်လည်အစည်းအဝေး ကျင်းပမည်

**ရန်ကုန် အောက်တိုဘာ ၃၀**

မြန်မာနိုင်ငံစာကြည့်တိုက်အသင်း၏ နှစ်ပတ်လည်အစည်းအဝေးကို နိုဝင်ဘာ ၁၆ ရက် နံနက် ၁၀ နာရီတွင် ရန်ကုန်တက္ကသိုလ် စိန်ရတုခန်းမ (တတိယထပ်)၌ ကျင်းပမည်ဖြစ်သည်။

အဆိုပါနှစ်ပတ်လည်အစည်းအဝေးတွင် "၂၁ ရာစု စာကြည့်တိုက်များနှင့် စာကြည့်တိုက်မှူးများ၏ အခန်းကဏ္ဍ" ခေါင်းစဉ်ဖြင့် ဆွေးနွေးပွဲကို မွန်းလွဲ ၁ နာရီခွဲမှ ညနေ ၃ နာရီခွဲအထိ ကျင်းပမည်ဖြစ်ပြီး မြန်မာနိုင်ငံစာကြည့်တိုက်အသင်းဝင်များ၊ စာကြည့်တိုက်လုပ်ငန်းကို လက်တွေ့ဆောင်ရွက်နေသူများအားလုံး တက်ရောက်ပါဝင်ဆွေးနွေးကြပါရန် ဖိတ်ခေါ်ထားကြောင်း သိရသည်။

**ရွှေနန်းမေ(ပြန်/ဆက်)**

# ပြည်သူ့လွှတ်တော် ပြည်သူ့ငွေစာရင်းကော်မတီဥက္ကဋ္ဌ ဦးအောင်မင်း ဒိန်းမတ်ပါလီမန် ပြည်သူ့ငွေစာရင်း ကော်မတီဥက္ကဋ္ဌနှင့်အဖွဲ့အား လက်ခံတွေ့ဆုံ

**နေပြည်တော် အောက်တိုဘာ ၃၀**

ပြည်သူ့လွှတ်တော် ပြည်သူ့ငွေစာရင်းကော်မတီ ဥက္ကဋ္ဌ ဦးအောင်မင်းသည် ဒိန်းမတ်ပါလီမန် ပြည်သူ့ငွေစာရင်းကော်မတီဥက္ကဋ္ဌ Mr. Henrik Thorup Gamst နှင့်အဖွဲ့အား ယနေ့ ညနေ ၃ နာရီခွဲတွင် နေပြည်တော်ရှိ လွှတ်တော်ရေးရာဆောင် အဆောင်အမှတ် (I–1) ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် နှစ်နိုင်ငံလွှတ်တော်များရှိ ပြည်သူ့ငွေစာရင်းကော်မတီ၏ လုပ်ငန်းတာဝန်များနှင့် အရေးပါမှုအခန်းကဏ္ဍများကို ရင်းနှီးပွင့်လင်းစွာ အပြန်အလှန် ဆွေးနွေးခဲ့ကြသည်။

**သတင်းစဉ်**



# ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ် UNHCR ၏ မြန်မာနိုင်ငံဆိုင်ရာ ဌာနေကိုယ်စားလှယ်အား လက်ခံတွေ့ဆုံ



နေပြည်တော်　အောက်တိုဘာ ၃၀

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်သည် ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး (UNHCR)၏ မြန်မာနိုင်ငံဆိုင်ရာ ဌာနေကိုယ်စားလှယ် Mr. Johan Cels အား ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော် အဆောက်အအုံ ပြည်သူ့လွှတ်တော် ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

### အမြင်ချင်းဖလှယ် ဆွေးနွေး

တွေ့ဆုံစဉ် ကမ္ဘာတစ်ဝန်း လူနေမှုဘဝလုံခြုံရေး၊ လူ့အခွင့်အရေး ကာကွယ်စောင့်ရှောက်ရေးနှင့် ဒုက္ခသည်များ၊ နိုင်ငံမဲ့များနှင့် အိုးအိမ်စွန့်ခွာနေရသူများအတွက် ပိုမိုကောင်းမွန်သော အနာဂတ်များတည်ဆောက်ရေးဆိုင်ရာ ကိစ္စရပ်များတွင် အလေးထားလုပ်ဆောင်နေမှုများ၊ လွှတ်တော်ကိုယ်စားလှယ်များနှင့် လွှတ်တော်ရုံးဝန်ထမ်းများ၏ ဥပဒေပြုရေးဆိုင်ရာ အတွေ့အကြုံဖလှယ်ရေးနှင့် အရည်အသွေးမြှင့်တင်ရေးအတွက် အလုပ်ရုံဆွေးနွေးပွဲများ၊ နှီးနှောဖလှယ်ပွဲများ ကျင်းပပြုလုပ်ရေးဆိုင်ရာ ကိစ္စရပ်များ၊ လွှတ်တော်၏ ဥပဒေပြုရေး လုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

**သတင်းစဉ်**

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ် ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး (UNHCR)၏ မြန်မာနိုင်ငံဆိုင်ရာ ဌာနေကိုယ်စားလှယ် Mr. Johan Cels အား လက်ခံတွေ့ဆုံစဉ်။

# ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရဲအောင် ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ်(စစ်ကိုင်း)ရှိ ဝိဇ္ဇာဘွဲ့၊ သိပ္ပံဘွဲ့နှင့် A.G.T.I ဒီပလိုမာသင်တန်းအမှတ်စဉ် (၁၄) ဆင်းပွဲ အခမ်းအနား တက်ရောက်






နေပြည်တော်　အောက်တိုဘာ ၃၀

ဝိဇ္ဇာဘွဲ့၊ သိပ္ပံဘွဲ့နှင့် A.G.T.I ဒီပလိုမာသင်တန်း အမှတ်စဉ် (၁၄)၏ သင်တန်းဆင်းပွဲနှင့် အလုပ်ခန့်အပ်လွှာပေးအပ်ပွဲအခမ်းအနားကို စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့နယ်ရှိ ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ် (စစ်ကိုင်း) ဘွဲ့နှင်းသဘင်ခန်းမ၌ ယနေ့ နံနက် ၉ နာရီတွင် ကျင်းပသည်။

အခမ်းအနားသို့ စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင်၊ စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးများ၊ နယ်စပ်ရေးရာဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ်၊ ပါမောက္ခချုပ်၊ ကျောင်းအုပ်ကြီး၊ ပါမောက္ခ၊ ဆရာ ဆရာမများ၊ သင်တန်းဆင်း ကျောင်းသား ကျောင်းသူများနှင့် မိဘဆွေမျိုးများ တက်ရောက်ကြသည်။

### ၁၇၇၃ ဦး မွေးထုတ်ပေးနိုင်ခဲ့

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရဲအောင်က နယ်စပ်ရေးရာဝန်ကြီးဌာနအနေဖြင့် နယ်စပ်ဒေသများ၏ ဖွံ့ဖြိုးတိုးတက်ရေးနှင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ကြိုးပမ်းဆောင်ရွက်ပေးလျက်ရှိကြောင်း၊ နယ်စပ်ဒေသရှိ တိုင်းရင်းသားလူငယ်များအား အခြေခံ၊ အဆင့်မြင့်ပညာရပ်များ လေ့ကျင့်သင်ကြားပေးပြီး နယ်စပ်ဒေသများ၏ လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် ပူးပေါင်းပါဝင်ဆောင်ရွက်နိုင်ရန် ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ် (ရန်ကုန်)နှင့် (စစ်ကိုင်း)တို့ကို ထူထောင်ဖွင့်လှစ်ပေးလျက်ရှိကြောင်း၊ ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ် (စစ်ကိုင်း)ကို စတင်ဖွင့်လှစ်သည့်အချိန်မှ ယနေ့အထိ ဝိဇ္ဇာဘွဲ့ ၃၅၉ ဦး၊ သိပ္ပံဘွဲ့ ၆၇၀၊ B.Tech ၁၃၉ ဦး၊ အင်ဂျင်နီယာဒီပလိုမာ ၆၀၅ ဦး စုစုပေါင်း တိုင်းရင်းသားလူငယ် ၁၇၇၃ ဦး မွေးထုတ်ပေးနိုင်ခဲ့ပြီး ၎င်းတို့အနက်မှ အရည်အချင်းပြည့်မီ၍ ဆက်လက်သင်ယူလေ့လာခဲ့ကြရာ Ph.D ဘွဲ့ ၁၈ ဦး၊ မဟာဝိဇ္ဇာဘွဲ့ ၄၆ ဦး၊ မဟာသိပ္ပံဘွဲ့ ၉၄ ဦး၊ ME ၁၉ ဦး၊ BE ၂၆၂ ဦး၊ B.Tech ၂၀၇ ဦး ရှိပြီဖြစ်ကြောင်း။

ယနေ့ခေတ်သည် ပညာခေတ်ဖြစ်သည်နှင့်အညီ စွမ်းဆောင်ရည်မြင့်မားသည့် ဝန်ထမ်းများဖြစ်လာစေရေး အစဉ်လေ့လာသင်ယူနေသည့် လူ့ဘောင်အဖွဲ့အစည်းအတွင်းတွင် Long Life Learning အနေဖြင့် လက်ရှိထက်ပိုပြီး အဆင့်မြင့်သည့် မဟာဘွဲ့သင်တန်း၊ ပါရဂူဘွဲ့သင်တန်းများကို နိုင်ငံ့တာဝန်များ ထမ်းဆောင်ကြရင်း တစ်ပြိုင်နက် ဆက်လက်တက်ရောက်ဆည်းပူးနိုင်အောင် ကြိုးစားသွားကြရန်၊ ပြောင်းလဲလာသည့်ခေတ်နှင့်အညီ အင်္ဂလိပ်စာနှင့် ICT နည်းပညာများကိုလည်း မျက်ခြည်မပြတ်လေ့လာသွားကြရန်၊ ICT နည်းပညာနှင့် Social Media တို့ကိုလည်း မိမိကိုယ်တိုင်၊ မိမိပတ်ဝန်းကျင်နှင့် မိမိနိုင်ငံကောင်းကျိုးရရှိစေရေးအတွက်သာ အသိသတိဖြင့် အသုံးပြုလေ့လာကြရန်နှင့် မိမိတို့၏ ကိုယ်ပိုင်အရည်အချင်း၊ အရည်အသွေးများ ပိုမိုမြင့်မားလာအောင်လည်း စဉ်ဆက်မပြတ် လေ့လာဆည်းပူးသွားကြရန် မှာကြားလိုကြောင်း။

သင်တန်းဆင်းမောင်မယ်တို့အနေဖြင့် သက်ဆိုင်ရာဝန်ကြီးဌာန အသီးသီးမှာ "နိုင်ငံ့ဝန်ထမ်း" များအဖြစ် တာဝန်ထမ်းဆောင်ကြတော့မည်ဖြစ်သဖြင့် လုပ်ရည်ကိုင်ရည်ရှိသည့်၊ ယုံကြည်ချက်ခိုင်မာမှုရှိသည့်၊ ကျင့်ဝတ်သိက္ခာပြည့်စုံသည့်၊ ဘက်လိုက်မှုကင်းရှင်းစွာဖြင့် အစွမ်းကုန်ကြိုးစားဆောင်ရွက်ရေး၊ ဝန်ထမ်းတစ်ဦးချင်း၏ စွမ်းဆောင်ရည်မြင့်မားတိုးတက်စေရေး အခြေခံအုတ်မြစ်များဖြစ်သည့် စရိုက်လက္ခဏာကောင်းမွန်မှု၊ ကိုယ်ကျင့်တရားကောင်းမွန်မှု၊ တန်းတူညီမျှမှု၊ စွမ်းဆောင်ရည်ပြည့်ဝမှုတို့ဖြင့် ပြည့်စုံသူများဖြစ်လာစေရန် လိုအပ်ကြောင်း။

### တိုက်တွန်းမှာကြား

ထို့အပြင် တာဝန်ကျရာဒေသများတွင် မိမိတို့၏ ဌာနတာဝန်များအပြင် တိုင်းပြည်၏ အပစ်အခတ်ရပ်စဲရေးမှ ငြိမ်းချမ်းတည်ငြိမ်ရေးရရှိသည်အထိ ကျရာကဏ္ဍမှ ပူးပေါင်းပါဝင်ဆောင်ရွက်သွားကြရန်၊ မိမိကိုယ်တိုင်က မူးယစ်ဆေးဝါးကင်းစင်သည့်သူဖြစ်ဖို့လိုသလို ဒေသခံပြည်သူလူထုကိုလည်း မူးယစ်ဆေးဝါးကင်းစင်သူများ၊ မူးယစ်ကင်းစင်သည့် ပတ်ဝန်းကျင်ဖြစ်အောင် ဝိုင်းဝန်းဆောင်ရွက်ကြရန်၊ ရောက်ရှိရာဒေသများရှိ တိုင်းရင်းသားလူမျိုးများ၏ ယဉ်ကျေးမှု၊ စာပေနှင့် ဓလေ့ထုံးစံများကို အစဉ်မြတ်နိုးစွာ ထိန်းသိမ်းသွားကြရန်၊ မူလလုပ်ငန်းတာဝန်များအပြင် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းခြင်းဆိုင်ရာ လုပ်ငန်းများ၊ အသိပညာပြန့်ပွားဖြန့်ဝေရေးလုပ်ငန်းများကိုလည်း တတ်နိုင်သရွေ့ စီမံဆောင်ရွက်ပေးကြရန်၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျရာကဏ္ဍမှ မိမိတို့ထမ်းဆောင်ရမည့် တာဝန်ဝတ္တရားများကို စေတနာထားပြီး တာဝန်သိမှု၊ တာဝန်ခံမှု၊ တာဝန်ယူမှုများနှင့် ဇွဲ၊ လုံ့လ၊ ဝီရိယ၊ ကျွမ်းကျင်မှု၊ လေ့လာဆည်းပူးမှုနှင့်အတူ ပေးအပ်သည့်တာဝန်များအပေါ် အကောင်းဆုံးဖြစ်အောင် ထမ်းဆောင်ကြရန် တိုက်တွန်းမှာကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက ဝိဇ္ဇာဘာသာရပ်ထူးချွန်ဆုရ ကျောင်းသားနှင့် သိပ္ပံဘာသာရပ်ထူးချွန်ဆုရ ကျောင်းသားတို့အား လည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင်က A.G.T.I ထူးချွန်ဆုရရှိသူအား လည်းကောင်း ထူးချွန်ဆုများပေးအပ်ချီးမြှင့်ခဲ့သည်။ ယင်းနောက် ဝန်ကြီးဌာန ၁၃ ခုတို့မှ ကိုယ်စားလှယ်များက ဝန်ကြီးဌာနအသီးသီးသို့ အလုပ်တာဝန်ခန့်အပ်ခြင်းခံရသော သင်တန်းဆင်း ကျောင်းသား ကျောင်းသူ ၂၀၆ ဦးတို့ကို အလုပ်ခန့်အပ်လွှာများ ပေးအပ်သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် သင်တန်းဆင်းကျောင်းသား ကျောင်းသူများနှင့် ၎င်းတို့၏မိဘများကို ခင်မင်ရင်းနှီးစွာနှုတ်ဆက်ပြီး ဘွဲ့နှင်းသဘင်ဧည့်ခန်း၌ ထူးချွန်ဆုရ ကျောင်းသား ကျောင်းသူများအား အားပေးစကားပြောကြားသည်။

ယင်းနောက် နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် ဧည့်သည်တော်များသည် သင်တန်းဆင်း ကျောင်းသား ကျောင်းသူများနှင့် အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံ ရိုက်ကြသည်။

### တက်ရောက်အောင်မြင်

ညနေပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့် ဇနီးတို့က သင်တန်းဆင်း ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုညနေစာဖြင့် တည်ခင်းဧည့်ခံသည်။

ယနေ့ကျင်းပသော ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ် (စစ်ကိုင်း) ဝိဇ္ဇာဘွဲ့၊ သိပ္ပံဘွဲ့နှင့် A.G.T.I ဒီပလိုမာသင်တန်း အမှတ်စဉ် (၁၄)တွင် ဝိဇ္ဇာဘွဲ့ ၄၆ ဦး၊ သိပ္ပံဘွဲ့ ၈၄ ဦးနှင့် A.G.T.I ဒီပလိုမာ ၇၆ ဦး၊ တိုင်းဒေသကြီး၊ ပြည်နယ်နှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများမှ တိုင်းရင်းသားလူငယ်မောင်မယ် စုစုပေါင်း ၂၀၆ ဦး တက်ရောက်အောင်မြင်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

**❖ အာရှ ယူ-၁၉ မှ**

တပ်မတော် (ရေ) အသင်းကို သုံးဂိုး-ဂိုးမရှိ၊ အောက်တိုဘာ ၂၇ ရက်က ကစားသည့်ခြေစမ်းပွဲ၌ လာအို ယူ-၁၉ အသင်းကို နှစ်ဂိုး-ဂိုးမရှိတို့ဖြင့် အနိုင်ရခဲ့သည်။

မြန်မာ ယူ-၁၉ အသင်းသည် နောက်ဆုံးကစားထားသည့် ခြေစမ်းပွဲတွင် လာအိုအသင်းကို အနိုင်ရခဲ့သော်လည်း ခြေစွမ်းပိုင်းအရ လိုအပ်ချက်များ ရှိနေသေးသောကြောင့် ခြေစစ်ပွဲမတိုင်မီ ပြင်ဆင်ရမည်ဖြစ်သည်။ တောင်ပံကစားသမားနှစ်ဦးဖြစ်သည့် ဟိန်းထက်အောင်နှင့် ပြည့်စုံနိုင်ကိုလည်း ယူ-၂၂ အသင်းသို့ ပေးထားရပြီး နိုဝင်ဘာ ၁ ရက်မှသာ ပြန်လည်ပူးပေါင်းနိုင်မည်ဖြစ်ရာ ယင်းကစားသမားနှစ်ဦး ရောက်ရှိလာပြီးမှ ခြေစစ်ပွဲယှဉ်ပြိုင်မည့် ကစားသမား ၂၃ ဦးကို ရွေးချယ်မည်ဖြစ်သည်။

အာရှ ယူ-၁၉ ခြေစစ်ပွဲကို နိုဝင်ဘာ ၆ ရက်မှ ၁၀ ရက်အထိ ကျင်းပမည်ဖြစ်သည်။

**သတင်း-ရှိုင်းထက်ဇော်၊ ဓာတ်ပုံ-စိုးညွှန့်**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူ “ကျွန်ုပ်တို့၏ သမုဒ္ဒရာ”ညီလာခံ တက်ရောက်




**နေပြည်တော် အောက်တိုဘာ ၃၀**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူသည် အောက်တိုဘာ ၂၃ ရက်တွင် နော်ဝေနိုင်ငံ အော်စလိုမြို့၌ ကျင်းပပြုလုပ်သော “ကျွန်ုပ်တို့၏ သမုဒ္ဒရာ”ညီလာခံသို့ တက်ရောက်ခဲ့သည်။

အဆိုပါညီလာခံတွင် နော်ဝေနိုင်ငံဝန်ကြီးချုပ် Ms. Erna Solberg က အဖွင့်အမှာစကားပြောကြားပြီး ကမ္ဘာ့နိုင်ငံအသီးသီးမှ ဝန်ကြီးများနှင့် သိပ္ပံပညာရှင်များက သမုဒ္ဒရာများရင်ဆိုင်နေရသည့် ပြဿနာများအပေါ် ကမ္ဘာလုံးဆိုင်ရာ တုံ့ပြန်ချက်နှင့် ရာသီဥတုပြောင်းလဲမှုအပေါ် အရေးယူဆောင်ရွက်မှု၊ သမုဒ္ဒရာများ ညစ်ညမ်းမှုအပေါ် အကောင်အထည်ဖော်ဆောင်ရွက်မှု၊ ငါးအလွန်အကျွံ ဖမ်းဆီးမှုနှင့် ရေလုပ်ငန်းစီမံအုပ်ချုပ်မှုဆိုင်ရာ စိန်ခေါ်မှုများအပေါ် အရေးယူဆောင်ရွက်မှု၊ သမုဒ္ဒရာများမှ ရရှိမည့်အစားအစာနှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ၊ ရေရှည်တည်တံ့သော ပင်လယ်သမုဒ္ဒရာ စီးပွားရေးတည်ဆောက်ခြင်း၊ သမုဒ္ဒရာများ သန့်မာအားကောင်းရေး စသည့်ခေါင်းစဉ်များဖြင့် ဆွေးနွေးကြသည်။

ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူက ရေရှည်တည်တံ့သော ငါးလုပ်ငန်းအခန်းကဏ္ဍတွင် မြန်မာ့ရေပြင်အတွင်း အထူးငါးလုပ်ငန်း စီမံခန့်ခွဲသည့်ဇရိယာများနှင့် ငါးသယံဇာတ ထိန်းသိမ်းရေးဇုန်များ ထပ်မံတိုးချဲ့သတ်မှတ် အကောင်အထည်ဖော်ဆောင်ရွက်သွားမည့် အစီအစဉ်များကို ဆွေးနွေးပြောကြားခဲ့သည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် တောင်ကိုရီးယားသမ္မတနိုင်ငံ ပင်လယ်၊ သမုဒ္ဒရာနှင့် ငါးလုပ်ငန်းဝန်ကြီး Mr.MoonSeong-hyeok နှင့်တွေ့ဆုံပြီး နှစ်နိုင်ငံ ငါးလုပ်ငန်းဖွံ့ဖြိုးရေးဆိုင်ရာ လုပ်ငန်းရပ်များနှင့် အပြန်အလှန် ပူးပေါင်းဆောင်ရွက်မည့် အစီအစဉ်များကို ဆွေးနွေးခဲ့ကြသည်။

ပြည်ထောင်စုဝန်ကြီးသည် အောက်တိုဘာ ၂၄ ရက် မွန်းလွဲပိုင်းတွင် နော်ဝေနိုင်ငံ အပြည်ပြည်ဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန ဝန်ကြီး Mr.Dag-Inge Ulstein နှင့် တွေ့ဆုံပြီး မြန်မာနိုင်ငံ၏ ငါးလုပ်ငန်းနယ်ပယ်တွင် စွမ်းဆောင်ရည် မြင့်မားလာရေးနှင့် သယံဇာတရင်းမြစ်စီမံခန့်ခွဲမှုများအတွက် “ဖွံ့ဖြိုးတိုးတက်မှုအတွက် ငါးလုပ်ငန်းကဏ္ဍ ” အစီအစဉ်ဖြင့် နော်ဝေနိုင်ငံမှ ပံ့ပိုးကူညီပေးနေသည့် လုပ်ငန်းစဉ်များကို ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



# ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်ထံ မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂဌာနေ ညှိနှိုင်းရေးမှူးခန့်အပ်လွှာ ပေးအပ်

**နေပြည်တော် အောက်တိုဘာ ၃၀**

အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်သည် မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂဌာနေညှိနှိုင်းရေးမှူးအဖြစ် ခန့်အပ်ခြင်းခံရသူ Mr. Ola Almgren အား ယနေ့ မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။ ယင်းသို့တွေ့ဆုံစဉ် Mr. Ola Almgren က ၎င်း၏ ခန့်အပ်လွှာကို ပြည်ထောင်စုဝန်ကြီးထံ ပေးအပ်သည်။

ယင်းနောက် တွေ့ဆုံဆွေးနွေးရာတွင် မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးနှင့် အမျိုးသားပြန်လည်သင့်မြတ်ရေး၊ ဒီမိုကရေစီဖော်ဆောင်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုးပမ်းဆောင်ရွက်မှုများနှင့် မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း (MSDP) အကောင်အထည်ဖော်ရေးတို့တွင် ကုလသမဂ္ဂနှင့် ပိုမိုထိရောက်စွာ ပူးပေါင်းဆောင်ရွက်သွားရေး၊ ကုလသမဂ္ဂဌာနေညှိနှိုင်းရေးမှူးစနစ်သစ်၏ အခန်းကဏ္ဍ၊ ရခိုင်ပြည်နယ်မှ နေရပ်စွန့်ခွာသူများအား ပြန်လည်လက်ခံရေးနှင့် နေရပ်ပြန်လာမည့်သူများအတွက် ပတ်ဝန်းကျင်ကောင်းများ ဖန်တီးပေးနိုင်ရေးတို့အတွက် မြန်မာနိုင်ငံအစိုးရ၏ ကြိုးပမ်းဆောင်ရွက်မှုအခြေအနေများနှင့်စပ်လျဉ်း၍ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

**သတင်းစဉ်**

# အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆိုင်ရာ စစ်တမ်းကောက်ယူမှုလုပ်ငန်းများ နည်းပညာအကူအညီပေးရေးအတွက် ရည်ရွယ်သောစာလွှာ လက်မှတ်ရေးထိုး

**နေပြည်တော် အောက်တိုဘာ ၃၀**

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံးနှင့် ဒိန်းမတ်နိုင်ငံတို့အကြား အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆိုင်ရာ စစ်တမ်းကောက်ယူခြင်း၊ ဆန်းစစ်အကဲဖြတ်သုံးသပ်ခြင်း လုပ်ငန်းများတွင် စွမ်းဆောင်ရည်မြှင့်တင်ရေးအတွက် နည်းပညာအကူအညီပေးရေး ရည်ရွယ်သောစာလွှာ Letter of Intent (LoI) လက်မှတ်ရေးထိုးခြင်းအခမ်းအနားကို ယနေ့ မွန်းလွဲ ၂ နာရီက နေပြည်တော်ရှိ Hilton Hotel ၌ ကျင်းပသည်။

အခမ်းအနားတွင် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ဥက္ကဋ္ဌ ဦးအောင်ကြည်နှင့် ဒိန်းမတ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန State Secretary for Development Policy, Ms. Trine Rask Thygesen တို့က အမှာစကားပြောကြားကြသည်။

ယင်းနောက် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံး စီမံရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးထင်ကျော်နှင့် မြန်မာနိုင်ငံဆိုင်ရာ ဒိန်းမတ်သံအမတ်ကြီး Mr. John Nielsen တို့က အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆိုင်ရာ စစ်တမ်းကောက်ယူမှုလုပ်ငန်းများတွင် နည်းပညာအကူအညီပေးရေးအတွက် ရည်ရွယ်သောစာလွှာအား လက်မှတ်ရေးထိုးခဲ့ကြသည်။

ထို့နောက် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ဥက္ကဋ္ဌနှင့် ဒိန်းမတ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန State Secretary for Development Policy တို့သည် ဖြောင့်မတ်တည်ကြည်မှုမြှင့်တင်ရေးဆိုင်ရာလုပ်ငန်းများ၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးလုပ်ငန်းများနှင့်ပတ်သက်၍ သီးခြားတွေ့ဆုံဆွေးနွေးခဲ့ကြသည်။

**သတင်းစဉ်**







# သက်ငယ်မုဒိမ်းမှုများပပျောက်ရေး အသိပညာပေးဟောပြောပွဲ ကျင်းပ

**မန္တလေး အောက်တိုဘာ ၃၀**

မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ် မှန်တန်းရပ်ကွက် ဒန်တပင်ရပ်ရှိ "မြဟာသီ" အရက်ပုလင်းသွပ်စက်ရုံ၌ ယနေ့ နံနက်ပိုင်းက အမရပူရရဲစခန်းမှ နယ်ထိန်းခေါင်းဆောင် ဒု-ရဲအုပ်သက်ပိုင်စိုးနှင့် တပ်ဖွဲ့ဝင်များက မိတ်ဖက်အဖွဲ့အစည်းများ၊ သက်ဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့ဝင်များနှင့်အတူ "သက်ငယ်မုဒိမ်းမှုပပျောက်ရေး" အသိပေးပညာပေးဟောပြောပွဲကို ကျင်းပခဲ့ရာ အမျိုးသား အမျိုးသမီး ၅၀ ခန့် တက်ရောက်ခဲ့သည်။ ဟောပြောပွဲ၌ သက်ငယ်မုဒိမ်းမှုမဖြစ်ပွားစေရန်၊ မှုခင်းသတိ၊ မှုခင်းအသိဖြင့် နေထိုင်သွားကြရန်၊ အထူးသဖြင့် အသက်အရွယ်ငယ်သေးသော အမျိုးသမီးကလေးငယ်များအား လူကြီးမိဘများ၏ အနီးကပ်အုပ်ထိန်းစောင့်ရှောက်မှုအောက်တွင် နေထိုင်သွားကြရန်၊ အယုံလွယ်ခြင်း၊ ပေါ့လျော့စွာ နေထိုင်သွားလာခြင်း၊ မြန်မာ့ယဉ်ကျေးမှုနှင့် ဆန့်ကျင်သောဝတ်စားဆင်ယင်မှုမျိုးအား ဆင်ခြင်သတိပြုကြရန် တိုက်တွန်းပြောကြားခဲ့ပြီး ဥပဒေရေးရာများအား အခါအားလျော်စွာ ရဲတပ်ဖွဲ့သို့ အကြံဉာဏ်ရယူစေလိုကြောင်းနှင့် ရဲတပ်ဖွဲ့မှ ကူညီစောင့်ရှောက်ရန် တံခါးဖွင့်လှစ်ကြိုဆို ကူညီဆောင်ရွက်လျက်ရှိကြောင်း ဟောပြောခဲ့သည်။

**မန်း(ကိုယ်ပွား)**



# ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်နှင့်အဖွဲ့ ဂျပန်နိုင်ငံမှ ပြန်လည်ရောက်ရှိ

**ရန်ကုန် အောက်တိုဘာ ၃၀**

ဂျပန်နိုင်ငံတွင် ရုပ်ရှင်စတူဒီယိုနှင့် သင်တန်းကျောင်းများ၊ ရုပ်ရှင်စာကြည့်တိုက်၊ ပြတိုက်နှင့် မော်ကွန်းတိုက်များ၊ ရုပ်သံနှင့် သတင်းဌာနများ၊ ရုပ်ရှင်ဝန်ဆောင်မှုနှင့် ထုတ်လုပ်မှုကုမ္ပဏီများ လေ့လာရေးခရီးစဉ်နှင့် တိုကျိုနိုင်ငံတကာရုပ်ရှင်ပွဲတော် တက်ရောက်ခဲ့ကြသော ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်နှင့်အဖွဲ့သည် ယနေ့ ညနေပိုင်းတွင် ရန်ကုန်မြို့သို့ လေကြောင်းခရီးဖြင့် ပြန်လည်ရောက်ရှိကြသည်။

**ကြိုဆိုနှုတ်ဆက်**

ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့အား မြန်မာနိုင်ငံဆိုင်ရာ ဂျပန်နိုင်ငံသံရုံးမှ သံရုံးဒုတိယအကြီးအကဲ မစ္စတာတော်ရုမာအဲဒနှင့် ပြန်ကြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြသည်။

ပြည်ထောင်စုဝန်ကြီးနှင့် အတူ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးရဲနိုင်၊ ရုပ်ရှင်မြှင့်တင်ရေးဌာနခွဲမှ ညွှန်ကြားရေးမှူး ဦးသိန်းနိုင်၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ဒုတိယညွှန်ကြားရေးမှူး ဒေါ်သိလ္လာစိုး၊ သတင်းနှင့် စာနယ်ဇင်းလုပ်ငန်းမှ စာတည်း ဒေါ်ခင်ရတနာ၊ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး ဥက္ကဋ္ဌ ဦးဇင်ဝိုင်း၊ ဒါရိုက်တာ အေဝမ်း ဦးသိန်းထွဋ်၊ Save Myanmar Film မှ ဒါရိုက်တာဦးဥက္ကာတို့လည်း ပြန်လည်လိုက်ပါလာကြသည်။

**သတင်းစဉ်**




ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်နှင့်အဖွဲ့အား မြန်မာနိုင်ငံဆိုင်ရာ ဂျပန်နိုင်ငံသံရုံးမှ သံရုံးဒုတိယအကြီးအကဲ မစ္စတာတော်ရုမာအဲဒနှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြစဉ်။

# မြန်မာ - ထိုင်းချစ်ကြည်ရေးတံတားအမှတ်(၂) (သောင်းရင်းမြစ်)တံတားဖွင့်ပွဲနှင့် Border Control Facilities အဆောက်အဦနှင့် ပစ္စည်းကိရိယာများ လွှဲပြောင်းလက်ခံခြင်းအခမ်းအနား ကျင်းပ

**နေပြည်တော် အောက်တိုဘာ ၃၀**

နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုနှင့် လမ်းပန်းဆက်သွယ်ရေးကဏ္ဍဖွံ့ဖြိုးတိုးတက်စေရန်အတွက် မြန်မာနိုင်ငံ(မြဝတီ)နှင့် ထိုင်းနိုင်ငံ(မဲဆောက်)တို့ကို ဆက်သွယ်သည့် သောင်းရင်းမြစ်ပေါ်၌ တည်ဆောက်ထားသော မြန်မာ-ထိုင်း ချစ်ကြည်ရေးတံတားအမှတ်(၂) (သောင်းရင်းမြစ်) တံတားဖွင့်ပွဲနှင့် Border Control Facilities (BCF) အဆောက်အဦနှင့် ပစ္စည်းကိရိယာများ လွှဲပြောင်းလက်ခံခြင်း အခမ်းအနားကို ယနေ့ နံနက် ၈ နာရီခွဲတွင် အဆိုပါ တံတားပေါ်ရှိ ယာယီမဏ်ဍာပ်၌ ကျင်းပသည်။



**ရှင်းလင်းပြောကြား**

အခမ်းအနားကို နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှု အထိမ်းအမှတ် ဆောင်ရွက်ချက်များ Video Clip ပြသဖွင့်လှစ်ပြီး ထိုင်းနိုင်ငံ ပို့ဆောင်ရေးဝန်ကြီးဌာန လမ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က စီမံကိန်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံ ဆောက်လုပ်ရေးဝန်ကြီးဌာန တံတားဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးရွှေလေးက နှစ်နိုင်ငံချစ်ကြည်ရေးတံတား တည်ဆောက်ပေးမှုနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဟန်ဇော်က မြန်မာနိုင်ငံနှင့် ထိုင်းနိုင်ငံတို့သည် ကုန်း၊ ရေနယ်နိမိတ်ထိစပ်နေသည့် အိမ်နီးချင်းအာဆီယံအဖွဲ့ဝင်နိုင်ငံများဖြစ်သကဲ့သို့ နှစ်ရှည်လများ အပြန်အလှန်ချစ်ကြည်ရင်းနှီးစွာ ကူးလူးဆက်ဆံလျက်ရှိကြပြီး တစ်နိုင်ငံနှင့်တစ်နိုင်ငံ မိတ်ဖက်နိုင်ငံများလည်း ဖြစ်ပါကြောင်း၊ နှစ်နိုင်ငံအကြား ကုန်သွယ်ရေး၊ စီးပွားရေးနှင့် ခရီးသွားလာရေးလုပ်ငန်းများ၊ ရင်းနှီးမြှုပ်နှံမှုနှင့် အလုပ်သမားရေးရာကိစ္စရပ်များကို တိုးမြှင့်ဆောင်ရွက်လျက်ရှိပါကြောင်း။

**ဖြေလျှော့မှုများ ဆောင်ရွက်**

မြန်မာ–ထိုင်းနှစ်နိုင်ငံ နယ်စပ်ကုန်သွယ်ရေးပူးတွဲကော်မတီ (JBTC) ဖွဲ့စည်းထားရှိပြီး ကုန်သွယ်မှုမြှင့်တင်ရေး၊ ကုန်သွယ်မှု လွယ်ကူလျင်မြန်ချောမွေ့စေရေးအတွက် ကုန်သွယ်မှုဆိုင်ရာ ဖြေလျှော့မှုများ ဆောင်ရွက်လျက်ရှိပါကြောင်း။

မြန်မာနိုင်ငံနှင့် ထိုင်းနိုင်ငံတို့၏ အဓိကကုန်သွယ်မှုလမ်းကြောင်းများမှာ တစ်နှစ်ထက်တစ်နှစ် တိုးတက်များပြားလာခဲ့ပြီး သယ်ယူပို့ဆောင်ရေးမြန်ဆန်လာရန် လိုအပ်လျက်ရှိပါကြောင်း၊ မြန်မာနိုင်ငံ မြဝတီမြို့နှင့် ထိုင်းနိုင်ငံ မဲဆောက်မြို့တို့အကြား ကုန်သွယ်မှုလမ်းကြောင်းဖြစ်သည့် အမှတ်(၁)ချစ်ကြည်ရေးတံတားကို အသုံးပြုသည့် နှစ်နိုင်ငံကုန်သွယ်ရေး မော်တော်ယာဉ်များ တိုးတက်များပြားလာသဖြင့် ယခုအမှတ်(၂) ချစ်ကြည်ရေးတံတားကို ထိုင်းနိုင်ငံအစိုးရအကူအညီဖြင့် တည်ဆောက်ရန် ညှိနှိုင်းခဲ့ပြီး ၂၀၁၉ ခုနှစ် မတ် ၁၉ ရက်တွင် ထိုင်းနိုင်ငံဝန်ကြီးချုပ်နှင့် မြန်မာနိုင်ငံဘက်မှ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်တို့ တက်ရောက်၍ တံတားပြီးမြောက်ခြင်း အခမ်းအနားကျင်းပခဲ့ပါကြောင်း။

**နှစ်နိုင်ငံပြည်သူများ သွားလာအသုံးပြု**

တံတားကြီးတည်ဆောက်ပေးနိုင်ရန် ဆောင်ရွက်ခဲ့သည့် ထိုင်းနိုင်ငံအစိုးရ ပို့ဆောင်ရေးဝန်ကြီးဌာနအောက်ရှိ လမ်းဦးစီးဌာနမှ ကျွမ်းကျင်ပညာရှင်များ၊ ကူညီပံ့ပိုးပေးသူများအား အထူးကျေးဇူးတင်ရှိပါကြောင်း၊ မကြာသောကာလတွင် မြန်မာ – ထိုင်းချစ်ကြည်ရေးတံတားအမှတ်(၂) ပေါ်တွင် နှစ်နိုင်ငံပြည်သူများ သွားလာအသုံးပြုသည်ကို တွေ့မြင်ရတော့မည် ဖြစ်ပါကြောင်း။

မြန်မာပြည်သူများနှင့်အတူ ထိုင်းနိုင်ငံသူ နိုင်ငံသားများအနေဖြင့်လည်း အေးချမ်းသာယာပြီး ပြည့်စုံကုံလုံပေါကြွယ်ဝသည့် အနာဂတ်ဆီသို့ အတူလျှောက်လှမ်းနိုင်ပါစေဟု ဆုမွန်ကောင်းတောင်းအပ်ပါကြောင်း ပြောကြားသည်။

ယင်းနောက် ထိုင်းနိုင်ငံ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး Mr. Saksayam Chidchob က ဝမ်းမြောက်ကြောင်း နှုတ်ခွန်းဆက်စကားပြောကြားသည်။

ထို့နောက် ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဟန်ဇော်၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးဝင်း၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်၊ ကရင်ပြည်နယ် ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့်၊ ထိုင်းနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးမျိုးမြင့်သန်း၊ ထိုင်းနိုင်ငံ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး Mr. Saksayam Chidchob နှင့် တာဝန်ရှိသူတို့က မြန်မာ–ထိုင်းချစ်ကြည်ရေးတံတားအမှတ်(၂) (သောင်းရင်းမြစ်) တံတားအား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

ယင်းနောက် နှစ်နိုင်ငံဝန်ကြီးများသည် နှစ်နိုင်ငံပူးပေါင်းကူးလူးဆက်သွယ်ရေး သမိုင်းစာမျက်နှာသစ်ကို ဖွင့်လှစ်ပေးသည့်အနေဖြင့် တံတားကြီးပေါ်မှ ကုန်စည်ပို့ဆောင်ရေးယာဉ်များ ဖြတ်သန်းမှုအား ကြည့်ရှုအားပေးသည်။

ဆက်လက်၍ အစီအစဉ် ဒုတိယအပိုင်း Border Control Facilities (BCF) အဆောက်အဦနှင့်ပစ္စည်းကိရိယာများ လွှဲပြောင်းလက်ခံခြင်းအခမ်းအနားကို ကျင်းပရာ ထိုင်းနိုင်ငံ ပို့ဆောင်ရေးဝန်ကြီးဌာန လမ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က စီမံကိန်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

**ထောက်ပံ့ပေးအပ်**

ထို့နောက် ထိုင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန အရှေ့အာရှရေးရာဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်က မြန်မာနိုင်ငံဘက်ခြမ်း Border Control Facilities (BCF) အဆောက်အဦနှင့်ပစ္စည်းကိရိယာများ ထောက်ပံ့ပေးအပ်ခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ယင်းနောက် ဆောက်လုပ်ရေးဝန်ကြီးဌာန လမ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအုန်းလွင်က နှစ်နိုင်ငံလမ်းပန်းဆက်သွယ်ရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ချက်များနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် Border Control Facilities (BCF) အဆောက်အဦကမ္ပည်းမော်ကွန်းအား ပြည်ထောင်စုဝန်ကြီး ဦးဟန်ဇော်နှင့် ထိုင်းနိုင်ငံ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး Mr. Saksayam Chidchob တို့က စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးပြီး မြန်မာဘက်ကမ်း Border Control Facilities (BCF) အား လွှဲပြောင်းပေးအပ်သည်။

ထို့နောက် နှစ်နိုင်ငံဝန်ကြီးများနှင့် ဧည့်သည်တော်များသည် စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

မြန်မာ–ထိုင်းချစ်ကြည်ရေးတံတား အမှတ်(၂) (သောင်းရင်းမြစ်)သည် မြန်မာနိုင်ငံ (မြဝတီ)နှင့် ထိုင်းနိုင်ငံ (မဲဆောက်)တို့ကို ဆက်သွယ်ကာ သောင်းရင်းမြစ်ကို ဖြတ်ကျော်တည်ဆောက်ထားပြီး တံတားအရှည် မီတာ ၇၆၀၊ တံတားအကျယ် ၁၇ ဒသမ ၂ မီတာရှိသည့် ကြိုတင်အားဖြည့် သံကူကွန်ကရစ်၊ Box Girder နှစ်လမ်းသွား တံတားဖြစ်ကာ နှစ်ဖက်ချဉ်းကပ်လမ်းများ၊ Border Control Facilities (BCF) များနှင့် Traffic Change Over စသည်တို့ ပြည့်စုံစွာထည့်သွင်းပြီး အဆင့်မြင့်နည်းပညာများ အသုံးပြု၍ စံချိန်စံညွှန်း အရည်အသွေးကောင်းမွန်စွာ တည်ဆောက်ထားသော တံတားတစ်စင်းဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

ရွှေသွေး ဂျာနယ်

ထွက်ရှိ

၂–၁၁–၂၀၁၉ ရက် (စနေနေ့) ထုတ် အတွဲ (၅၁)၊ အမှတ် (၄၄) တွင်

- မိမိတတ်မြောက်ထားသော ပညာရပ်ကို အသုံးပြု၍ သူတစ်ပါးဒုက္ခတွေ့အောင် မပြုလုပ်သင့်ကြောင်းကို ဆိုဆုံးမထားသည့် ဘဲဥ ကာတွန်း
- ကြောင်မျိုးရင်းဝင် သတ္တဝါများ
- ဖြတ်ထိုးဉာဏ်ကောင်းသော ညီပုနှင့် အစားမက်သော နီကြောင်ကာတွန်း
- အရာရာကို စူးစမ်းလေ့လာမှတ်သားထားပါက လိုအပ်သည့်အချိန်တွင် အကျိုးရှိရှိ အသုံးပြုနိုင်ကြောင်း ပညာပေးရေးဖွဲ့ထားသည့် ကလေးဝတ္ထုတို အပါအဝင် ကာတွန်း၊ သုတ၊ ပျော်စရာ၊ ရွှေသွေးစကားဝိုင်း၊ ကဗျာ၊ ကလေးဝတ္ထုတို စုံလင်စွာဖြင့် ထွက်ရှိပြီ ဖြစ်ပါသည်။



တစ်စောင် (၂၅၀) ကျပ်

စာပေဗိမာန်စာအုပ်ဆိုင်များတွင် ဝယ်ယူရရှိနိုင်ပါသည်။

# ဧရာဝတီတိုင်းဒေသကြီးတွင် ဆန်စပါး မျိုးကောင်းမျိုးသန့်မျိုးစေ့များ ဖူလုံစွာသုံးစွဲနိုင်ရေး ဆောင်ရွက်

**နေပြည်တော် အောက်တိုဘာ ၃၀**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလှကျော်သည် အောက်တိုဘာ ၂၆ ရက် မွန်းလွဲပိုင်းက ဖျာပုံခရိုင် ဘန့်ဘွေးစုကျွန်းပတ်တာသို့ ရောက်ရှိကြပြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနနှင့် ဂျပန်နိုင်ငံ အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (JICA)တို့ ပူးပေါင်းဆောင်ရွက်မည့် စိုက်ပျိုးရေးဝင်ငွေတိုးတက်ရေးစီမံကိန်း AIIP Phase 2 ရွှေ့ပြေးစိစစ်ခြင်းလုပ်ငန်းဆိုင်ရာများအား ကြည့်ရှုစစ်ဆေးသည်။

**ကြည့်ရှုစစ်ဆေး**

ယင်းနောက် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ဖျာပုံမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မျိုးစေ့ဌာနခွဲရုံး အောက်ကွင်းကြီး မျိုးသန့်ခြံသို့ရောက်ရှိပြီး ဒေသအတွက် ဆန်စပါး မျိုးကောင်း မျိုးသန့်မျိုးစေ့များ ဖူလုံစွာသုံးစွဲနိုင်ရေး ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးသည်။

မျိုးသန့်ခြံတွင် ဒုတိယဝန်ကြီးနှင့်အဖွဲ့အား စိုက်ပျိုးရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးသက်ဇင်မောင်က ရှင်းလင်းတင်ပြရာတွင် ဖျာပုံမြို့နယ်အတွင်း မျိုးစေ့ထုတ်လုပ်ငန်းများအား Contract Farming စနစ်ဖြင့် ဆောင်ရွက်ပြီး တောင်သူများထံ မျိုးဖြန့်ဝေဆောင်ရွက်ပေးနေမှု၊ ပုဂ္ဂလိကဆန်စက်လုပ်ငန်းရှင်များ ရင်းနှီးမြှုပ်နှံဆောင်ရွက်မှုအပေါ် အားပေးကူညီဆောင်ရွက်ပေးနေမှု၊ စိုက်ပျိုးရေးဦးစီးဌာနနှင့် ကိုရီးယားနိုင်ငံတို့အကြား နှစ်ဖက်သဘောတူညီမှုအရ ၂၀၂၁ ခုနှစ်တွင် ဖျာပုံမြို့နယ်တွင် Agriculture Service Center စတင်တည်ဆောက်ရန် စီမံထားမှုလုပ်ငန်းစဉ်၊ Welthungerhilfe (WHH)မှ အကောင်အထည်ဖော် ဆောင်ရွက်သည့် ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသ စပါးမျိုးစေ့ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး အစီအစဉ် (Rice Seed Sector Development Project–RSSD)မှ ထောက်ပံ့ပေးသည့် စက်ကိရိယာ၊ အဆောက်အဦ၊ တလင်းများဖြင့် မျိုးစေ့ထုတ်လုပ်ငန်းဆောင်ရွက်မှုများကို ရှင်းလင်းတင်ပြရာ ဒုတိယဝန်ကြီးက လိုအပ်ချက်များ ပေါင်းစပ်ညှိနှိုင်းပေးသည်။



ထိုမှတစ်ဆင့် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ပုသိမ်မြို့ မျိုးစေ့အရည်အသွေးစစ်ဆေးခန်းသို့ ရောက်ရှိကြပြီး မျိုးစေ့အရည်အသွေးစစ်ဆေးခြင်းလုပ်ငန်း ဆောင်ရွက်နေမှုများအား လှည့်လည်ကြည့်ရှုအားပေးသည်။ **သတင်းစဉ်**

# မြန်မာနိုင်ငံတွင် အသစ်ထွက်ပေါ်နေသော ဆေးရွက်ကြီး၊ ဆက်စပ်ပစ္စည်းများနှင့်ပတ်သက်၍ လွှတ်တော်ကိုယ်စားလှယ်များသို့ ရှင်းလင်းတင်ပြခြင်း အလုပ်ရုံဆွေးနွေးပွဲ ကျင်းပ

**နေပြည်တော် အောက်တိုဘာ ၃၀**

မြန်မာနိုင်ငံတွင် အသစ်ထွက်ပေါ်နေသော ဆေးရွက်ကြီး၊ ဆက်စပ်ပစ္စည်းများနှင့်ပတ်သက်၍ လွှတ်တော်ကိုယ်စားလှယ်များသို့ ရှင်းလင်းတင်ပြခြင်း အလုပ်ရုံဆွေးနွေးပွဲကို ယနေ့ နံနက် ၉ နာရီတွင် နေပြည်တော်ရှိ မင်္ဂလာသီရိ ဟိုတယ်၌ ကျင်းပသည်။

အစည်းအဝေးတွင် ပြည်သူ့လွှတ်တော်ကျန်းမာရေးနှင့် အားကစားဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ ဒေါက်တာစံရွှေဝင်းက ယနေ့ဆွေးနွေးပွဲသည် အီး-စီးကရက်နှင့် ပတ်သက်၍ ပထမဆုံးအကြိမ် အသိပေးရှင်းလင်းပွဲ ဖြစ်ပါကြောင်း၊ မိမိတို့လွှတ်တော်အနေဖြင့် ဆောင်ရွက်၍ ရမည့် အကြောင်းအရာများကို အကြံပြုစေလိုပါကြောင်း ပြောကြားသည်။

ထို့နောက် ပြည်သူ့ကျန်းမာရေးဖောင်ဒေးရှင်း ဒုတိယဥက္ကဋ္ဌ ဒေါက်တာသိန်းဆွေက မြန်မာနိုင်ငံတွင် အသစ်ထွက်ပေါ်နေသော ဆေးရွက်ကြီး၊ ဆက်စပ်ပစ္စည်းများနှင့် ပတ်သက်၍ လွှတ်တော်ကိုယ်စားလှယ်များသို့ ရှင်းလင်းတင်ပြသည့် အလုပ်ရုံဆွေးနွေးပွဲ ကျင်းပရခြင်းအကြောင်းကို ဆွေးနွေးပြောကြားသည်။

ယင်းနောက် မြန်မာနိုင်ငံတွင် အသစ်ထွက်ပေါ်နေသော ဆေးရွက်ကြီး၊ ဆက်စပ်ပစ္စည်းများဖြစ်သည့် အငွေ့ထုတ်စနစ်များ ပါဝင်သော ပစ္စည်းတပ်ဆင်ထားသည့် ကိရိယာ၊ ဆေးရွက်ကြီးထွက်ပစ္စည်းများကို အပူပေးပြီး အငွေ့ရှူရသောပစ္စည်းနှင့် ဆေးရွက်ကြီးနှင့် ဓာတုပစ္စည်းများ၊ အခြားပစ္စည်းမျိုးစုံ ရောနှောထားသည့်ပစ္စည်းကို မီးလောင်ကျွမ်းစေရာမှ ထွက်ရှိလာသောအငွေ့ကို ရေထဲမှတစ်ဆင့် ဖြတ်စေပြီး ပိုက်မှတစ်ဆင့်ရှူရသည့် ကိရိယာမျိုးစုံ စသည့် ပစ္စည်းကိရိယာများအကြောင်းကို အရှေ့တောင်အာရှ ဆေးလိပ်ထိန်းချုပ်ရေးဆိုင်ရာမဟာမိတ်အဖွဲ့ အမှုဆောင်ဒါရိုက်တာ Dr.Ulysses Dorotheo က ရှင်းလင်းဆွေးနွေးသည်။

ဆက်လက်၍ အရှေ့တောင်အာရှဆေးလိပ်ထိန်းချုပ်ရေးဆိုင်ရာ မဟာမိတ်အဖွဲ့ပရိုဂရမ် မန်နေဂျာ Worrawan Jirathanapiwat က Identifying TI front groups and countering Tobacco Industry arguments၊ အရှေ့တောင်အာရှဆေးလိပ်ထိန်းချုပ်ရေးဆိုင်ရာ မဟာမိတ်အဖွဲ့ အမှုဆောင်ဒါရိုက်တာ Dr.Ulysses Dorotheo နှင့် ပြည်သူ့ကျန်းမာရေးဖောင်ဒေးရှင်း ဒုတိယဥက္ကဋ္ဌ ဒေါက်တာသိန်းဆွေတို့က Legislative Measures ၊ ဆက်လက်၍ ပြည်သူ့ကျန်းမာရေးဖောင်ဒေးရှင်းဥက္ကဋ္ဌ ဒေါက်တာသန်းစိန်နှင့် တက်ရောက်လာသည့် ဌာနဆိုင်ရာများမှ တာဝန်ရှိသူများက Gaps in Legislation နှင့်စပ်လျဉ်း၍ ဝိုင်းဝန်းဆွေးနွေးကြသည်။



အဆိုပါအလုပ်ရုံဆွေးနွေးပွဲကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ အရှေ့တောင်အာရှဆေးလိပ်ထိန်းချုပ်ရေးဆိုင်ရာမဟာမိတ်အဖွဲ့နှင့် ကလေးများ ဆေးရွက်ကြီးကင်းစင်ရေးလှုပ်ရှားမှုအဖွဲ့တို့က ပူးပေါင်းကျင်းပ၍ အသစ်ထွက်ပေါ်နေသော ဆေးရွက်ကြီးနှင့်ဆက်စပ်ပစ္စည်းများ(အီး-စီးကရက်နှင့် ရေပြောင်း၊ အပူပေးပြီး အငွေ့ရှူရသောပစ္စည်းများ)အကြောင်းကို လေ့လာနိုင်စေရန်နှင့် ထိန်းချုပ်ရေးစည်းမျဉ်းဥပဒေများနှင့် မူဝါဒများကို ရေးဆွဲ အကြံပြုနိုင်ရန်တို့ကို ရည်ရွယ်ကျင်းပခြင်းဖြစ်ပြီး အောက်တိုဘာ ၃၁ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**



# သဖန်းဆိပ်ရေလှောင်တမံမှ မိုးစပါးအတွက် သီးနှံအောင်ရေ လုံလောက်စွာပေးဝေ

**နေပြည်တော် အောက်တိုဘာ ၃၀**

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ယခုနှစ်ရာသီဥတု ဖောက်ပြန်မှုကြောင့် မိုးရွာသွန်းမှုနည်းပါးခဲ့သည့်အတွက် သဖန်းဆိပ်ရေလှောင်တမံ၏ ရေဆင်းဧရိယာနှင့် ဆည်ရေသောက်ဧရိယာများရှိ မိုးစပါးစိုက်ပျိုးကေများကို အောင်ရေအပြည့်ပေးနိုင်ရန်၊ ဆည်ရေကို အနည်းဆုံးနှင့် အထိရောက်ဆုံးပေးဝေနိုင်ရန် အထူးခြိုးခြံချွေတာ၍ ဆည်ရေသောက်ဧရိယာတစ်ခုလုံးကို ရေလှည့်စနစ်ကျင့်သုံးကာ စနစ်တကျရေစီမံခန့်ခွဲမှုကြောင့် ဆည်ရေသောက်ဧရိယာအားလုံးကို မိုးစပါးအောင်ရေပြည့်စုံစွာ ပေးဝေနိုင်မည်ဖြစ်ကြောင်း သိရသည်။

ရာသီဥတုပြောင်းလဲမှုကြောင့် မိုးရွာသွန်းမှုနည်း၍ ရေဝင်နည်းသော်လည်း သဖန်းဆိပ်ရေလှောင်တမံ၏ ရေပေးမြောင်းမကြီး လေးမြောင်းမှ ဆည်ရေသောက်မြို့နယ်များဖြစ်သည့် ကန့်ဘလူ၊ ခင်ဦး၊ ရွှေဘို၊ ဝက်လက်၊ စစ်ကိုင်း၊ တန့်ဆည်၊ ရေဦး၊ ဒီပဲယင်း၊ အရာတော်နှင့် ဘုတလင်မြို့နယ်များရှိ မိုးစပါး ၄၈၁၅၉၂ ဧကကို ဆည်ရေဖြင့် အောင်မြင်စွာ စိုက်ပျိုးနိုင်ခဲ့သည်။

ယခုအချိန်တွင် စပါးပင်များ အောင်ရေလိုအပ်ချိန်ဖြစ်၍ သဖန်းဆိပ်ရေလှောင်တမံမှ ဆည်ရေကို အနည်းဆုံးနှင့် အထိရောက်ဆုံးပေးဝေနိုင်ရန် စနစ်တကျ စီမံခန့်ခွဲထိန်းညှိထုတ်လွှတ်ပေးလျက်ရှိပြီး ရေလှောင်တမံ၏ အောက်တိုဘာ ၂၅ ရက် သိုလှောင်ထားသော ဆည်ရေသိုလှောင်ပမာဏ ၆၃၇၁၂၅ ဧကပေဖြင့် မိုးစပါးစိုက်ပျိုးထားသည့် ဧရိယာများကို အောင်ရေပြည့်စုံစွာ ပေးဝေနိုင်မည့်အပြင် ဒေသတွင်းသောက်သုံးရေကန်များသို့ ရေဖြည့်သွင်းပေးနိုင်ခြင်းနှင့် ရွှေဘိုမြို့သုံးရေအတွက် မဟာနန္ဒာကန် ရေဖြည့်သွင်းခြင်းကို ၂၀၂၀ ပြည့်နှစ် ဇွန်လကုန်အထိ ရေလုံလောက်အောင် ပေးဝေသွားနိုင်မည်ဖြစ်ကြောင်း တိုင်းဒေသကြီး ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ သိရသည်။

**သန့်ဇော်**

# ကလေးစာပေပွဲတော် (ချောင်းသာ) စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရေး ကြိုတင်ပြင်ဆင်မှုများ ဆောင်ရွက်

**ပုသိမ် အောက်တိုဘာ ၃၀**

ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ပံ့ပိုးမှုဖြင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ အခြေခံပညာဦးစီးဌာနနှင့် ခရိုင်၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီတို့ ပူးပေါင်းစီစဉ်ကျင်းပသော ကလေးစာပေပွဲတော် (ချောင်းသာ) စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရေးအတွက် ကြိုတင်ပြင်ဆင်မှုများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အဆိုပါပွဲတော်ကို နိုဝင်ဘာ ၁ ရက်နှင့် ၂ ရက်တို့တွင် ပုသိမ်မြို့ ချောင်းသာ အထကတွင် ကျင်းပမည်ဖြစ်သည်။ ခရိုင်အတွင်းရှိ မြို့နယ်များမှ ကျောင်းသားလူငယ်များ လာရောက်ပါဝင်ဆင်နွှဲနိုင်ရန်အတွက် ပြခန်းများပြင်ဆင်ဆောင်ရွက်ခြင်း၊ ပြိုင်ပွဲနှင့် ကစားပွဲပြုလုပ်ရန် နေရာများပြင်ဆင်ခြင်း၊ မုခ်ဦးများ ဆောက်လုပ်ခြင်း၊ ဖျော်ဖြေရေးခန်းမများ၊ စာဖတ်ခန်းများ ပြင်ဆင်ခြင်းတို့ကို ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ကလေးစာပေပွဲတော်တွင် ပုံပြော၊ ကဗျာရွတ်၊ ကျပန်းစကားပြောပြိုင်ပွဲများ၊ စာပေဟောပြောပွဲနှင့် စာပေဆွေးနွေးပွဲ၊ ပန်းချီနှင့်ဆေးရောင်ခြယ်ပြိုင်ပွဲ၊ စကားပုံဆက်၊ အရုပ်ဆက်၊ အိမ်ဆောက်ကစားနည်းများ၊ ဂိမ်းကစားနည်းများ၊ ဖျော်ဖြေရေးအစီအစဉ်များ၊ ထူးချွန်ထင်ရှား ဧရာဝတီတိုင်းသားများ ပြခန်းနှင့် အသိပညာပေးပြခန်းများ၊ ကလေးစာဖတ်ခန်းနှင့် စာအုပ်အရောင်းဆိုင်များ ထည့်သွင်းကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။



**ပူးပေါင်းပါဝင်**

ယင်းသို့ ကလေးစာပေပွဲတော်များ ကျင်းပပေးခြင်းမှာ ကလေးသူငယ်များ ဘက်စုံဖွံ့ဖြိုးတိုးတက်စေရေးနှင့် စာပေဗဟုသုတရရှိရေး၊ ကလေးများ ဉာဏ်ရည်ထက်မြက်စေရေးနှင့် ကလေးများ စွမ်းဆောင်ရည်မြှင့်တင်ရေး၊ ကျောင်းနေအရွယ် ကလေးငယ်များ ကလေးစာပေပွဲတော်နှင့် ပတ်သက်၍ ကျယ်ပြန့်စွာ သိရှိပြီး ပူးပေါင်းပါဝင် ဆောင်ရွက်ခွင့်ရရှိစေရေးတို့အတွက် ရည်ရွယ်ကျင်းပပေးခြင်းဖြစ်သည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# နေပြည်တော် သပြေကုန်းအဝိုင်းတွင် ဗိုလ်ချုပ်အောင်ဆန်းမြင်းစီးကြေးရုပ်တည်ဆောက်ရေးလုပ်ငန်းများ စတင်

o—— တွေ့ဆုံမေးမြန်း- တာရာ၊ ကေကေ၊ ဓာတ်ပုံ - ထိန်နန်နေဉ် ——o

**မြန်မာနိုင်ငံတွင်အကြီးဆုံး ဗိုလ်ချုပ်အောင်ဆန်းမြင်းစီးကြေးရုပ်တည်ဆောက်ရေးလုပ်ငန်းများကို နေပြည်တော်ရှိ သပြေကုန်းအဝိုင်းတွင် စတင်ဆောင်ရွက်နေပြီး၂၀၂၀ ပြည့်နှစ် ဖေဖော်ဝါရီ ၁၃ ရက် ဗိုလ်ချုပ်မွေးနေ့တွင် ဖွင့်လှစ်ရန် စီစဉ်ဆောင်ရွက်လျက်ရှိသည်။ ထိုသို့စီစဉ်မှုများနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာကဏ္ဍများမှ ပါဝင်ဆောင်ရွက်နေကြသူများအား တွေ့ဆုံမေးမြန်းခဲ့သည်များကို စုစည်းဖော်ပြလိုက်ပါသည်။**


ဦးရဲမင်းဦး


ဦးမင်းသူ


ဒေါက်တာဦးမြင့်စံ


ဦးကျော်မင်းထွန်း

**ဦးရဲမင်းဦး**
**ဗိုလ်ချုပ်အောင်ဆန်း မြင်းစီးကြေးရုပ်တု ဖြစ်မြောက်ရေး ဦးစီးကော်မတီနာယက နေပြည်တော် စည်ပင်သာယာရေးကော်မတီ ဒုတိယမြို့တော်ဝန်**

ပထမအဆင့်က ဗိုလ်ချုပ်ရုပ်တုအတွက် ပုံကြမ်းထုတ်ရပါတယ်။ ဗိုလ်ချုပ်ပုံ ပုံကြမ်းထုတ်ပြီးရင် သက်ဆိုင်ရာ နိုင်ငံ့အကြီးအကဲတွေကိုပြပြီး အတည်ပြုချက် ယူရပါတယ်။ ကိုယ်နေဟန်ထား၊ အသွင်အပြင် အတည်ပြုချက်ရပါပြီ၊ အတည်ပြုချက်ရပြီဆိုရင် ဒုတိယအဆင့်က ရွှံ့နဲ့လိုချင်တဲ့ ပုံစံကို အရင်ပုံဖော်ရပါတယ်၊ မိုလုပ်ဖို့အတွက် ရွှံ့ရုပ်လုပ်တာလည်း ပြီးစီးသွားပါပြီ။ တတိယအဆင့်အနေနဲ့ ဒီရွှံ့ရုပ်ကို ကြေးသွန်းဖို့အတွက် မိုယူနေပါပြီ၊ မိုထွက်ပြီဆိုတာနဲ့ ကြေးစသွန်းမှာ ဖြစ်ပါတယ်။ လက်ရှိမှာ ကြေးသွန်းဖို့အတွက် မိုယူတဲ့အဆင့်ကို ရောက်နေပါပြီ။ ကြေးသွန်းတဲ့အခါမှာတော့ ရုပ်တုကကြီးတဲ့အတွက် အပိုင်းလိုက် ကြေးသွန်းမှာ ဖြစ်ပါတယ်။

ဒီလို ကြေးသွန်းထားတာကို ယူလာပြီး နေပြည်တော်ကျမှ တည်ဆောက်မှာ ဖြစ်ပါတယ်။ အခုကတော့ ကြေးသွန်းတဲ့လုပ်ငန်းစဉ်ကို သတ်မှတ်ရက်မှာ ပြီးစီးအောင် ဆရာကြီး ဦးမြင့်စံက ကြိုးစားဆောင်ရွက်နေပါတယ်။ ဗိုလ်ချုပ်မြင်းစီးကြေးရုပ်နဲ့ပတ်သက်ပြီး ပြည်သူတွေက စိတ်ပူကြတာရှိပါတယ်။ ပြည်သူတွေ လေးစားတန်ဖိုးထားတဲ့ နိုင်ငံ့ခေါင်းဆောင် တစ်ယောက်ဖြစ်တဲ့အတွက် ပြည်သူတွေက ဗိုလ်ချုပ်အောင်ဆန်း ရုပ်တုတွေလုပ်တိုင်း ဗိုလ်ချုပ်ရဲ့ဂုဏ်ပုဒ်နဲ့ ကိုက်ညီတဲ့ ရုပ်တုမျိုးဖြစ်စေချင်တယ်။ ဗိုလ်ချုပ်ရုပ်တုတွေက ဗိုလ်ချုပ်ရဲ့ ဓာတ်ပုံတွေကိုကြည့်ပြီး ပြန်လုပ်ကြတာဖြစ်ပါတယ်။ ဒီလိုလုပ်တဲ့အခါ ဗိုလ်ချုပ်ဓာတ်ပုံက ငယ်ငယ်တုန်းကပုံ၊ ဂျပန်တော်လှန်ရေးကာလကပုံ၊ လွတ်လပ်ရေးတိုက်ပွဲဝင်စပုံတွေ၊ ပန်းချီပုံ၊ ငွေစက္ကူပေါ်ကပုံ ဒီလို အမျိုးမျိုးရှိကြတဲ့အတွက် အရင်ရွေးချယ်ရပါတယ်။ ပုံရွေးချယ်တာကိုတော့ ဆရာကြီး ဦးမြင့်စံက တာဝန်ယူပြီး လုပ်ပေးနေပါတယ်။ အားလုံးလက်ခံပြီး နိုင်ငံ့ခေါင်းဆောင် တစ်ယောက်ရဲ့ သွင်ပြင်ပေါ်အောင် သေချာဆောင်ရွက်နေပါတယ်။

ကျွန်တော်တို့ နေပြည်တော်မှာ ဗိုလ်ချုပ်ကြေးရုပ်ထားတဲ့ ရည်ရွယ်ချက်က ဗိုလ်ချုပ်တစ်ယောက်တည်းကို ရည်ရွယ်ပြီး ထားတာမဟုတ်ပါဘူး။ ဗိုလ်ချုပ်အောင်ဆန်း ဦးဆောင်ပြီး ရဟန်းရှင်လူ ပြည်သူအားလုံး ပူးပေါင်းခဲ့လို့ လွတ်လပ်ရေးရခဲ့တာပါ။ လွတ်လပ်ရေးအတွက် အားလုံးပူးပေါင်းပြီး တညီတညွတ်တည်းထားခဲ့တဲ့ စိတ်ဓာတ်ကို ပေါ်အောင် ထားရှိတာဖြစ်ပါတယ်။ နောင် မျိုးဆက်တွေကိုလည်း ဒီစိတ်ဓာတ်ကို အမွေယူရအောင်၊ လွတ်လပ်ရေးကို ခက်ခက်ခဲခဲ ရယူခဲ့ကြတာကို မမေ့အောင်၊ ဒီလိုမမေ့ဘဲ အစဉ်အမြဲသတိရပြီး နိုင်ငံ့လွတ်လပ်ရေးအတွက် လူတိုင်းမှာ တာဝန်ရှိတယ်ဆိုတဲ့ စိတ်ဓာတ်ကို ပေးချင်တာ ဖြစ်ပါတယ်။

**ဦးမင်းသူ**
**ဗိုလ်ချုပ်အောင်ဆန်းမြင်းစီးကြေးရုပ်တု ဖြစ်မြောက်ရေး ဦးစီးကော်မတီဥက္ကဋ္ဌ နေပြည်တော်စည်ပင်သာယာရေးကော်မတီဝင်**

သပြေကုန်းအဝိုင်းမှာ ထားရှိမယ့် ဗိုလ်ချုပ်အောင်ဆန်းမြင်းစီးကြေးရုပ်ကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ရဲ့ မြို့တော်ဖြစ်တဲ့ နေပြည်တော် ပြည်ထောင်စုနယ်မြေမှာ လွပ်လပ်ရေးဖခင်၊ တပ်မတော်ဖခင်ဖြစ်တဲ့ ဗိုလ်ချုပ်အောင်ဆန်းရုပ်တုတစ်ခု ဝင့်ကြွားစွာတည်ရှိစေဖို့၊ ဒုတိယရည်ရွယ်ချက်က ဗိုလ်ချုပ်အောင်ဆန်းရဲ့ စွန့်လွှတ်စွန့်စားအနစ်နာခံမှုတွေကို နောင်လာနောက်သားတွေ အစဉ်အမြဲအောက်မေ့သတိရတန်ဖိုးထားစေဖို့နဲ့ လေးစားဂုဏ်ယူအားကျအတုယူလာစေဖို့ဖြစ်ပြီး တတိယရည်ရွယ်ချက်ကတော့ ဗိုလ်ချုပ်အောင်ဆန်း မျှော်မှန်းခဲ့တဲ့ ခွင့်တူညီမျှတဲ့ ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုကြီး အမြန်ဆုံးပေါ်ထွန်းလာနိုင်ဖို့အတွက် ဝိုင်းဝန်းကြိုးပမ်းအားထုတ်လာစေဖို့ ဖြစ်ပါတယ်။

မြန်မာနိုင်ငံမှာရှိတဲ့ ဗိုလ်ချုပ်ကြေးရုပ်တွေထဲမှာ အကြီးဆုံးဖြစ်ပါမယ်။ ဗိုလ်ချုပ်ကြေးရုပ်ကိုအောက်ခံအုတ်ခုံ ၁၅ ပေ၊ မြင်းစီးရုပ်တု ၁၈ ပေ စုစုပေါင်း အနိမ့်ဆုံးအမြင့်၃၃ ပေနဲ့ တည်ဆောက်မယ်လို့ ဗိသုကာပညာရှင်တွေက တွက်ချက်ထားပါတယ်။ ဗိုလ်ချုပ်မြင်းစီးကြေးရုပ်ရဲ့ မြင်းခေါင်းက အရှေ့ဘက်(ပျဉ်းမနားဘက်)၊မြင်းရဲ့ အမြီးပိုင်းက အနောက်ဘက်(တောင်ညိုဘက်) ဖြစ်ပြီး ဗိုလ်ချုပ်ရဲ့မျက်နှာက တောင်ဘက်လှည့်မှာဖြစ်ပါတယ်။ ကြေးပိဿာချိန် ခုနစ်တန်လောက် ကုန်ကျမယ်လို့ ခန့်မှန်းထားပါတယ်။

အခု အောက်ခံအုတ်ခုံတည်ဆောက်ဖို့အတွက် မြေပြင်ရှင်းလင်းခြင်းလုပ်ငန်းတွေကို အောက်တိုဘာ ၈ ရက်နေ့ကစပြီး နေပြည်တော် စည်ပင်သာယာရေးကော်မတီက ဆောင်ရွက်နေပါပြီ။ ပြီးရင် soil test စမ်းသပ်တဲ့ လုပ်ငန်းတွေကို ဆောင်ရွက်မှာဖြစ်ပါတယ်။ လာမယ့်လမှာ အောက်ခံအုတ်ခုံ တည်ဆောက်ရေး လုပ်ငန်းတွေ စတင်မှာဖြစ်ပြီးတော့ သင့်တော်တဲ့ ကုမ္ပဏီတစ်ခုကို လုပ်ငန်းအပ်နှံသွားမှာ ဖြစ်ပါတယ်။ အောက်ခံအုတ်ခုံကလည်း အရေးကြီးပါတယ်။ ကြေးတန်ချိန် ခုနစ်တန်ကို ထိန်းထားနိုင်မယ့် အောက်ခံခုံဖြစ်ဖို့ လိုတဲ့အတွက် ဗိသုကာပညာရှင်တွေနဲ့ စနစ်တကျ ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

ကြေးသွန်းရုပ်တု သွန်းလောင်းဖို့အတွက်ကလည်း နောက်ဆုံးအဆင့် ရောက်ရှိနေပါပြီ။ ကြေးသွန်းလောင်းပြီး နေပြည်တော်ကို သယ်ယူမယ်။ ဗိုလ်ချုပ်မွေးနေ့မတိုင်မီ လုပ်ငန်းအားလုံး ပြီးစီးဖို့ ဆောင်ရွက်နေပါတယ်။ ၂၀၂၀ ပြည့်နှစ် ဖေဖော်ဝါရီ ၁၃ ရက် ဗိုလ်ချုပ်မွေးနေ့မှာ ဗိုလ်ချုပ်အောင်ဆန်း မြင်းစီးကြေးရုပ်ကို ဖွင့်လှစ်သွားမှာဖြစ်ပါတယ်။

ဗိုလ်ချုပ်အောင်ဆန်းမြင်းစီးကြေးရုပ် တည်ဆောက်မယ့် သပြေကုန်းအဝိုင်းက ယာဉ်အသွားအလာ များတယ်၊ ရုံးတက် ရုံးဆင်းချိန်ဆို ပိုများတယ်၊ ဒီအတွက် ယာဉ်အသွားအလာ အဆင်ပြေအောင်၊ အန္တရာယ်မဖြစ်အောင် တည်ဆောက်ရေးလုပ်ငန်းချိန်ကို အများပြည်သူ အသုံးမပြုတဲ့ အချိန်နဲ့ ချိန်ပြီး ဆောင်ရွက်ပါတယ်။ ဒီလို ဆောင်ရွက်တဲ့အတွက် လက်ရှိအချိန်အထိ ယာဉ်အသွားအလာတွေလည်း အဆင်ပြေနေပါတယ်။ ဗိုလ်ချုပ်အောင်ဆန်း မြင်းစီးကြေးရုပ် သယ်လာမယ့် အချိန်ကလည်း အရေးကြီးပါတယ်။ ဒီအချိန်မှာလည်း ယာဉ်အသွားအလာ အဆင်ပြေအောင်၊ လုပ်ငန်းခွင် အဆင်ပြေအောင် အားလုံးစီစဉ်ဆောင်ရွက်ထားပါတယ်။

**ဒေါက်တာဦးမြင့်စံ**
**ပန်းပုပညာဌာနပါမောက္ခ(အငြိမ်းစား) အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(ရန်ကုန်)**

ဗိုလ်ချုပ်အောင်ဆန်းမြင်းစီးကြေးသွန်းရုပ်တုကို ပြုလုပ်ရာမှာ ပထမဦးဆုံး ပုံစံငယ်ထုတ်လုပ်တဲ့ လုပ်ငန်းကို စတင်ရပါတယ်။ မြေပြင်တိုင်းတာတာ၊ ရုပ်တုအရွယ်အစားသတ်မှတ်တာ၊ ပန်းချီပုံစံငယ်တွေကို တင်ပြပြီး အတည်ပြုချက် ရယူတာတွေနဲ့ စကေးကိုက် ပုံစံငယ်ထုလုပ်တဲ့လုပ်ငန်းတွေကို လုပ်ဆောင်ပြီး ဗိုလ်ချုပ်မြင်းစီးကြေးရုပ် ဖြစ်မြောက်ရေးကော်မတီထံက အတည်ပြုချက် ရယူပါတယ်။

ဒုတိယလုပ်ငန်းစဉ်အနေနဲ့ ရွှံ့ရုပ်တုပုံစံကြီး ထုလုပ်ဖို့အတွက် စကေးကိုက် သံအမာတွေ တည်ဆောက်တယ်၊ ရွှံ့စေးတွေ ထည့်သွင်း အချောကိုင်ထုလုပ်ပြီး ဗိုလ်ချုပ် မြင်းစီးကြေးရုပ်တု ဖြစ်မြောက်ရေးကော်မတီနာယကတွေနဲ့ကော်မတီဝင် လူကြီးတွေရဲ့ အတည်ပြုချက် ရယူတာတွေ ဆောင်ရွက်ရပါတယ်။

တတိယလုပ်ငန်းစဉ်မှာတော့ အတည်ပြုပြီး ရွှံ့ပုံကို ကြေးသွန်းလောင်းတာ ပြုလုပ်နိုင်ဖို့အတွက် ပလာစတာပုံရယူတယ်၊ သံပုံစံခွက်တွေ ပြုလုပ်ပြီး ကြေးသွန်းလောင်းတာတွေ ပြုလုပ်ရပါတယ်။ လက်ရှိမှာတော့ ကြေးသွန်းလောင်းတဲ့ လုပ်ငန်းစဉ်အဆင့်ကို ရောက်ရှိနေပါပြီ။

စတုတ္ထလုပ်ငန်းစဉ်မှာတော့ ကြေးသွန်းလောင်းထည်တွေကို ဆက်တာ၊ အတွင်းအမာခံထည့်သွင်းတာ၊ အချောကိုင်တာ၊ ထားရှိမယ့်နေရာမှာ လုပ်ငန်းအပြီးသတ်တပ်ဆင်တာတွေ ပြုလုပ်ရပါတယ်။ ၁၈ ပေအမြင့်ရှိတဲ့ ဗိုလ်ချုပ်အောင်ဆန်း မြင်းစီးကြေးရုပ်တုတစ်ခု တည်ဆောက်နိုင်ဖို့ အဲဒီလိုလုပ်ငန်းစဉ်တွေကို အဆင့်ဆင့် ပြုလုပ်တည်ဆောက်ရပါတယ်။ ရုပ်တုသွန်းလောင်းဖို့ အချိန် ၁၇ လ ကြာမြင့်မယ်လို့ ခန့်မှန်းပါတယ်။

ဗိုလ်ချုပ်အောင်ဆန်းရုပ်တုကို နိုင်ငံ့ခေါင်းဆောင်တစ်ဦးရဲ့ ဥပမိရုပ်ပေါ်လွင်စေဖို့နဲ့ ဗိုလ်ချုပ်ရဲ့ပုံတူမှုကိုလည်း အနီးစပ်ဆုံး ပုံတူအောင် ထုလုပ်ပုံဖော်ရမှာဖြစ်ပါတယ်။ ဗိုလ်ချုပ်အောင်ဆန်း မြင်းစီးကြေးရုပ်တုကို အကောင်းဆုံးဖြစ်အောင် ရှေ့က ဆောင်ရွက်သွားကြတဲ့ ဆရာကြီးတွေရဲ့ထုလုပ်ပြီးစီးခဲ့တဲ့ ရုပ်တုတွေရဲ့ အားနည်းချက်၊ အားသာချက်တွေကို လေ့လာပြီး ကျွန်တော်သိရှိတတ်ကျွမ်းတဲ့ပညာနဲ့ အကောင်းဆုံးထုလုပ်ပုံဖော်သွားမှာ ဖြစ်ပါတယ်။

နိုင်ငံ့ခေါင်းဆောင်ဗိုလ်ချုပ်အောင်ဆန်းရဲ့ အကြီးဆုံးကြေးသွန်းရုပ်တုကို ထုလုပ်ခွင့်ရအောင် တာဝန်ပေးအပ်တဲ့ နေပြည်တော် ဗိုလ်ချုပ်အောင်ဆန်းမြင်းစီးကြေးရုပ်တု ဖြစ်မြောက်ရေးကော်မတီ နာယကတွေနဲ့ အဖွဲ့ဝင်တွေကို ကျေးဇူးတင်ပါတယ်။ ကျွန်တော်တတ်ကျွမ်းတဲ့ ပန်းပုပညာ၊ ကြေးသွန်းပညာတွေနဲ့ ဗိုလ်ချုပ်အောင်ဆန်း မြင်းစီး ကြေးရုပ်တုလုပ်ခွင့်ရတဲ့အတွက်လည်း ဝမ်းသာဂုဏ်ယူမိပါတယ်။

**ဦးကျော်မင်းထွန်း**
**ဘဏ္ဍာငွေ ရှာဖွေရေးဆပ်ကော်မတီနှင့် တည်ဆောက်ရေးဆပ်ကော်မတီအဖွဲ့ဝင်**

ကျွန်တော်က ဆပ်ကော်မတီမှာလည်း ပါဝင်သလို ကိုယ်တိုင်ပါဝင်လှူဒါန်းတာလည်း ရှိပါတယ်။ ဗိုလ်ချုပ်ကြေးရုပ်တွေကတော့ တစ်နိုင်ငံလုံးမှာ ထုလုပ်နေကြတာဖြစ်ပါတယ်။ အခု နေပြည်တော် သပြေကုန်းအဝိုင်းမှာ ဗိုလ်ချုပ်မြင်းစီးကြေးရုပ် တည်ဆောက်မယ်ဆိုတော့ ကျွန်တော်တို့ စိုးလှျပ်စစ်ဖောင်ဒေးရှင်းအနေနဲ့လည်း ဝင်ရောက်လှူဒါန်းတာ ဖြစ်ပါတယ်။ ကျွန်တော်တို့ ပါဝင်လှူဒါန်းဖြစ်တဲ့ အကြောင်းရင်းရှိပါတယ်။ ရုပ်တုဆိုတာက သက်ရှိထင်ရှားမဟုတ်ဘူး။ ဒါပေမယ့် နိုင်ငံတော်က ဘာလို့စိုက်ထူတယ်။

စာမျက်နှာ ၁၁ သို့❖


နေပြည်တော် သပြေကုန်းအဝိုင်း၌ ဗိုလ်ချုပ်အောင်ဆန်းမြင်းစီးကြေးရုပ် တည်ဆောက်ရေးလုပ်ငန်း စတင်လုပ်ဆောင်လျက်ရှိသည်ကို တွေ့ရစဉ်။



❖ စာမျက်နှာ ၁၀ မှ
ကျွန်တော်တို့တွေကလည်း ဘာကြောင့်ပါဝင်လှူဒါန်းတယ်ဆိုတဲ့ အကြောင်းရှိပါတယ်။ အဓိကကတော့ ဗိုလ်ချုပ်ရဲ့ စိတ်ဓာတ်ပါပဲ။

တိုင်းပြည် သူ့ကျွန်ဘဝက လွတ်မြောက်အောင်၊ လွတ်လပ်ရေးရအောင် ကြိုးပမ်းခဲ့တယ်။ သူ့ရဲ့စွန့်လွှတ်အနစ်နာခံမှုတွေ၊ တိုင်းပြည်နဲ့ လူမျိုးအပေါ်မှာ ချစ်တဲ့စိတ်ဓာတ်တွေကို နောင်လာနောက်သားတွေရော လက်ရှိပြည်သူတွေပါ အားကျအတုယူပြီး ဗိုလ်ချုပ်စိတ်ဓာတ်အတိုင်း မျိုးဆက်သစ်လူငယ်တွေ ကျင့်ကြံလိုက်နာအောင်ဆိုပြီး နိုင်ငံတော်က တည်ဆောက်စိုက်ထူတာဖြစ်ပါတယ်။

စိုးလျှပ်စစ်ဖောင်ဒေးရှင်း အနေနဲ့လည်း တစ်တပ်တစ်အား ပူးပေါင်းဆောင်ရွက်တာဖြစ်ပါတယ်။ အခုလို စိုက်ထူမယ်ဆိုတာသိတော့ ကျွန်တော်တို့ကလည်း ထရန်စဖော်မာတွေ ထုတ်လုပ်တယ်။ ထရန်စဖော်မာမှာ အဓိကကုန်ကြမ်းက လေးမျိုးရှိတယ်။ ဆီလီကွန်စတီးလ်၊ ကြေး၊ ထရန်စဖော်မာပိုင်းနဲ့ သူ့ရဲ့ ဆက်စပ်ပစ္စည်းတွေဆိုပြီး ရှိပါတယ်။ ဗိုလ်ချုပ်မြင်းစီးရုပ်တုကလည်း ကြေးနဲ့သွန်းလုပ်မှာဆိုတော့ ကျွန်တော်တို့ ထရန်စဖော်မာမှာ သုံးနေတဲ့ ကြေးရဲ့အရည်အသွေးက ၉၉ ဒသမ ၉၉ ရာခိုင်နှုန်း ပါဝင်တာဆိုတော့ လေဟာနယ်ထဲမှာထားလည်း ကြေးနီတက်တာ၊ အရောင်တွေ ပြောင်းသွားတာတွေမရှိဘူး။ ရုပ်တုထုလုပ်တဲ့နေရာမှာ သုံးတာအကောင်းဆုံးပါပဲ။ အဲဒါကြောင့် လှူဒါန်းတာဖြစ်ပါတယ်။

လိုအပ်တာက ကြေးတန်ချိန် ခုနစ်တန်ဖြစ်ပါတယ်။ အဲဒီလို တန်ချိန်ကိုရဖို့ ဈေးကွက်ထဲမှာလိုက်ဝယ်ပြီး စုစည်းရမယ်ဆိုရင် အရည်အသွေးက မညီနိုင်ဘူး။ ကြေးကောင်းမှလည်း သွန်းလုပ်ရာမှာ ပီပီပြင်ပြင်နဲ့ပေါ်မယ်၊ အချိုးအစားလည်းကျမယ်၊ ရေရှည်လည်းခံမှာ ဖြစ်တဲ့အတွက် အဓိကကျတဲ့ကြေးကို စိုးဖောင်ဒေးရှင်းအနေနဲ့ လှူဒါန်းလိုက်တာ ဖြစ်ပါတယ်။ ကာလပေါက်ဈေးက တစ်တန်ကို သိန်း ၇၀ နဲ့ ၈၀ ကြားရှိပါတယ်။ အားလုံးပေါင်း သိန်း ၅၀၀ ဝန်းကျင်လောက် လှူဒါန်းလိုက်တာ ဖြစ်ပါတယ်။ ဗိုလ်ချုပ်မြင်းစီးကြေးရုပ်က ခန့်မှန်းတန်ဖိုး သိန်း ၂၅၀၀ လောက် ကုန်ကျမှာဖြစ်တဲ့အတွက် တစ်ယောက်တစ်လက် စည်းစည်းလုံးလုံးနဲ့ အားလုံးဝိုင်းဝန်းလိုက်မယ်ဆိုရင် အောင်မြင်မှာ ဖြစ်ပါတယ်။ အဲဒီအတွက် အားလုံးဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ပေးကြပါလို့လည်း မေတ္တာရပ်ခံတိုက်တွန်း ပြောကြားလိုပါတယ်။ ။

# ၂၀၁၉ ခုနှစ် တိုင်းဒေသကြီးနှင့်ပြည်နယ် U-19(အမျိုးသမီး) ဘောလုံးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနား ကျင်းပ

**နေပြည်တော် အောက်တိုဘာ ၃၀**

၂၀၁၉ ခုနှစ် တိုင်းဒေသကြီးနှင့်ပြည်နယ် U-19 (အမျိုးသမီး) ဘောလုံးပြိုင်ပွဲဖွင့်ပွဲအခမ်းအနားကို ယနေ့ညနေ ၃ နာရီတွင် နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိအားကစားကွင်း၌ ကျင်းပသည်။

အခမ်းအနားတွင် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြလေးစိန်က အမှာစကားပြောကြားပြီး ပြိုင်ပွဲဝင်အားကစားသမားများကို ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ထို့နောက် ဘောလုံးပြိုင်ပွဲကျင်းပရာ ကရင်ပြည်နယ်အသင်းနှင့် မွန်ပြည်နယ်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ တစ်ဖက်တစ်ဂိုးစီဖြင့် သရေရလဒ်ထွက်ပေါ်ခဲ့သည်။

အဆိုပါ ၂၀၁၉ ခုနှစ် တိုင်းဒေသကြီးနှင့်ပြည်နယ် U-19 (အမျိုးသမီး) ဘောလုံးပြိုင်ပွဲကို ပြည်နယ်နှင့်တိုင်းဒေသကြီးအသီးသီးမှ ပြိုင်ပွဲဝင်အသင်း ၁၄ သင်းက နိုဝင်ဘာ ၁၂ ရက်အထိ ဝဏ္ဏသိဒ္ဓိအားကစားလေ့ကျင့်ရေးကွင်း (၁)နှင့် (၃)တို့တွင် နေ့စဉ်နံနက် ၇ နာရီခွဲနှင့် ညနေ ၃ နာရီတို့တွင် ယှဉ်ပြိုင်ကစားကြမည်ဖြစ်ပြီး ဘောလုံးအားကစားနည်းကို စိတ်ပါဝင်စားသော မိဘပြည်သူများအနေဖြင့် အခမဲ့လာရောက် ကြည့်ရှုနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**



# ကရင်နှစ်သစ်ကူးပွဲတော် ပြည်ထောင်စုတိုင်းရင်းသားကျေးရွာတွင် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်

**ရန်ကုန် အောက်တိုဘာ ၃၀**

ရန်ကုန်အရှေ့ပိုင်းခရိုင် ကရင်စာပေနှင့် ယဉ်ကျေးမှုကော်မတီမှ ကြီးမှူးကျင်းပသည့် ကရင်နှစ် ၂၇၅၉ ခုနှစ် ကရင်နှစ်သစ်ကူးပွဲတော်ကို ရန်ကုန်မြို့ သာကေတမြို့နယ်ရှိ ပြည်ထောင်စုတိုင်းရင်းသားကျေးရွာတွင် ဒီဇင်ဘာ ၂၆ ရက်၌ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း အောက်တိုဘာ ၂၈ ရက် နံနက် ၁၀ နာရီက အဆိုပါနေရာ အစည်းအဝေးခန်းမ၌ ပြုလုပ်သည့် နှစ်သစ်ကူးပွဲတော်အကြိုညှိနှိုင်းအစည်းအဝေးမှ သိရသည်။

" ဒီနှစ်ထူးခြားချက်အနေနဲ့ ပြောရရင် နှစ်သစ်ကူးပွဲက ၂၀၁၉ ခုနှစ် တစ်နှစ်တည်းမှာကို ဇန်နဝါရီလမှာ တစ်ကြိမ်၊ အခုလာမယ့် ဒီဇင်ဘာလမှာ တစ်ကြိမ်ဆိုတော့ နှစ်ခါကျင်းပခွင့်ရတယ်။ ၂၀၂၀ မှာ နှစ်သစ်ကူးမရှိဘူး၊ ၂၀၂၁ မှ ပြန်ရှိမယ်။ ဒါကြောင့် ဒီပွဲမှာအစီအစဉ်တွေကတော့ အများကြီးပဲ။ ပိုပြီးကောင်းသည်ထက်ကောင်းအောင် လုပ်သွားဖို့အစီအစဉ်တွေရှိတယ်။ နိုင်ငံတော်အဆင့်အကြီးအကဲတွေလည်း ဖိတ်ကြားထားပါတယ်" ဟု ရန်ကုန်အရှေ့ပိုင်းခရိုင် ကရင်နှစ်သစ်ကူးပွဲတော်ကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ ဦးစောချစ်မျိုးက ပြောသည်။



ယနေ့ ကျင်းပသည့် ကရင်နှစ်သစ်ကူးကျင်းပရေးအကြိုညှိနှိုင်းအစည်းအဝေးသို့ရန်ကုန်တိုင်းဒေသကြီး ကရင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဒေါ်နော်ပန်းသဉ္ဇာမျိုး တက်ရောက်အမှာစကားပြောကြားပြီး အစည်းအဝေးသို့ တက်ရောက်လာကြသူများက ပွဲတော်စည်ကားသိုက်မြိုက်စွာ ကျင်းပရေးအတွက် သက်ဆိုင်ရာကဏ္ဍအလိုက် ဆွေးနွေးခဲ့ကြသည်။

" ပြည်ထောင်စုတိုင်းရင်းသားကျေးရွာမှာ ဒီနှစ်နဲ့ဆို နှစ်သစ်ကူးပွဲက ရှစ်ကြိမ်ရှိပြီ။ အလံတင်တာက ခြောက်ကြိမ်ရှိပါပြီ။ အလံတင်အခမ်းအနားကို ကရင်လူမျိုးတွေအားလုံး စုစုစည်းစည်း တက်ရောက်ဖို့ ဖိတ်ခေါ်တယ်။ ကရင်မှမဟုတ်ပါဘူး မည်သူမဆို လာရောက်ဆင်နွှဲကြဖို့ အားလုံးကို ဖိတ်ပါတယ်"ဟု ဥက္ကဋ္ဌ ဦးစောချစ်မျိုးက ပြောသည်။

နှစ်သစ်ကူးပွဲတော်ကျင်းပမည့် ဒီဇင်ဘာ ၂၆ ရက် နံနက် ၅ နာရီမှစတင်ကာ ကရင်အမျိုးသားအလံတင်အခမ်းအနားကျင်းပခြင်း၊ ဗုဒ္ဓဘာသာကရင်များက ပြည်ထောင်စုတိုင်းရင်းသားကျေးရွာရှိသီးသန့်ခန်းမတွင် သံဃာတော်များဆွမ်းကပ်လှူခြင်း၊ တရားနာယူခြင်း၊ ခရစ်ယာန်ဘာသာဝင်ကရင်တိုင်းရင်းသားများက ပြည်ထောင်စုခန်းမတွင် နှစ်သစ်ကူး ကျေးဇူးတော်ချီးမွမ်းခြင်း၊ ဝတ်ပြုဆုတောင်းခြင်း၊ ဘိုးဘွားများအား ဂါရဝပြုပူဇော်ကန်တော့ခြင်း၊ ထူးချွန်ကျောင်းသား ကျောင်းသူများအား ဆုချီးမြှင့်ခြင်း၊ ကရင်နှစ်သစ်ကူးနေ့အကြောင်းဟောပြောခြင်း၊ ကရင်ရိုးရာ ဒုံးယိမ်းအကများ၊ နာမည်ကျော်တေးသံရှင်များ၏ တေးသီချင်းသီဆိုဖျော်ဖြေမှုများအပြင် အခြားစိတ်ဝင်စားဖွယ် ဆန်းသစ်သည့်အစီအစဉ်များလည်း ပါဝင်မည်ဖြစ်ကြောင်း သိရသည်။

ထို့ပြင် ကရင်တိုင်းရင်းသားတို့၏ လူနေမှုပုံစံရိုးရာ အိမ်ငယ်ကလေးများ၊ မိကျောင်းစောင်းအကြီး၊ ဖားတူရိယာ၊ ပဒိုး(ကျွဲချိုတံပိုးခရာ)၊ သစ်သားဖားစည် အစရှိသည့် ရိုးရာတူရိယာပစ္စည်းများ၊ လယ်ယာသုံးပစ္စည်းများ၊ အစားအစာနှင့် အဝတ်အထည်အသုံးအဆောင်များ၊ စာပေယဉ်ကျေးမှုမှတ်တမ်းများ၊ အနုပညာလက်ရာပစ္စည်းများ စသည်တို့ကိုပြခန်းများ၊ အမှတ်တရပစ္စည်းရောင်းချသည့် ဆိုင်ခန်းများလည်း ဖွင့်လှစ်ထားမည်ဖြစ်ကြောင်း သိရသည်။ **သီသီမင်း**

**❒ ချင်းပြည်နယ်မှ**

ပြည်တွင်း၊ ပြည်ပခရီးသွားဧည့်သည်များ ချင်းပြည်နယ်သို့ အချိန်တိုအတွင်း လာရောက်လည်ပတ်နိုင်ခြင်း၊ ချင်းပြည်နယ်အတွင်းရှိ ဒေသခံတိုင်းရင်းသားများ မြန်မာနိုင်ငံအတွင်းရှိ ဒေသအနှံ့အပြားသို့သွားလာနိုင်စေရန်နှင့် လုံပီးတောင်၊ ဟားခါး၊ ထန်တလန်၊ တီးတိန်၊ ရိဒ်ရေကန်စသည့် ချင်းပြည်နယ်ရှိမြို့များမှ အထင်ကရနေရာများသို့ လွယ်ကူလျင်မြန်စွာသွားလာနိုင်စေရန်တို့ဖြစ်သည်။

ချင်းပြည်နယ် ဖလမ်း(ဆူရ်ဘုန်) လေဆိပ်နှင့် ချင်းပြည်နယ်ရှိ မြို့များ၏ အကွာအဝေးများမှာ လုံပီးတောင်နှင့် လေးမိုင်၊ ဖလမ်းမြို့နှင့် ၈ ဒသမ ၅ မိုင်၊ ဟားခါးမြို့နှင့် ၄၅ မိုင်၊ ရိဒ်ရေကန်နှင့် ၆၄ မိုင် ၂ ဖာလုံ၊ တီးတိန်မြို့နှင့် ၈၃ မိုင် ၅ ဖာလုံ၊ ကလေးမြို့နှင့် ၈၉ မိုင် ၅ ဖာလုံ ကွာဝေးသည်။

**တည်ဆောက်**

၂၀၁၉ -၂၀၂၀ ဘဏ္ဍာနှစ်တွင် လေယာဉ်ကွင်းတည်ဆောက်ရေးဆိုင်ရာ မြို့ပြလုပ်ငန်းများဖြစ်သည့် မြေကြီးလုပ်ငန်းဆောင်ရွက်ခြင်း (မြေတူးဖြတ်ခြင်း) ၅၉၀၈၂၆ ကျင်း၊ မြေဖို့ကြိတ်ခြင်း ၆၀၀၀၀ ကျင်း၊ လေယာဉ်ပြေးလမ်းကျောက်ကတ္တရာခင်းလုပ်ငန်း (၂၀၀ x ၁၀၀)ပေ ဆောင်ရွက်ခြင်း၊ လေယာဉ်ရပ်နားရန်နေရာ ( ၂၅၀ x ၂၅၀) ပေနှင့် လေယာဉ်ဝင်၊ ထွက်လမ်း ကျောက်ကတ္တရာခင်းတည်ဆောက်ခြင်း၊ လေယာဉ်ပြေးလမ်း(၆၀၀၀ x ၁၀၀) ပေ၊ လေယာဉ်ရပ်နားရန်နေရာ( ၂၅၀ x ၂၅၀)ပေနှင့် လေယာဉ်ဝင်၊ ထွက်လမ်း နိုင်လွန်ကတ္တရာခင်းခြင်း။

compaction Methods ဖြင့် မြေထိန်းနံရံတည်ဆောက်ခြင်း၊ (R2–6th to 17th step)လေဆိပ်အဆောက်အဦသစ် (၁၅၆ x ၈၄) ပေ တစ်ထပ်ခွဲအဆောက်အဦ လုပ်ငန်း၏ အချောသပ် တည်ဆောက်ခြင်းလုပ်ငန်း၊ မီးသတ်အဆောက်အဦ (၄၈ x ၃၄) ပေနှင့် တွဲလျက် ပေ ၆၀ အမြင့်ရှိ လေကြောင်းထိန်းမျှော်စင်အချောသပ်လုပ်ငန်း၊ လေဆိပ်အဆောက်အဦသစ်အနီးအနားတွင် Landscaping လုပ်ငန်းဆောင်ရွက်ခြင်း၊ RC Underground Drain တည်ဆောက်ခြင်း၊Terminal ဘက်ခြမ်း Apron တွင် RC Drain တည်ဆောက်ခြင်း၊ မီးသတ်လမ်းတွင် RC Drain တည်ဆောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်သွားမည်ဖြစ်သည်။

ယခုအခါ ပတ်ဝန်းကျင် တောင်တန်းထူထပ်မှုနှင့် ရာသီဥတုအခြေအနေများပေါ်မူတည်၍ လေယာဉ်ကွင်းဆိုင်ရာ လိုအပ်သော Navigation Facilities များ တပ်ဆင်ခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။

**ခရမ်းစိုးမြင့်**



# တောင်ကိုရီးယားက စစ်အတွင်း အတင်းအဓမ္မလုပ်အားစေခိုင်းမှုများနှင့်ပတ်သက်ပြီး ဂျပန်နှင့်ဆွေးနွေးရန် တောင်းဆို

**ဆိုးလ် အောက်တိုဘာ ၃၀**

တောင်ကိုရီးယားအစိုးရအနေဖြင့်စစ်အတွင်းက အတင်းအဓမ္မလုပ်အားစေခိုင်းမှုများနှင့်ပတ်သက်ပြီး ဂျပန်နှင့်ထိပ်သီးဆွေးနွေးပွဲကျင်းပရန် ဆန္ဒရှိနေသည်။ ဒုတိယကမ္ဘာစစ်အတွင်းက လုပ်သားများအား အတင်းအဓမ္မလုပ်အားစေခိုင်းမှုဖြင့် ဂျပန်ကုမ္ပဏီတစ်ခုအား တောင်ကိုရီးယားတရားရုံးချုပ်က လျော်ကြေးငွေပေးဆောင်ရန် အမိန့်ချမှတ်မှုမှာ ဗုဒ္ဓဟူးနေ့က တစ်နှစ်ပြည့်မြောက်ခဲ့သည်။

ဂျပန်အစိုးရ၏ ပြောကြားချက်အရ ၎င်းလျော်ကြေးငွေတောင်းဆိုသည့် အရေးအား ၁၉၆၅ ခုနှစ်ကတည်းက ပြီးပြည့်စုံစွာဖြေရှင်းပြီးဖြစ်ကြောင်း ပြောကြားခဲ့သည်။ ယခုပဋိပက္ခဖြစ်ပွားနေသော အခြေအနေမှာ နှစ်ဖက်ဆက်ဆံရေးကို ဆိုးရွားစေသည်။ တိုကျိုအနေဖြင့် တောင်ကိုရီးယားသို့ တင်ပို့မည့် ပို့ကုန်များအား လုံခြုံရေးအကြောင်းပြချက်ဖြင့် ထိန်းချုပ်နေသည်။ အခြားတစ်ဖက်တွင်လည်း တောင်ကိုရီးယားသည် ဂျပန်နှင့်လုံခြုံရေးဆိုင်ရာအချက်အလက်များ ဖလှယ်မည့် သဘောတူညီချက်ကို အဆုံးသတ်ရန်ဆန္ဒရှိနေပြီး ထိုအကြောင်းအရာနှင့်ပတ်သက်ပြီး အမေရိကန်က စိုးရိမ်နေသည်။ ဂျပန်ကုမ္ပဏီများမှသိမ်းဆည်းထားသော ပစ္စည်းများအား ရောင်းချရန်လည်း တောင်ကိုရီးယားဘက်မှ ခြေလှမ်းပြင်နေသည့်အနေအထားတွင်ရှိသည်။

မွန်ဂျေအင်း၏ အစိုးရအဖွဲ့မှ တာဝန်ရှိသူအချို့က ဂျပန်ကုမ္ပဏီများအနေဖြင့် အမှန်တကယ်ထိခိုက်နစ်နာမှုရှိခဲ့ပါက နှစ်ဖက်ဆက်ဆံရေးအခြေအနေသည် အလွန်ဆိုးရွားသော အခြေအနေသို့ ဦးတည်နိုင်ကြောင်း ပြောကြားခဲ့ပြီး အခြေအနေမဆိုးရွားမီ ထိုအရေးကိုအပြီးသတ်သင့်ကြောင်း ဆိုသည်။ အဆိုပါအရေးအားဖြေရှင်းရန်အတွက် တောင်ကိုရီးယားအစိုးရအနေဖြင့် ဂျပန်နှင့် သံတမန်လမ်းကြောင်းကို ပိုမိုတိုးမြှင့်ခဲ့သည်။ ဂျပန်ကက်ဘိနက်အကြီးအကဲ ယိုရှီဟီဒီဆူဂါက ဂျပန်အနေဖြင့် ၁၉၆၅ ခုနှစ်တွင် ရရှိခဲ့သော သဘောတူညီချက်ကိုအခြေခံကာ နှစ်ဖက်ဆွေးနွေးရန် ဖိတ်ခေါ်ခဲ့သော်လည်း တောင်ကိုရီးယားက အဆိုပါကမ်းလှမ်းချက်ကို တုံ့ပြန်ခြင်းမပြုခဲ့ချေ။

**ကိုးကား-အင်န်အိတ်ချ်ကေ**
**ဘာသာပြန်-စိုးသူရ**

# ဂျပန်နိုင်ငံ၏ အစားအစာသွင်းကုန်ကန့်သတ်ချက်များကို အီးယူဖြေလျှော့ပေးမည်

**တိုကျို အောက်တိုဘာ ၃၀**

ဥရောပသမဂ္ဂ(အီးယူ)သည် ဂျပန်နိုင်ငံ၏ အစားအစာထုတ်ကုန်များအနက်မှ တချို့အပေါ် နိုဝင်ဘာလလယ်မှစတင်ကာ သွင်းကုန်ကန့်သတ်ချက်များကို တစ်စိတ်တစ်ပိုင်း ဖြေလျှော့ပေးမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်ကို အင်န်အိတ်ချ်ကေသတင်းတစ်ရပ်က ဖော်ပြထားသည်။

ဖူကူရှီးမားဓာတ်အားပေးစက်ရုံတွင် ၂၀၁၁ ခုနှစ်က နျူကလီးယား မတော်တဆမှုဖြစ်ပွားခဲ့ပြီးနောက်ပိုင်း အီးယူက ကုန်ပစ္စည်းတချို့အပေါ် ဓာတ်ရောင်ခြည်စမ်းသပ်မှုဆိုင်ရာ ကန့်သတ်မှုများ လုပ်ဆောင်ခဲ့သည်။

ဂျပန်နိုင်ငံ အီဝါတေး၊ တိုချီဂီနှင့် ချီဘာစီရင်စုများမှ လာသည့် စိုက်ပျိုးရေးနှင့် ငါးလုပ်ငန်းထွက်ကုန်ပစ္စည်းများအပေါ် ကန့်သတ်မှုများအားလုံးကို နိုဝင်ဘာ ၁၄ ရက်မှ စတင်ကာ ဖယ်ရှားပေးမည်ဖြစ်ကြောင်း ဥရောပကော်မရှင်က ပြောကြားခဲ့သည်။

ဂျပန်နိုင်ငံကလည်း အီးယူ၏ ဂျပန်သွင်းကုန်ပစ္စည်းများအပေါ် ကန့်သတ်မှုများ ဖြေလျှော့ပေးမည်ဟုပြောကြားချက်ကို ကြိုဆိုပါကြောင်း ဂျပန်အစိုးရ၏ ထိပ်တန်းပြောခွင့်ရပုဂ္ဂိုလ် ယိုရှီဟီဒီဆူဂါက ပြောကြားခဲ့သည်။

အီးယူ၏ ယခုဆုံးဖြတ်ချက်သည် စက်တင်ဘာလအတွင်းက ဂျပန်ဝန်ကြီးချုပ် ရှင်ဇိုအာဘေးနှင့် ဥရောပကော်မရှင်ဥက္ကဋ္ဌ ဂျန်ကာတို့ တွေ့ဆုံမှုမှရရှိခဲ့သည့် ရလဒ်တစ်ခုဖြစ်သည်။

ဥရောပကော်မရှင်သည် ဂျပန်နိုင်ငံ၏ အခြားသောဒေသများမှ ကုန်ပစ္စည်းအချို့အပေါ် လိုအပ်ချက်များဆိုင်ရာ စမ်းသပ်ခြင်းများကိုလည်း အဆုံးသတ်မည်ဖြစ်ကြောင်း အဆိုပါ ကန့်သတ်မှုတွင် စီရင်စုကိုးခုမှ တချို့သောကုန်ပစ္စည်းကို အကျိုးသက်ရောက်မှုဖြစ်စေမည့် ဖြေလျှော့မှုများ ဆက်လက်လုပ်ဆောင်ပေးသွားမည် ဖြစ်ကြောင်းလည်း သိရသည်။ ယင်းကုန်ပစ္စည်းများတွင် ဖူကူရှီးမားမှ ရေထွက်ကုန်ပစ္စည်းနှင့် သစ်တောထွက်ပစ္စည်းတချို့ ပါဝင်သည်။

ဂျပန်အစိုးရတာဝန်ရှိသူများကလည်း ကျန်ရှိနေသည့် ကန့်သတ်မှုများကိုလည်း ဖယ်ရှားပေးရန် အီးယူထံ တောင်းဆိုသွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

**ကိုးကား-အင်န်ချိတ်ကေ**
**ဘာသာပြန်-အလင်းသစ်**

# အိုင်အက်စ်ခေါင်းဆောင်သေဆုံးသွားပြီးနောက် ယင်းအဖွဲ့ကို အမေရိကန်က သတိထားစောင့်ကြည့်နေ

**ဝါရှင်တန် အောက်တိုဘာ ၃၀**

အစ္စလာမ္မစ်နိုင်ငံ ထူထောင်ရေးအဖွဲ့ (အိုင်အက်စ်)၏ ခေါင်းဆောင်သေဆုံးသွားပြီးနောက်တွင် အမေရိကန်ကာကွယ်ရေးတာဝန်ရှိသူများက ယင်းစစ်သွေးကြွအုပ်စုနှင့်ပတ်သက်ပြီး ဆက်လက်သတိထားစောင့်ကြည့်နေကြောင်း အင်န်အိတ်ချ်ကေ သတင်း၌ ဖော်ပြသည်။

လွန်ခဲ့သည့် သီတင်းပတ်ကုန်ပိုင်းက ဆီးရီးယားနိုင်ငံအနောက်မြောက်ပိုင်း၌ အမေရိကန်စစ်ဘက်မှ အထူးတပ်ဖွဲ့ဝင်များ၏ စစ်ဆင်ရေးတစ်ခုအတွင်း၌ အိုင်အက်စ်အဖွဲ့ခေါင်းဆောင် အဘူဘာကာအယ်လ်ဘာ့ဂ်ဒါဒီသည် မိမိကိုယ်ကိုယ်အသေခံဗုံးဖောက်ခွဲခဲ့ကြောင်း အမေရိကန်အစိုးရက ပြောကြားခဲ့သည်။

အမေရိကန်သမ္မတဒေါ်နယ်ထရမ့်သည် အောက်တိုဘာ ၂၈ ရက်တွင် အီလီနွိုက်စ်ပြည်နယ် ချီကာဂိုမြို့၌ မိန့်ခွန်းတစ်ရပ်ပြောကြားခဲ့ရာ၌ အိုင်အက်စ်ခေါင်းဆောင် ဘာ့ဂ်ဒါဒီသေဆုံးခဲ့သော လွန်ခဲ့သည့် သီတင်းပတ်သည် အမေရိကန်အတွက် ထင်ရှားသော သီတင်းပတ်ဖြစ်ကြောင်း ထည့်သွင်းပြောကြားခဲ့သည်။

ယင်းစစ်ဆင်ရေးနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားမှုကို အောက်တိုဘာ ၂၈ ရက်က ပြုလုပ်ခဲ့ရာတွင် အမေရိကန်ပူးတွဲစစ်ဦးစီးအဖွဲ့ဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီး မာ့ခ်မီလီက အိုင်အက်စ်ခေါင်းဆောင်၏ ရုပ်အလောင်းကို သင်္ဂြိုဟ်ခဲ့ပြီးဖြစ်ကြောင်း ပြောကြားခဲ့သည်။ ယင်းရုပ်အလောင်းကို ပင်လယ်ပြင်အတွင်း၌ သင်္ဂြိုဟ်ခဲ့ဖွယ်ရှိသည်ဟု အမေရိကန်သတင်းမီဒီယာများက ပြောကြားသည်။

အိုင်အက်စ်အဖွဲ့ခေါင်းဆောင်သေဆုံးမှုနှင့် ပတ်သက်ပြီး ယင်းအဖွဲ့က လတ်တလောတွင် မည်သည့်လက်တုံ့ပြန်လုပ်ဆောင်မှုမှာ မပြုသေးပေ။ အိုင်အက်စ်စစ်သွေးကြွအဖွဲ့ဝင်များ၏ လက်တုံ့ပြန်တိုက်ခိုက်မှုများ ဖြစ်ပေါ်လာနိုင်ဖွယ်ရှိခြင်းကြောင့် သတိထားစောင့်ကြည့်ရန် လိုအပ်ကြောင်း နိုင်ငံအချို့က ပြောကြားခဲ့သည်။

အမေရိကန် ကာကွယ်ရေးဝန်ကြီးမက်ခ်အက်စ်ပါက အောက်တိုဘာ ၂၈ ရက်၌ သတင်းထောက်များအား ပြောကြားရာ၌ ဆီးရီးယားနိုင်ငံ၏ လုံခြုံရေးအခြေအနေမှာ ရှုပ်ထွေးနေဆဲဖြစ်ကြောင်း၊ အမေရိကန်စစ်ဘက်၏ အဓိကတာဝန်မှာ အစ္စလာမ္မစ်နိုင်ငံထူထောင်ရေးအဖွဲ့ (အိုင်အက်စ်)အား အပြီးအပြတ်ချေမှုန်းလိုက်နိုင်ခြင်းကို အာမခံရန်ဖြစ်ကြောင်း ဖြည့်စွက်ပြောကြားခဲ့သည်။

**ကိုးကား-အင်န်အိတ်ချ်ကေ**
**ဘာသာပြန်-ဇော်ဝင်း**

# ရာသီဥတုအရေး တက်ကြွစွာဆက်လက်လုပ်ဆောင်သွားမည့် ဂရီတာ ထန်းဘတ်ဂျ်

ကမ္ဘာတစ်ဝန်း ရာသီဥတုပြောင်းလဲမှုဖြစ်စဉ်များကို ကာကွယ်တားဆီးရန် စိတ်အားထက်သန် တက်ကြွလှုပ်ရှားသူတစ်ဦးဖြစ်သူ ဆွီဒင်နိုင်ငံသူ ဂရီတာ ထန်းဘတ်ဂျ်အား စကင်ဒီနေဗီးယားနိုင်ငံများ၏ ပါလီမန်အတွင်း ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ အဖွဲ့အစည်းတစ်ခုဖြစ်သည့် သည်နော်ဒစ်ကောင်စီက ရာသီဥတုအရေး သူ၏လှုပ်ရှားမှုများကို အင်တိုက်အားတိုက် ဆက်လက်လုပ်ဆောင်ရန်အတွက် ရည်ရွယ်ပြီး ဆုချီးမြှင့်ခဲ့ပါသည်။ သို့သော် ဂရီတာထန်းဘတ်ဂျ်က အဆိုပါဆုကို လက်ခံရရှိရန် ငြင်းပယ်ခဲ့ပါသည်။




**ကမ္ဘာကြီးကျန်းမာဖို့သာ အဓိက**

“ရာသီဥတုဖောက်ပြန်မှုများကို တားဆီးကာကွယ်ရန်မှာ ဆုတံဆိပ်တွေမလိုအပ်ပါဘူး။ လူသားတွေရဲ့အသက်နဲ့စည်းစိမ်တွေကို ကာကွယ်စောင့်ရှောက်ဖို့ ကျွန်မတို့နေထိုင်နေတဲ့ ကမ္ဘာကြီးကို ကျန်းမာအောင် လုပ်ဆောင်ဖို့သာလိုပါတယ်။ ဒီလိုကာကွယ်စောင့်ရှောက်ဖို့ဆိုရင် ကျွန်မတို့ကမ္ဘာကြီးအပေါ် အဓိကခြိမ်းခြောက်နေတဲ့ ကမ္ဘာကြီးပူနွေးလာမှု (အိုဇုန်းလွှာပါးလာမှု)ရဲ့ အကြောင်းရင်းခံဖြစ်တဲ့ ကာဗွန်ဒိုင်အောက်ဆိုက်ထုတ်လွှတ်မှုကို လျှော့ချဖို့သာလျှင်အဓိကဖြစ်တယ်”ဟု ဂရီတာထန်းဘတ်ဂျ်က ပြောကြားခဲ့ပါသည်။

ဆွီဒင်နဲ့နော်ဝေနိုင်ငံတို့က ရာသီဥတုအရေး တက်ကြွလှုပ်ရှားမှုအတွက် ဂရီတာ ထန်းဘတ်ဂျ်ကို ဆုများချီးမြှင့်ရန် ကနဦးရွေးချယ်ခဲ့သည်။ ယခုနှစ်ငြိမ်းချမ်းရေးနိုဗယ်လ်ဆုချီးမြှင့်ရန် ရေပန်းစားသူများစာရင်းတွင် ဂရီတာ ထန်းဘတ်ဂျ်ပါဝင်ခဲ့သည်။

အောက်တိုဘာ ၃၀ ရက်မှာ သည်နော်ဒစ်ကောင်စီက ဂရီတာ ထန်းဘတ်ဂျ်အား အမေရိကန်ဒေါ်လာ ၅၂၀၀၀ ကို သဘာဝပတ်ဝန်းကျင် ကာကွယ်စောင့်ရှောက်သည့်ဆုအဖြစ် ချီးမြှင့်ခဲ့သော်လည်း ဂရီတာထန်းဘတ်ဂျ်က လက်ခံရယူရန် ငြင်းပယ်ခဲ့ပါသည်။ “ရာသီဥတုအရေးလှုပ်ရှားမှုအတွက် ဆုတံဆိပ်တွေမလိုအပ်ပါဘူး၊ တကယ်လိုအပ်တာက ကမ္ဘာကြီးပူနွေးလာမှုအရေး ဖြေရှင်းဖို့ကြိုးပမ်းနေတဲ့ ရာသီဥတုဆိုင်ရာ ပညာရှင်တွေရဲ့ ပြောစကားကို နားထောင်ဖို့လိုပါတယ်”ဟု သူ၏အင်စတာဂရမ်စာမျက်နှာပေါ်တွင် ရေးသားထားသည်။

ဂရီတာ ထန်းဘတ်ဂျ်က သူ့အားဆုချီးမြှင့်ခဲ့တဲ့ သည်နော်ဒစ်ကောင်စီကို ကျေးဇူးတင်စကားဆိုသော်လည်း ရာသီဥတုပြောင်းလဲရေးဖြစ်စဉ်များကို ကာကွယ်တားဆီးရန် စတင်လုပ်ဆောင်မှုမရှိသေးတဲ့ နော်ဒစ်နိုင်ငံများကို ပြစ်တင်ဝေဖန်ခဲ့သည်။

ဂရီတာ ထန်းဘတ်ဂျ်က သူ့အားချီးမြှင့်သောဆုငွေများကို ငြင်းပယ်ခဲ့တဲ့အတွက် ဒိန်းမတ်၊ ဖင်လန်နှင့် ဆွီဒင်နိုင်ငံအပါအဝင် စကင်ဒီနေဗီးယားနိုင်ငံများ ပါလီမန်များ ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ သည်နော်ဒစ်ကောင်စီက အဆိုပါဆုငွေများကို မည်သည့်နေရာတွင် အသုံးချမလဲဆိုသည်ကို ဆုံးဖြတ်ရမည်ဖြစ်သည်။

ဂရီတာ ထန်းဘတ်ဂျ်ကို ၂၀၀၃ ခုနှစ် ဇန်နဝါရီ ၃ ရက်တွင် ဆွီဒင်နိုင်ငံတွင် မွေးဖွားခဲ့သည်။ အသက် ၁၆ နှစ်အရွယ် ဂရီတာ ထန်းဘတ်ဂျ်၏ ရာသီဥတုအရေးလှုပ်ရှားမှုများသည် ကမ္ဘာတစ်ဝန်းရှိပြည်သူများအား ရာသီဥတုဖောက်ပြန်မှုများကို ကာကွယ်တားဆီးရန် လှုံ့ဆော်ပေးခဲ့သည်။

**ရာသီဥတုအရေး တစ်ကိုယ်တော်ဆန္ဒထုတ်ဖော်**

အသက် ၁၆ နှစ်အရွယ်သာရှိသေးတဲ့ ဂရီတာထန်းဘတ်ဂျ်က သူ့ရဲ့အနာဂတ်အတွက် သောကြာနေ့များ လှုပ်ရှားမှုကို ၂၀၁၈ ခုနှစ် ဩဂုတ်လတွင် ဆွီဒင်ပါလီမန်ရှေ့မှာ တစ်ကိုယ်တော် ဆန္ဒထုတ်ဖော်ပြီးစတင်ခဲ့သည်။ သူ၏လှုပ်ရှားမှုတွင် ကျောင်းသား၊ကျောင်းသူအများစု ပါဝင်လာခဲ့သည်။ ၂၀၁၈ ခုနှစ် ကုလသမဂ္ဂရာသီဥတုပြောင်းလဲမှုဆိုင်ရာ အစည်းအဝေးတွင် ဂရီတာထန်းဘတ်ဂျ်က ရာသီဥတုဖောက်ပြန်မှုများကို ကာကွယ်တားဆီးရေးအတွက် မိန့်ခွန်းပြောကြားခဲ့ပြီးနောက် ကမ္ဘာတစ်ဝန်းရှိ နိုင်ငံများတွင် ရာသီဥတုဆိုင်ရာ ဆန္ဒထုတ်ဖော်ပွဲများ ပေါ်ပေါက်လာခဲ့သည်။ ၂၀၁၉ ခုနှစ် စက်တင်ဘာလတွင် အမေရိကန်ပြည်ထောင်စု နယူးယောက်မြို့တွင် ကျင်းပခဲ့သည့် ကုလသမဂ္ဂရာသီဥတုဆိုင်ရာ ညီလာခံတွင် ကမ္ဘာကြီးပူနွေးလာမှုကို ဖြစ်ပွားစေသည့် ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့ ထုတ်လွှတ်မှုလျှော့ချရေးအတွက် ဂရီတာထန်းဘတ်ဂျ်ကသူ၏မိန့်ခွန်းထဲတွင် အဓိကထား ပြောကြားခဲ့သည်။ **ကိုးကား-ဘီဘီစီ၊ စီအင်န်အင်န်**

**ဘာသာပြန်-အောင်ကျော်ကျော်**

# အပန်းဖြေစခန်းကိစ္စဆွေးနွေးရန် တောင်ကိုရီးယား၏ကမ်းလှမ်းမှုကို မြောက်ကိုရီးယားပယ်ချ



**ဆိုးလ် အောက်တိုဘာ ၃၀**

နှစ်နိုင်ငံ ပူးတွဲတည်ဆောက်ခဲ့သည့် ကမ္ဘာလှည့်ခရီးသည် အပန်းဖြေစခန်းရှိ တောင်ကိုရီးယားနိုင်ငံပိုင် အဆောက်အအုံများကို ကိုင်တွယ်ရန်ကိစ္စနှင့်ပတ်သက်၍ နှစ်နိုင်ငံဆွေးနွေးပွဲများ ပြုလုပ်ရန် အဆိုပြုချက်ကို မြောက်ကိုရီးယားနိုင်ငံက ပယ်ချခဲ့ကြောင်း တောင်ကိုရီးယားနိုင်ငံက ပြောကြားသည်။

တောင်ကိုရီးယားနိုင်ငံသည် ကမ္ဘာလှည့်ခရီးသွားဒေသဖြစ်သည့် ကွမ်ဂမ်တောင်တွင် လုပ်ငန်းအဆင့် ဆွေးနွေးပွဲများပြုလုပ်လိုသည်။ ထိုတောင်ပေါ်တွင် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှု အမှတ်သင်္ကေတတစ်ခုအဖြစ် ၁၉၈၈ ခုနှစ်က ပူးတွဲလုပ်ငန်းစီမံကိန်းတစ်ခုကို စတင်ဆောင်ရွက်ခဲ့သည်။

ပြီးခဲ့သည့်အပတ်က မြောက်ကိုရီးယားခေါင်းဆောင်ကင်ဂျုံအန်က ယင်းအပန်းဖြေစခန်းရှိ တောင်ကိုရီးယားပိုင်အဆောက်အအုံများကို ဖယ်ရှားရန် အမိန့်ပေးခဲ့မှုကို တုံ့ပြန်သည့်အနေဖြင့် ဆွေးနွေးပွဲပြုလုပ်ရန် တောင်ကိုရီးယားနိုင်ငံက တနင်္လာနေ့က ဖိတ်ခေါ်ခဲ့ခြင်းဖြစ်သည်။

တောင်ကိုရီးယားနိုင်ငံ၏ ပြန်လည်ပေါင်းစည်းရေးဝန်ကြီးဌာန အဆိုအရ ယင်းကိစ္စကို မျက်နှာချင်းဆိုင်တွေ့ဆုံဆွေးနွေးမှုထက် စာရွက်စာတမ်းအထောက်အထားများ အပြန်အလှန်လဲလှယ်၍ ဆွေးနွေးမှုပြုလုပ်သင့်သည်ဟု မြောက်ကိုရီးယားနိုင်ငံက ပြောကြားသည်ဟု ဆိုသည်။

ကမ္ဘာလှည့်ခရီးသည် တစ်ဦးသေဆုံးပြီးနောက် တောင်ကိုရီးယားနိုင်ငံက ၂၀၀၈ ခုနှစ်တွင် ယင်းအပန်းဖြေစခန်းသို့ ခရီးသွားခြင်းကို ရပ်ဆိုင်းခဲ့ချိန်မှစ၍ ယင်းအပန်းဖြေစခန်းရှိ လုပ်ငန်းဆောင်တာများ ရပ်ဆိုင်းခဲ့ကြောင်း သိရသည်။

**ကိုးကား– အင်န်အိတ်ချ်ကေ**
**ဘာသာပြန်– အောင်ဇော်လင်း**

# အာဖဂန်ငြိမ်းချမ်းရေးလုပ်ငန်းစဉ်နှင့်စပ်လျဉ်း၍ ပါကစ္စတန်ဝန်ကြီးချုပ်နှင့် အမေရိကန်အထူးသံတမန်ဆွေးနွေး

**ဝါရှင်တန် အောက်တိုဘာ ၃၀**

အမေရိကန်နှင့် တာလီဘန်အုပ်စုအကြား ဆွေးနွေးညှိနှိုင်းမှုတွင် အမေရိကန်ကိုယ်စားလှယ်အား ဦးဆောင်သောသံတမန်တစ်ဦးသည် နှစ်ရက်ကြာခရီးအဖြစ် အောက်တိုဘာ ၂၈ ရက်မှ ၂၉ ရက်အထိ ပါကစ္စတန်နိုင်ငံသို့ သွားရောက်လည်ပတ်ခဲ့ရာ လက်ရှိအာဖဂန်ငြိမ်းချမ်းရေးဖြစ်စဉ်နှင့် အာဖဂန်နစ္စတန်နိုင်ငံအတွင်း စစ်ပွဲပဋိပက္ခအဆုံးသတ်ရေး အရေးကြီးပုံကို ပါကစ္စတန်တာဝန်ရှိသူများနှင့်အတူ ညှိနှိုင်းဆွေးနွေးခဲ့ကြသည်။

အမေရိကန်သံတမန် ဇာလ်မေခါလီးလ်ဇတ်သည် ပါကစ္စတန်ဝန်ကြီးချုပ် အီမရန်ခန်း၊ စစ်ဦးစီးချုပ် ကာမာဂျာဗက်ဘာဂျ္ဂာနှင့် အခြားတာဝန်ရှိသူများနှင့်အတူ ညှိနှိုင်းဆွေးနွေးခဲ့ကြပြီး ဆွေးနွေးစဉ်ငြိမ်းချမ်းရေးမှတစ်ဆင့် ဒေသတွင်းဖြစ်ထွန်းလာမည့် စီးပွားရေးနှင့်လုံခြုံရေးဆိုင်ရာ အကျိုးအမြတ်နှင့်ပတ်သက်၍ အလေးထားဆွေးနွေးခဲ့ကြောင်း ပါကစ္စတန်နိုင်ငံဆိုင်ရာ အမေရိကန်သံရုံးက ပြောကြားသည်။

ဇာလ်မေခါလီးလ်ဇတ်သည် ယခုလအတွင်း ပါကစ္စတန်နိုင်ငံသို့ နှစ်ကြိမ်ရောက်ရှိလာခဲ့ပြီး ၎င်း၏ ပါကစ္စတန်ခရီးစဉ် အတောအတွင်း အမေရိကန်နှင့် တာလီဘန်အုပ်စုအကြား ရပ်တန့်နေသော ငြိမ်းချမ်းရေးဆွေးနွေးမှုကို ပြန်လည်စတင်ရန် အဓိကထားဆွေးနွေးခဲ့သည်။ အမေရိကန်သံတမန်သည် ယခုလအစောပိုင်းက ပါကစ္စတန်သို့ရောက်ရှိစဉ် တာလီဘန်အုပ်စုဘက်မှ ငြိမ်းချမ်းရေးစေ့စပ်ညှိနှိုင်းရေးမှူး မူလာအဗ္ဗဒုလ်ဂါနီဘာရာဒါနှင့်အတူ အစ္စလာမ္မာဘတ်မြို့တွင် တွေ့ဆုံဆွေးနွေးခဲ့ကြကြောင်း သိရသည်။

ပြီးခဲ့သည့်စက်တင်ဘာလ အစောပိုင်းက အာဖဂန်နစ္စတန်နိုင်ငံ မြို့တော်ကဘူး၌ အသေခံဗုံးခွဲတိုက်ခိုက်မှုတစ်ခုဖြစ်ပွားခဲ့ပြီး အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦး အပါအဝင် အခြားလူ ၁၀ ဦးထက်မနည်း သေဆုံးခဲ့ပြီးနောက် အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်က အမေရိကန်နှင့် တာလီဘန်အုပ်စုအကြား ငြိမ်းချမ်းရေးဆွေးနွေးမှုကို ဖျက်သိမ်းခဲ့ခြင်းဖြစ်သည်။

ထို့အပြင် ဇာလ်မေခါလီးလ်ဇတ်ကို ပါကစ္စတန်ဝန်ကြီးချုပ် အီမရန်ခန်းက အောက်တိုဘာ ၂၈ ရက်တွင် လက်ခံတွေ့ဆုံခဲ့ပြီး တွေ့ဆုံစဉ်စစ်မက်ဖြစ်ပွားရာ အာဖဂန်နစ္စတန်၌ ငြိမ်းချမ်းရေးရရှိရေးနှင့် စေ့စပ်ညှိနှိုင်းမှုများအတွက် အမေရိကန်ပြည်ထောင်စု၏ ကြိုးပမ်းလုပ်ဆောင်နေမှုအပေါ် ပါကစ္စတန်အနေဖြင့် ထောက်ခံအားပေးသလို ရပ်တန့်နေသော အာဖဂန်ငြိမ်းချမ်းရေးဆွေးနွေးမှုပြန်လည်စတင်ရေးအတွက် အခက်အခဲနှင့်အဟန့်အတားများအား ဖယ်ရှားရာတွင်လည်း ပါကစ္စတန်အနေဖြင့် အကူအညီပေးမည်ဖြစ်ကြောင်း အီမရန်ခန်းက ထုတ်ဖော်ပြောကြားခဲ့သည်။

အမေရိကန်သံတမန်သည် အာဖဂန်ငြိမ်းချမ်းရေးလုပ်ငန်းစဉ်နှင့်စပ်လျဉ်း၍ ပါကစ္စတန်ခေါင်းဆောင်များနှင့် နိုင်ငံရေးသမားများအား တွေ့ဆုံခဲ့ပြီးနောက် ပါကစ္စတန်အရပ်ဘက်နှင့် စစ်ဘက်ခေါင်းဆောင်များကိုလည်း တွေ့ဆုံခဲ့ကြောင်း သိရသည်။

အာဖဂန်နစ္စတန်နွယ်ဖွား အမေရိကန်ဝါရင့်သံတမန်တစ်ဦးဖြစ်သူ ဇာလ်မေခါလီးလ်ဇတ်သည် အာဖဂန်နစ္စတန်နိုင်ငံမှ အမေရိကန်တပ်ဖွဲ့အများစု ရုပ်သိမ်းရေးနှင့် အာဖဂန်နစ္စတန်စစ်ပွဲ အဆုံးသတ်ရေးအတွက် သဘောတူချက်တစ်ရပ် ဖော်ဆောင်နိုင်ရန် အမေရိကန်နှင့်တာလီဘန်အုပ်စုအကြား ညှိနှိုင်းဆွေးနွေးမှုများကို တစ်နှစ်ကြာ ဦးဆောင်လာခဲ့သည်။

**ကိုးကား – ဆင်ဟွာ၊ ဘာသာပြန် – ဂျေတီ**



ဟန်ဂေရီဝန်ကြီးချုပ် ဗစ်တာ အော်ဘန်နှင့် ရုရှားသမ္မတ ဗလာဒီမာပူတင်

# ကုန်သွယ်ရေးဆိုင်ရာ ဆွေးနွေးမှုများပြုလုပ်ရန် ရုရှားသမ္မတ ဟန်ဂေရီသို့ သွားရောက် လည်ပတ်

**ဘူဒါပက် အောက်တိုဘာ ၃၀**

ရုရှားသမ္မတဗလာဒီမာပူတင်သည် ကုန်သွယ်ရေးနှင့် စွမ်းအင်ဆိုင်ရာ ဆွေးနွေးမှုများပြုလုပ်ရန်အတွက် ဟန်ဂေရီနိုင်ငံ ဘူဒါပက်မြို့သို့ ယနေ့သွားရောက်လည်ပတ်ခဲ့သည်။

ရုရှားသမ္မတပူတင်နှင့် ဟန်ဂေရီဝန်ကြီးချုပ် ဗစ်တာအော်ဘန်တို့သည် လွန်ခဲ့သည့်ငါးနှစ်အတွင်း အနည်းဆုံးနှစ်စဉ်တစ်ကြိမ်ခန့် တွေ့ဆုံဆွေးနွေးလျက်ရှိကြပြီး ယမန်နှစ်က နှစ်ကြိမ်တွေ့ဆုံဆွေးနွေးခဲ့သည်။ ပူတင်အနေဖြင့် ဥရောပသမဂ္ဂနှင့် နေတိုးအဖွဲ့ဝင်နိုင်ငံဖြစ်သည့် ဟန်ဂေရီခေါင်းဆောင်အား ယင်းကဲ့သို့ ချဉ်းကပ်နေမှုကြောင့် အနောက်အင်အားကြီးနိုင်ငံများတွင် စိုးရိမ်ပူပန်မှုများ ဖြစ်ပေါ် စေခဲ့သည်။

အော်ဘန်သည်ယမန်နှစ်က ရုရှားနိုင်ငံသို့သွားရောက်လည်ပတ်ခဲ့ပြီး ခရိုင်းမီးယားအရေးနှင့်ပတ်သက်၍ ရုရှားနိုင်ငံအပေါ် ဥရောပသမဂ္ဂ၏အရေးယူပိတ်ဆို့မှုကို ပြစ်တင်ရှုတ်ချခဲ့သည်။ ဟန်ဂေရီနိုင်ငံသည် ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံများအနက် ရုရှားနှင့် အရင်းနှီးဆုံးနိုင်ငံ ဖြစ်သည်။

အော်ဘန်သည် မကြာသေးမီနှစ်များက အရှေ့ဘက်နိုင်ငံများအတွက် တံခါးဖွင့်မူဝါဒတစ်ရပ် ကျင့်သုံးခဲ့ပြီး သူ့ကိုယ်သူအနောက်နှင့် အရှေ့အကြား ပေါင်းကူးတံတား သဖွယ် သတ်မှတ်ထားသူတစ်ဦး ဖြစ်သည်။

ပူတင်နှင့် အော်ဘန်တို့သည် နျူကလီးယား ဓာတ်ပေါင်းဖိုစက်ရုံ နှစ်ခု တည်ဆောက်ရေးအတွက် လွန်ခဲ့သည့် ၂၀၁၄ ခုနှစ်က အမေရိကန်ဒေါ်လာ ၁၁ ဘီလီယံတန်ဖိုးရှိသည့် ချေးငွေဆိုင်ရာ သဘောတူစာချုပ်တစ်ရပ်ကို လက်မှတ်ရေးထိုးခဲ့ကြသည်။ သို့သော် အဆိုပါချေးငွေ၏ သက်တမ်းကာလကိုမူ ပြန်လည်ညှိနှိုင်းရန် နှစ်ဦးနှစ်ဖက်က သဘောတူခဲ့ကြကြောင်း သိရသည်။

**ကိုးကား – အေအက်ဖ်ပီ**
**ဘာသာပြန် – ဂျေတီ**

# ဒေါ်လာ ၃၄ ဘီလီယံတန်ဖိုးရှိ အက်ဖ်-၃၅တိုက်လေယာဉ်များဝယ်ယူရေးစီမံချက် ပင်တဂွန် ကြေညာ

**ဝါရှင်တန် အောက်တိုဘာ ၃၀**

စုစုပေါင်းအမေရိကန်ဒေါ်လာ ၃၄ ဘီလီယံတန်ဖိုးရှိ F–35 Lighting II လေယာဉ် ၄၇၈ စင်းဝယ်ယူရန် ကာကွယ်ရေးပစ္စည်းထုတ်လုပ်ရေးလုပ်ငန်း လော့ဟိမာတင်ကုမ္ပဏီနှင့် သဘောတူညီချက်တစ်ရပ်ကို အမေရိကန်ကာကွယ်ရေးဝန်ကြီးဌာနကအပြီးသတ်လိုက်ပြီဖြစ်ကြောင်း အမေရိကန်တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

အက်ဖ်–၃၅ အစီအစဉ် အမှုဆောင်အရာရှိ အမေရိကန်လေတပ်မှ ဒုတိယဗိုလ်ချုပ်ကြီး အဲရစ်ဖက်ခ်၏ ပြောကြားချက်အရသဘောတူညီချက်တွင် အမေရိကန်လေတပ်က အသုံးပြုသည့် စံနမူနာမော်ဒယ်တစ်ခုဖြစ်သည့် အက်ဖ်–၃၅ အေဂျက်တိုက်လေယာဉ် ၃၅၁ စင်း၊ ကမ်းတက်တပ်ဖွဲ့က အသုံးပြုသည့် အက်ဖ်–၃၅ ဘီ တိုက်လေယာဉ် ၈၆ စင်းနှင့် လေယာဉ်တင်သင်္ဘော အခြေပြုစစ်ဆင်ရေးများအတွက် အက်ဖ်–၃၅ စီတိုက်လေယာဉ် ၄၁ စင်းပါဝင်ကြောင်း သိရသည်။

သဘောတူစာချုပ်တွင် အမေရိကန်အစိုးရဌာနများအတွက် လေယာဉ် ၂၉၁ စင်း၊ အက်ဖ်–၃၅ နိုင်ငံတကာမိတ်ဖက်များအတွက် ၁၂၇ စင်းနှင့် အက်ဖ်–၃၅ ပြည်ပစစ်ဘက်ဆိုင်ရာ အရောင်းဖောက်သည်များအတွက် အစင်း ၆၀ ပါဝင်ကြောင်း လော့ဟိမာတင်ကုမ္ပဏီက ထုတ်ပြန်ချက်တစ်ခုအတွင်း ပြောကြားခဲ့သည်။

အမေရိကန်နိုင်ငံကမူအားဖြင့် ငွေကြေးပံ့ပိုးထားသည့် အက်ဖ်–၃၅ အစီအစဉ်မှာ သမိုင်းတွင်အကုန်အကျအများဆုံး စစ်လက်နက်ပစ္စည်းများ ထုတ်လုပ်ရေးစနစ်ဖြစ်သော်လည်း ကုန်ကျစရိတ်မြင့်မားမှုနှင့် ပေးပို့မှုနှောင့်နှေးခြင်းကြောင့် ဝေဖန်ခံနေရသည်။ လက်ရှိအချိန်တွင် အက်ဖ်–၃၅ လေယာဉ် အစင်း ၄၄၀ ကို ကမ္ဘာတစ်ဝန်းရှိ စစ်ဘက်ဆိုင်ရာအဖွဲ့အစည်းများသို့ ပေးပို့ပြီးဖြစ်ကြောင်း ပင်တဂွန်၏ ပြောကြားချက်အရ သိရသည်။

**ကိုးကား– ဆင်ဟွာ**
**ဘာသာပြန် – ကျော်ထိုက်စိုး**



# မြို့နယ်အချို့တွင် မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

**နေပြည်တော် အောက်တိုဘာ ၃၀**
တပ်မတော်မှ အောက်တိုဘာ ၂၈ ရက် ညနေပိုင်းတွင် ကော့သောင်းမြို့နယ် လှိုင်ဂူကျွန်း အနောက်တောင်ဘက်၌ ရေဖောင်တစ်ခုနှင့် စက်လှေတစ်စင်းတို့အားတွေ့ရှိသဖြင့် သွားရောက်စစ်ဆေးရာ စက်လှေပေါ်တွင် ရဲထွန်းနှင့် ဒေါ်ခင်မျိုးမြတ်တို့အား တွေ့ရှိရပြီး ဘိန်းစာမှုန့် ၁၅ ဒသမ ၁၅၅ ကီလို တွေ့ရှိသိမ်းဆည်းရမိခဲ့သည်။ ညနေ ၄ နာရီခွဲတွင် အဆိုပါနေရာသို့ စက်လှေတစ်စင်း ထပ်မံဆိုက်ကပ်လာ၍ စစ်ဆေးရာ စက်လှေပေါ်တွင် အောင်ထိုက်အားတွေ့ရှိရပြီး ဘိန်းစာမှုန့် ၁၇ ကီလိုတို့ကို ထပ်မံသိမ်းဆည်းရမိခဲ့သည်။

အလားတူ ယင်းနေ့မွန်းလွဲ ၃ နာရီက မဘိမ်းမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မဘိမ်းမြို့နယ် ခွေးဟောင်ဒုံးကျေးရွာနေ ဇော်မင်းထိုက်၏နေအိမ်ကိုရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၄၁၀၀၀ ကိုလည်းကောင်း။

ထို့အတူ အောက်တိုဘာ ၂၉ ရက် ညနေ ၅ နာရီက မူးယစ်တပ်ဖွဲ့စု (၅၈) မိုးမိတ်မှ တပ်ဖွဲ့ဝင်များပါဝင်သောပူးပေါင်းအဖွဲ့သည် မိုးမိတ်မြို့နယ် သစ်ဆိမ့်ကုန်းကျေးရွာအုပ်စု မလွှပင်သစ်ထုတ်လုပ်ရေးစခန်းအနီးတွင် ဝင်းခိုင်မောင်းနှင်လာသည့် မော်တော်ဆိုင်ကယ်ကို ရှာဖွေရာ စိတ်ကြွဆေးပြား ၁၀၀၀ ကိုလည်းကောင်း။

အလားတူ ယင်းနေ့ မွန်းလွဲပိုင်းက မူးယစ်တပ်ဖွဲ့စု(၂၃) တန့်ယန်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် တန့်ယန်းမြို့ တန့်ယန်း-ပန်ဆန်း(ပန်ခမ်း)သွားကားလမ်း၊ မြို့ဝင်မုခ်ဦးအနီးတွင် အားမြင့်(ခ) မြင့်ဦး မောင်းနှင်ပြီး ရင်လင်ဖူး(ခ)လောက်ဖူး လိုက်ပါလာသည့် Toyota Landcruiser မော်တော်ယာဉ်ကိုရှာဖွေရာ စိတ်ကြွဆေးပြား ၂၄၈၀၀၀ နှင့် လက်ကိုင်ဖုန်း နှစ်လုံးတို့ကို သိမ်းဆည်းရမိခဲ့၍ ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**ရဲပြန်ကြား**



ဒေါ်ခင်မျိုးမြတ်၊ ရဲထွန်း၊ အောင်ထိုက်တို့အား သိမ်းဆည်းရမိသည့် ဘိန်းစာမှုန့်များနှင့်အတူ တွေ့ရစဉ်။

# ကချင်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့၌ တရားမဝင်သစ်များ ဖမ်းဆီးရမိ

**နေပြည်တော် အောက်တိုဘာ ၃၀**
သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန သစ်တောဦးစီးဌာနသည် ပြည်သူပူးပေါင်းပါဝင်မှုဖြင့် လူထုအခြေပြုစောင့်ကြပ်ကြည့်ရှုသတင်းပို့စနစ် (CMRS) ဖြင့် ပြည်သူများ၏သတင်းပေးပို့ချက်များအရ အောက်တိုဘာ ၂၅ ရက်မှ ၂၉ ရက်အတွင်း ကချင်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့၌ တရားမဝင်သစ်များ ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

သစ်တောဦးစီးဌာနမှ ဝန်ထမ်းများနှင့် နယ်မြေခံတာဝန်ရှိသူများပါဝင်သော ပူးပေါင်းအဖွဲ့များသည် ကချင်ပြည်နယ် မြစ်ကြီးနားမြို့နယ် အင်ဂျစ်ကျေးရွာအနီး၌ တရားမဝင်သစ် ၈၀ ဒသမ ၆၇၂၀ တန်နှင့် စစ်ကိုင်းတိုင်းဒေသကြီး ကနီမြို့နယ် နတ်လာပို့ကျေးရွာအနီး ချင်းတွင်းမြစ်အတွင်း၌ စက်လှေနှစ်စင်း၊ တရားမဝင်သစ် ၂၅ ဒသမ ၅၉၂၆ တန်ကို ပြစ်မှုကျူးလွန်သူ နှစ်ဦးနှင့်အတူ ဖမ်းဆီးရမိခဲ့ပြီး ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ထို့ပြင် ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ် ဇလုတ်ကြီးကျေးရွာအနီး ပဲခူးမြို့မှ မောင်းနှင်လာသော အဖြူရောင် SKAT ယာဉ်ကို ရပ်တန့်ခိုင်းစဉ် နောက်ကြောင်း ပြန်လှည့်၍ မောင်းနှင်ထွက်ပြေးပြီး နိုးဖတောကျေးရွာအနီး၌ ယာဉ်ပေါ်တွင် သယ်ဆောင်လာသည့် တရားမဝင်သစ် ၄ ဒသမ ၂၃၈ တန်ကို နောက်လှန်ချကာ ထွက်ပြေးသွားကြောင်းသိရပြီး ဆက်စပ်ပတ်သက်သော ပြစ်မှုကျူးလွန်သူများကို ဖမ်းဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ကိုမျိုး**



# စစ်ကိုင်းခရိုင်တွင် ကိုးလအတွင်း ယာဉ်တိုက်မှု ၁၀၀ကျော်ဖြစ်ပွား၊ ၃၄ ဦးသေဆုံး

**စစ်ကိုင်း အောက်တိုဘာ ၃၀**
စစ်ကိုင်းခရိုင်တွင် ကိုးလအတွင်း ယာဉ်တိုက်မှု ၁၀၀ ကျော်ဖြစ်ပွားခဲ့ပြီး ၃၄ ဦးသေဆုံးခဲ့ကြောင်း စစ်ကိုင်းခရိုင် ရဲတပ်ဖွဲ့မှူးရုံးမှ သိရသည်။

၂၀၁၉ ခုနှစ် ဇန်နဝါရီလမှ စက်တင်ဘာလအထိ စစ်ကိုင်းမြို့နယ်၊ မြင်းမူမြို့နယ်နှင့် မြောင်မြို့နယ်တို့တွင် ယာဉ်မတော်တဆမှုပေါင်း ၁၁၅ မှုအထိ ဖြစ်ပွားခဲ့ပြီး သေဆုံးသူ ကျား ၂၆ ဦး၊ မ ရှစ်ဦးနှင့် ဒဏ်ရာရရှိသူ ကျား ၁၂၃ ဦး၊ မ ၆၅ ဦးရှိခဲ့ပြီး စုစုပေါင်း ပျက်စီးဆုံးရှုံးမှုအနေဖြင့် ငွေကျပ်သိန်း ၅၁၀ ကျော်ရှိကြောင်း စစ်ကိုင်းခရိုင်ရဲတပ်ဖွဲ့မှူးရုံးမှ ဒုတိယခရိုင်မှူး ရဲမှူးမျိုးလွင်က ပြောသည်။

အောက်တိုဘာ ၂၇ ရက် နံနက်ပိုင်းက စစ်ကိုင်းခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတွင် ကျင်းပသည့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေး ပြည်သူ့စကားဝိုင်းတွင် စစ်ကိုင်းခရိုင် ရဲတပ်ဖွဲ့မှူးရုံးမှ ဒုတိယခရိုင်မှူး ရဲမှူးမျိုးလွင်က ပြောကြားခဲ့ခြင်းဖြစ်သည်။

၂၀၁၈ ခုနှစ်တွင် စစ်ကိုင်းခရိုင်အတွင်းရှိ စစ်ကိုင်းမြို့နယ်၊ မြင်းမူမြို့နယ်နှင့် မြောင်မြို့နယ်တို့တွင် ယာဉ်မတော်တဆမှု ၁၄၆ မှုအထိ ဖြစ်ပွားခဲ့ပြီး သေဆုံးသူ ကျား ၅၃ ဦး၊ မ ၁၈ ဦးနှင့် ဒဏ်ရာရရှိသူ ကျား ၁၉၃ ဦး၊ မ ၆၂ ဦးရှိသည်။ စုစုပေါင်း ပျက်စီးဆုံးရှုံးမှု ငွေကျပ်သိန်း ၅၈၀ ကျော်ရှိခဲ့ကြောင်း စစ်ကိုင်းခရိုင်ရဲတပ်ဖွဲ့မှူးရုံးမှ ဒုတိယခရိုင်မှူး ရဲမှူးမျိုးလွင်က ပြောသည်။

**လူအောင်(ကသာ)**

# ပင်လောင်း၊ ဖယ်ခုံနှင့် ကလောမြို့နယ်တို့၌ ဘိန်းခင်းများ ဖျက်ဆီး



**နေပြည်တော် အောက်တိုဘာ ၃၀**
ပင်လောင်းမြို့မရဲစခန်းမှူး ဒု-ရဲမှူးမင်းအောင်ဦးစီးသည့် ပူးပေါင်းအဖွဲ့သည် အောက်တိုဘာ ၂၉ ရက်တွင် ပင်လောင်းမြို့နယ် ပင်ကာလကျေးရွာ၏ အရှေ့မြောက်ဘက် နှစ်မိုင်ခန့်အကွာ၌ အမြင့် နှစ်ပေခွဲခန့်ရှိ သီးပွင့်ဆဲ ဘိန်းခင်းစုစုပေါင်း ၂၄ ဧကခန့်အား လည်းကောင်း။

ဖယ်ခုံမြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးလင်းနိုင်ဦးစီးသည့် ပူးပေါင်းအဖွဲ့က ဖယ်ခုံမြို့နယ် ဘလပလိုကျေးရွာ၏ အနောက်တောင်ဘက် တစ်မိုင်ခန့်အကွာ၌ အမြင့်နှစ်ပေခွဲခန့်ရှိသီးပွင့်ဆဲ ဘိန်းခင်း ၁၀ ဧကခန့်နှင့် လအိကျေးရွာ၏ အရှေ့တောင်ဘက် တစ်မိုင်ခွဲခန့်အကွာ၌ အမြင့် နှစ်ပေခန့်ရှိ သီးပွင့်ဆဲ ဘိန်းခင်း ငါးဧကခန့် စုစုပေါင်း ၁၅ ဧကခန့်အား လည်းကောင်း။

ကလောမြို့မရဲစခန်းမှ ရဲအုပ်ဇော်မင်းထွန်းဦးစီးသည့် ပူးပေါင်းအဖွဲ့က ကလောမြို့နယ် မြောင်ချောက်ကျေးရွာ၏ အနောက်တောင်ဘက် ခုနစ်မိုင်ခန့်အကွာ၌ အမြင့် တစ်ပေခွဲခန့်ရှိ သီးပွင့်ဆဲ ဘိန်းခင်း လေးဧကခန့်နှင့် မြောင်ချောက်ကျေးရွာ၏ အနောက်တောင်ဘက် ခုနစ်မိုင် တစ်ဖာလုံခန့်အကွာ၌ အမြင့် တစ်ပေခွဲခန့် သီးပွင့်ဆဲ ဘိန်းခင်း နှစ်ဧကခန့် စုစုပေါင်း ဘိန်းခင်း ခြောက်ဧကခန့်တို့အား လည်းကောင်း ဖျက်ဆီးဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ရဲပြန်ကြား**

## သထုံမြို့ တောင်စွန်းကျေးရွာ၌ ဆိုင်ကယ် တိမ်းမှောက် အမျိုးသားတစ်ဦးသေဆုံး

**သထုံ အောက်တိုဘာ ၃၀**
မွန်ပြည်နယ် သထုံမြို့ တောင်စွန်းကျေးရွာ ရန်ကုန်-မော်လမြိုင်အဝေးပြေးကားလမ်းမကြီး မိုင်တိုင်(၁၅၄/၄) နှင့်(၁၅၄/၅) ကြား၌ အောက်တိုဘာ ၂၉ ရက် ည ၉ နာရီခန့်က သထုံမှ မော်လမြိုင်သို့ အောင်ဆန်းလွင် မောင်းနှင်လာသောဆိုင်ကယ်မှာ တောင်စွန်းကျေးရွာအနီးအရောက်တွင် အရှိန်မထိန်းနိုင်ဘဲ လမ်းယာဘက်ခြမ်းရှိ လမ်းဘေးသစ်ပင်အား ဝင်တိုက်ခဲ့ပြီး ဆိုင်ကယ်မောင်းနှင်သူ အောင်ဆန်းလွင်တွင် ဒဏ်ရာများရရှိခဲ့သဖြင့် အမှတ်(၇၈)ယာဉ်ထိန်းရဲတပ်ဖွဲ့မှ တပ်ကြပ်ကြီးစိုးလှိုင်ဘွားနှင့်တာဝန်ရှိသူများက ခရိုင်ပြည်သူ့ဆေးရုံကြီးသို့ ပို့ဆောင်ဆေးကုသပေးစဉ် သေဆုံးခဲ့ကြောင်း သိရသည်။

**လှိုင်ထွန်းအောင်(သထုံ)**

# ပြင်ဦးလွင်မြို့နယ်တွင် ဖောက်ခွဲရေးသုံးပစ္စည်းများ သိမ်းဆည်းရမိ

**ပြင်ဦးလွင် အောက်တိုဘာ ၃၀**
မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ် ရေငယ်ကျေးရွာရှိ Mobile X – Ray စက်တွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ ဒုတိယရဲမှူး ချိုနိုင်ဝင်းနှင့် တပ်ဖွဲ့ဝင်များ တာဝန်ထမ်းဆောင်နေစဉ် အောက်တိုဘာ ၂၉ ရက် နံနက်ပိုင်းက လားရှိုးမြို့မှ ပြင်ဦးလွင်မြို့သို့ ဖြိုးကိုကိုမောင် (ခ) ကိုဖြိုး အုန်းချောကျေးရွာ ပုသိမ်ကြီးမြို့နယ်နေသူ မောင်းနှင်ပြီး ညီဖြစ်သူ ဖြိုးကိုကိုငယ် (ခ) ပြုံးလေး လိုက်ပါလာသည့် Nissan Diesel ခြောက်ဘီးယာဉ်သည် Mobile X – Ray စက်အတွင်း ဖြတ်သန်းမောင်းနှင်စဉ် မသင်္ကာဖွယ်တွေ့ရှိ၍ ဒု-ရဲမှူး ချိုနိုင်ဝင်းနှင့် တပ်ဖွဲ့ဝင်များ၊ ပိတ်ချင်းမြောင်နယ်မြေရဲစခန်းမှ စခန်းမှူး ရဲအုပ်တင်ကိုလတ်၊ တပ်မတော်အင်ဂျင်နီယာကျောင်း (BE)မှ တပ်ကြပ်မြင့်အောင်တို့က ရှာဖွေစစ်ဆေးရာ ယာဉ်နောက်ခန်းအတွင်း ပီနံအိတ်ဖြင့် ထည့်ထားသည့် ၂ ဒသမ ၅ လက်မခန့်ရှိ စနက်တံနှင့် အရှည် ခြောက်ပေခန့်ရှိ ဝိုင်ယာနှစ်ပင်ဖြင့် ဆက်သွယ်ထားသည့် ဖောက်ခွဲရေးသုံး ဒီတိုနေတာအိတ် ငါးအိတ်အတွင်းမှ ဒီတိုနေတာ စုစုပေါင်းအချောင်းရေ ၁၄၅၀၀ (ကာလတန်ဖိုးငွေကျပ် ၂၁၇၅၀၀၀၀) အား ရှာဖွေတွေ့ရှိ သိမ်းဆည်းရမိခဲ့သည်။

ဆက်လက်ပြီး ယာဉ်မောင်း ဖြိုးကိုကိုမောင် (ခ) ကိုဖြိုး နှင့် ဖြိုးကိုကိုငယ် (ခ) ပြုံးလေးတို့အား စစ်ဆေးမေးမြန်းခဲ့ရာ ကိုလေးမင်း ယာဉ်ပိုင်ရှင် ထုံးဘိုလမ်းခွဲ တောတွင်းရွာ အမရပူရမြို့နေသူက အဆိုပါပစ္စည်းများ သယ်ဆောင်လာရန် ဖုန်းဖြင့်ဆက်သွယ်ပြောကြားချက်အရ လားရှိုးမြို့ရှောင်လမ်း တိုးဂိတ်အကျော် ဘုရားစေတီအနီးတွင် စောင့်ဆိုင်းနေစဉ် 4 WHEEL ယာဉ်ဖြင့် ရောက်ရှိလာသည့် အမျိုးသားသုံးဦးက လာရောက်ပေးပို့သဖြင့် အဆိုပါပီနံအိတ်များအား ယာဉ်၏ ခေါင်းခန်းအတွင်းသို့ ထည့်သွင်းသယ်ဆောင်လာခြင်းဖြစ်ကြောင်း၊ အဆိုပါပီနံအိတ်များအား တင်ဆောင်လာရန်ခိုင်းစေခဲ့သူ ကိုလေးမင်းအား Mobile X – Ray စက်ရုံသို့ လာရောက်ဖြေရှင်းရန် ဖုန်းဖြင့်ဆက်သွယ်ပြီး ခေါ်ဆောင်ခဲ့ရာ ၎င်းက အဆိုပါ ပစ္စည်းများအား သယ်ဆောင်လာရန် စေခိုင်းခြင်းဖြစ်ကြောင်း စစ်ဆေးသိရသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ ပေါက်ကွဲစေတတ်သော ပစ္စည်းများဖြစ်သည့် ဖောက်ခွဲရေးသုံး ဒီတိုနေတာများအား သယ်ဆောင်စေခိုင်းသူ ကိုလေးမင်း၊ သယ်ဆောင်လာသူ ယာဉ်မောင်း ဖြိုးကိုကိုမောင်၊ ဖြိုးကိုကိုငယ်နှင့် လားရှိုးမှ ပစ္စည်းများအား ယူဆောင်ကာ လာရောက်ပို့ဆောင်ပေးသူ အမျိုးသားသုံးဦး



(စုံစမ်းဆဲ) တို့အား ဒု-ရဲမှူးချိုနိုင်ဝင်းက တိုင်တန်းသဖြင့် ပိတ်ချင်းမြောင်နယ်မြေရဲစခန်းက အမှုဖွင့်အရေးယူဆောင်ရွက်ထားရှိကြောင်း သိရသည်။

**ဇော်မျိုးထိုက် ( ခရိုင်၊ ပြန်/ဆက် )**

# မြန်မာဘာသာမှ အင်္ဂလိပ်ဘာသာသို့ . . .

**မောင်ဆွေငယ်**

၁၉၄၅ ခုနှစ် ဩဂုတ်လ ၆ ရက်နေ့ နံနက်ပိုင်းတွင် ဖြစ်ပါသည်။ အမေရိကန် ဘီ-၂၉ ဗုံးကြဲလေယာဉ်ကြီးသည် ဂျပန်နိုင်ငံ ဟီရိုရှီးမားမြို့ပေါ်သို့ ပထမဆုံးအဏုမြူဗုံးကို ကြဲချခဲ့သည်။ လူ ၇၀၀၀၀ မှ ၁၀၀၀၀၀ ကျော်အထိ အသက်ဆုံးရှုံးခဲ့ကြသည်။ နောက်ပိုင်းတွင်လည်း ထပ်မံသေခဲ့ကြပြီး အဏုမြူရောင်ခြည်ဒဏ်ကြောင့် ဘဝပျက်သူ အမြောက်အမြား ပေါ်ထွက်ခဲ့သည်။

ထိုနှစ်၊ ထိုလ ၉ ရက်နေ့မှာပင် နာဂဆာကီမြို့ပေါ်သို့ နောက်ထပ်အဏုမြူဗုံးတစ်လုံး ထပ်မံကြဲချခဲ့ပြန်သည်။ လူပေါင်း ၄၀၀၀၀ ကျော်ဒဏ်ရာရခဲ့ပြီး ၄၀၀၀၀ ကျော် အသက်ဆုံးရှုံးခဲ့ကြရသည်။ စစ်၏အနိဋ္ဌာရုံ နောက်ဆက်တွဲအကျိုးကား တွေးဝံ့စရာမရှိ။

ဤအနိဋ္ဌာရုံအဘယ်ကြောင့်ဖြစ်ရလေသနည်း။ အမေရိကန် ပုလဲဆိပ်ကမ်းကို ဂျပန်တို့ဗုံးကြဲတိုက်ခိုက်ခြင်းကို လက်စားချေခြင်းဟု အချို့ကဆိုကြ၏။ ဖက်ဆစ်ဂျပန်တို့ကို လက်နက်ချရန် အမေရိကန်၏လက်တုံ့ပြန်မှုဟုလည်း ဆိုကြ၏။ သမိုင်းဆရာတို့သည် သမိုင်းဖြစ်ရပ်များအပေါ် အခြေခံ၍ အမှန်အကန်ကောက်ချက်ဆွဲနိုင်ကြပါသည်။

ဤသို့ဖြစ်ရသည့် လတ်တလော 'လက်သည်'ကား ဘာသာပြန်မှားခြင်းကြောင့်ဟု ကောက်ချက်ချကြပါသည်။ ဤသို့ဗုံးမကြဲမီ အမေရိကန်က ဂျပန်အစိုးရအား ရာဇသံပေးခဲ့သည်။ ထိုရာဇသံအား နိုင်ငံ၏ဖြစ်ပေါ်နေသောအခြေအနေအရ မဆွေးနွေးဖြစ်ခဲ့။ နောက်အစည်းအဝေးတစ်ခုသို့ ရွှေ့ဆိုင်းလိုက်ရသည်။ ဤတွင် သတင်းဘာသာပြန်သူသတင်းစာဆရာက 'U.S. ultimatum postponed' (အမေရိကန်ရာဇသံအား ရွှေ့ဆိုင်းလိုက်ခြင်း)ဟု ရေးရမည့်အစား 'U.S. ultimatum ignored' (အမေရိကန်ရာဇသံအားဂရုမစိုက်) ဟူ၍ဘာသာပြန်လိုက်သည်။ ဘာသာပြန်မှားခြင်း၏ အကျိုးဆက်ကား နိုင်ငံသည် ယဇ်ပလ္လင်ဖြစ်သွားပါတော့သည်။

ဤဖြစ်ရပ်တို့ကို ဘာသာပြန်သင်ခန်းစာ သင်ယူစဉ်က ဆရာကြီးသခင်ဘသောင်းက ပြန်ပြောခြင်းပင်ဖြစ်ပါသည်။ ထိုစဉ်က ဆရာကြီးက အသံတုန်တုန်လေးဖြင့် ပြန်ပြောနေပုံကို မျက်စိထဲမှာ ယနေ့တိုင်စွဲနေသည်။ ဆရာကြီးမင်းသုဝဏ်လည်း ထိုအကြောင်းကို ပြောပြဖူးသည်။

"တကယ်တော့ကွာ အမေရိကန်ဟာ အဏုမြူဗုံးကို တစ်နေ့နေ့မှာ ထုတ်သုံးမှာပါပဲ။ တားရမှာမဟုတ်ပါဘူး။ ဒါပေမယ့် လတ်တလောဖြစ်လိုက်တဲ့ဘာသာပြန်အမှားကြောင့်ဆိုတာတော့ သင်ခန်းစာယူရမှာပေါ့"

ဆရာကြီးသခင်ဘသောင်း၏ အထက်ပါစကားသည် ဘာသာပြန်ဆရာတို့ကို စကားလုံးတစ်လုံးချင်း၏တန်ဖိုး အဘယ်မျှအရေးကြီးသည်ကို မမေ့မလျော့မပေါ့မဆ ရှိရမည်ကို သတိပေးနေသည်ဟုပင် ထင်မိသည်။ ဤအကြောင်းအရာတို့ကို သမိုင်းဆရာတို့ကလက်ခံမည်ဟုမထင်။ ပုံပြင်တစ်ခုအနေဖြင့် သဘောထားကလည်း ထားကြမည်။ ယုံတမ်းစကားဟုလည်း ယူဆကောင်းယူဆကြမည်။ သို့သော်ဘာသာပြန်ဆရာတို့အတွက်မူ လွန်စွာမှ တန်ဖိုးကြီးသောစကားဟုဆိုရမည်သာ။

**အပြန်အလှန်ဆက်နွှယ်**

ဘာသာပြန်စာပေလုပ်ငန်းသည် မည်သည့်နိုင်ငံတွင်မဆို ခေတ်ကာလနှင့်အညီ ဖွံ့ဖြိုးတိုးတက်စေရန် လုပ်ဆောင်ရသည်မှာ အမျိုးသားရေးတာဝန်တစ်ရပ်ပင်ဖြစ်သည်။ လူသားစွမ်းရည်တိုးတက်ရေးလုပ်ငန်းတစ်ရပ်လည်း ဖြစ်သည်။ ဘာသာပြန်လုပ်ငန်းသည် စာပေလုပ်ငန်းဖြစ်သည့်အပြင် ယဉ်ကျေးမှုဖလှယ်သောလုပ်ငန်းလည်းဖြစ်သည်။ ဘာသာပြန်လုပ်ငန်းများတိုးတက်မှုနှင့် နိုင်ငံ၏တိုးတက်မှုတို့သည် အပြန်အလှန်ဆက်နွှယ်နေသည်ဟုဆိုက မမှားပေ။

မြန်မာနိုင်ငံ၏ဘာသာပြန်သမိုင်းကို အကြမ်းဖျင်းလေ့လာကြည့်မည်ဆိုပါက ပုဂံခေတ်ကိုညွှန်းနိုင်ပါသည်။ ပုဂံခေတ်မတိုင်မီ ဗိသနိုး၊ ဟန်လင်း၊ သရေခေတ္တရာ၊ ပျူခေတ်များတွင် သက္ကတဘာသာ၊ ပါဠိဘာသာတို့မှ ဘာသာပြန်ဆိုမှုများရှိနေသည်ဟု သိရပါသည်။ သို့သော် ပုဂံခေတ်တွင် ဘာသာပြန်လုပ်ငန်း အတော်ခရီးပေါက်ခဲ့ပြီဟု ဆိုနိုင်ပါသည်။

ကျန်စစ်မင်းကြီး၏သားတော် 'ရာဇကုမာရ်' မင်းသားရေးထိုးခဲ့သည့် 'မြစေတီကျောက်စာ'ကို သက်သေထူရပါမည်။ ဤကျောက်စာသည် အကြောင်းအရာတစ်မျိုးတည်းကိုပင် မွန်၊ မြန်မာ၊ ပျူ၊ ပါဠိ ဘာသာရပ်များဖြင့် ကျောက်စာတိုင်၏ တစ်မျက်နှာစီတွင် ရေးထိုးခဲ့ကြသည်။ အရေးအသားကျစ်လျစ်ပြီး ကိုက်ညီမှုရှိသည်ဟုလည်း ပညာရှင်များက မှတ်ချက်ပြုကြသည်။ မြစေတီကျောက်စာသည် ဘာသာပြန်ရသစာပေ၏ မူလပထမဟု ဆိုနိုင်ကြောင်း ဘာသာပြန်စာရေးဆရာကြီး 'ဇွေးမောင်' က ပြောပြသည်ကို မှတ်သားဖူးပါသည်။

မြန်မာစာပေသမိုင်းအရ မြန်မာနိုင်ငံကို ခေတ်ကြီးခုနစ်ခေတ်ဖြင့် ပိုင်းခြားသတ်မှတ်ပါသည်။ ပုဂံ၊ ပင်းယ၊ အင်းဝ၊ တောင်ငူ၊ ညောင်ရမ်း၊ ကုန်းဘောင်(ပထမ)၊ ကုန်းဘောင် (ဒုတိယ) ဟူ၍ဖြစ်ပါသည်။ အစကနဦးဖြစ်သည့် ပုဂံခေတ်မှာပင် ဝေါဟာရများ၊ ရေးထုံးများ ကြွယ်ဝလာသည်။ လွန်ခဲ့သောနှစ်ပေါင်း ၅၀ ကျော် လုပ်သားများကောလိပ်တွင် မြန်မာစာအဓိကဖြင့် ဝိဇ္ဇာတွဲ့အတွက် ပညာဆည်းပူးရာတွင် ပုဂံလေးထောင့်ကန် လေးမျက်နှာဘုရားကျောက်စာကို လေ့လာဖူးပါသည်။ ထိုကျောက်စာတွင်-

> "ဆိုဝ်ငြယ်မဲ့သော် နိရဗန်ပြည်သို့
> ရောက်စေချင်သောကြောင့် ငါလည်း
> သိစပ်မြင်နှံ့သော သဗ္ဗညုတဉာဏ်
> ဖုရားဆုကိုလိုချင်သောကြောင့် ..." ဟု

ရေးသားမှု ပါရှိပါသည်။

**သီးနှံကောင်းများကို စားသုံးလိုလျှင် အလေ့ကျပေါက်သော အပင်ကိုချည်း အားကိုးနေ၍ မဖြစ်သည့်နည်းတူ ဘာသာပြန်ကောင်းသူများကို ခိုင်းစေအသုံးပြုလိုလျှင် အလေ့ကျပေါ်လာသော ဘာသာပြန်သူတစ်ယောက်ကောင်း၊ နှစ်ယောက်ကောင်းကိုသာ အားကိုးမနေဘဲ ဝေဝေဆာဆာ၊ ဖောဖောလှိုင်လှိုင် သီးမည့်ပွင့်မည့် ဘာသာပြန် စိုက်ပျိုးခင်းကြီးတစ်ခုကို အချိန်မနှောင်းမီ တည်ထောင်ပေးရန် အချိန်တန်**

ဗုဒ္ဓသည်သဗ္ဗညုတဉာဏ်တော်ကို ပိုင်ဆိုင်တော်မူ၏။ 'သဗ္ဗညုတဉာဏ်' ဆိုသည်ကား အလုံးစုံသောအရာရာကို ထိုးထွင်းသိမြင်နိုင်စွမ်းရှိသောဉာဏ်ဟု ဆိုပါ၏။ သို့သော် မြန်မာ့ယဉ်ကျေးမှု စတင်ဖြစ်ထွန်းရာ ပုဂံခေတ်တွင် ရှေးမြန်မာကြီးတို့က 'သဗ္ဗညုတဉာဏ်' ဟူသော ပါဠိစကားကို ရှည်လွန်းလှသောစကားလုံးများဖြင့် ဘာသာမပြန်မူဘဲ၊ 'သိစပ်မြင်နှံ့သော'ဟု ကျစ်လျစ်စွာ ဘာသာပြန်ခဲ့ပါသည်။ နှစ်ပေါင်းတစ်ထောင်ကျော်က ရှေးမြန်မာကြီးများ၏ ကျစ်လျစ်သိပ်သည်းစွာ ဘာသာပြန်တတ်မှု၊ လှပထိရောက်သောစကားလုံးရွေးချယ်တတ်မှုတို့သည် ယနေ့တိုင် အတုယူစရာဖြစ်နေပါတော့သည်။

**သင်ကြားမှုများရှိလာ**

ခြုံ၍ဆိုရလျှင် ကုန်းဘောင်ခေတ် (၁၇၅၂-၁၈၈၅) ခုနှစ်များအတွင်း အင်္ဂလိပ်၊ ပြင်သစ်နိုင်ငံများနှင့် ကူးလူးဆက်ဆံခဲ့ကြသည်။ ထို့ကြောင့် အင်္ဂလိပ်နှင့်ပြင်သစ်ဘာသာများမှ မြန်မာဘာသာပြန်ဆိုမှုများရှိလာသည်ဟု ယူဆရပါသည်။ မြန်မာနိုင်ငံ၏ ဘုန်းတော်ကြီးကျောင်းပညာရေးစနစ်တွင် ဗြိတိသျှပညာရေးစနစ် အစားဝင်လာသည်။ အင်္ဂလိပ်ဘာသာဖြင့် ရေးသားထားသည့်ပညာရပ်ဆိုင်ရာ စာအုပ်များကို မြန်မာဘာသာပြန်ဆို၍ သင်ကြားမှုများ ရှိလာသည်။

၁၉၂၀ ပြည့်နှစ်မှ ၁၉၄၀ ပြည့်နှစ်အတွင်း လွတ်လပ်ရေးနှင့် နယ်ချဲ့ဆန့်ကျင်ရေးလှုပ်ရှားမှုများ ပြင်းထန်ခဲ့သည်။ ယင်းလှုပ်ရှားမှုတို့ကို အထောက်အကူဖြစ်စေမည့် စာအုပ်များကို ထုတ်ဝေလာကြသည်။ နိုင်ငံတကာလွတ်လပ်ရေးတိုက်ပွဲအတွေ့အကြုံများအကြောင်း ရေးသားထားသည့် စာအုပ်များကို ဘာသာပြန်ကြသည်။ ဒုတိယကမ္ဘာစစ်ကြီးပြီးသည့်အခါ အနောက်တိုင်း ဂန္ထဝင်စာအုပ်များ ဘာသာပြန်ဆိုမှုများ လှိုင်လှိုင်ပေါ်ထွက်ခဲ့သည်အထိ တိုးတက်လာခဲ့သည်။

လွတ်လပ်ရေးကြိုးပမ်းခဲ့သည့် ကိုလိုနီခေတ်တွင် "ဘာသာပြန်လုပ်ငန်းကို လုပ်ဆောင်ကြပါကုန်လော့" ဟူ၍လည်းကောင်း၊ " ဘာသာပြန်လုပ်ငန်းနှင့် ပညာမျက်စိဖွင့်ကြစို့ " ဟူ၍လည်းကောင်း တိုက်တွန်းကြွေးကြော်ခဲ့ကြသည်။ ၁၉၄၇ ခုနှစ် ဇွန်လ ၆ ရက်နေ့တွင် သမိုင်းဝင် 'ဆိုရန်တိုဗီလာ' ညီလာခံမိန့်ခွန်းကို ပြောကြားခဲ့သည့် လွတ်လပ်ရေးဗိသုကာ ဗိုလ်ချုပ်အောင်ဆန်း၏ တိုက်တွန်းချက်ကို အကြောင်းပြုကာ ၁၉၄၇ ခုနှစ် ဩဂုတ်လ ၂၆ ရက်နေ့တွင် "မြန်မာနိုင်ငံဘာသာပြန်စာပေအသင်း" (Burma Translation Society; BTS)ကို တည်ထောင်နိုင်ခဲ့သည်။ မြန်မာနိုင်ငံဘာသာပြန်စာပေအသင်းကြီး၏ရည်ရွယ်ချက်မှာ -

"ပြည်ထောင်စုသားတို့၏ အသိဉာဏ်တိုးပွားစေမည့် ဘာသာပြန်ခြင်းဖြင့် ရေးသားထားသော စာအုပ်စာတမ်းများကို မြန်မာဘာသာပြန်ဆိုရန်နှင့် ပြည်ထောင်စုတိုင်းရင်းသားဘာသာဖြင့် ရေးသားထားသည့် စာအုပ်စာတမ်းများကို နိုင်ငံခြားဘာသာဖြင့် ပြန်ဆိုရန်" ဟူ၍ ဖြစ်သည်။

**ပေါ်များစွာထွက်ရှိ**

"ပြည်ထောင်စုတိုင်းရင်းသားဘာသာဖြင့် ရေးသားထားသည့် စာအုပ်စာတမ်းများကို နိုင်ငံခြားဘာသာဖြင့် ပြန်ဆိုရန်" ဆိုသည်မှာ ယေဘုယျသဘော တင်ပြရလျှင် " မြန်မာဘာသာမှ အင်္ဂလိပ်ဘာသာသို့ " ပြန်ဆိုထုတ်ဝေရေးဟု သဘောပေါက်ပါသည်။ အခြားဘာသာများသို့ ပြန်ဆိုမှုများရှိနေသော်လည်း အင်္ဂလိပ်ဘာသာက ပို၍ တွင်ကျယ်သောကြောင့် ဖြစ်ပါသည်။ အခြားဘာသာနှင့် အင်္ဂလိပ်ဘာသာတို့မှ ဘာသာပြန်များ ပေါ်များစွာထွက်ရှိလာသော်လည်း မြန်မာမှု၊ မြန်မာ့ယဉ်ကျေးမှု၊ တိုင်းရင်းသားရေးရာများကို အင်္ဂလိပ်ဘာသာဖြင့်လည်းကောင်း၊ အခြားဘာသာဖြင့်လည်းကောင်း ပြန်ဆိုထုတ်ဝေမှုများ အသင့်အတင့် ရှိသည်။ သို့သော်နည်းသည်။

ဘာသာပြန်စာပေများ ပိုမိုရှင်သန်ရေးအတွက် ကနဦးစာပေဗိမာန်စာပေဆုများတွင် ဘာသာပြန်စာအုပ်အတွက် ရွေးချယ်ချီးမြှင့်သောဆုတစ်မျိုးကို ၁၉၅၀ ပြည့်နှစ်မှစ၍ ထည့်သွင်းခဲ့သည်။ နောက်ပိုင်းတွင် ၁၉၆၉ ခုနှစ်မှစ၍ စာပေဗိမာန်စာမူဆုပြိုင်ပွဲတွင် တရားဝင်ထည့်သွင်းပေးခဲ့သည်။ ဘာသာပြန်မှုအလေ့အထ ရှင်သန်ရေးအတွက် ဘာသာရပ်တစ်ခုကို ပြဋ္ဌာန်းကာ နှစ်စဉ်ဆုများချီးမြှင့်ခဲ့သည်မှာ ယနေ့တိုင်အောင်ပင်။ သို့ရာတွင် ၎င်းတို့မှာ အင်္ဂလိပ်ဘာသာမှ မြန်မာဘာသာသို့ ပြန်ဆိုသည့်လက်ရာများဖြစ်ပါသည်။

၂၀၁၁ ခုနှစ်တွင် မြန်မာမှု၊ မြန်မာ့ယဉ်ကျေးမှု၊ မြန်မာ့ရေးရာသမိုင်းကြောင်း၊ စာပေအနုပညာတို့ကို အင်္ဂလိပ်ဘာသာဖြင့်ရေးသားထားသည့် သုတ၊ ရသ စာအုပ်များကို စတင်၍ ဆုချီးမြှင့်ခဲ့သည်။ အမျိုးသားစာပေဆုနှင့် စာပေဗိမာန်စာပေဆုတို့တွင် ဤကဏ္ဍထည့်သွင်းလိုက်သည့် နောက်ပိုင်းတွင် မူရင်းအင်္ဂလိပ်ဘာသာဖြင့် ရေးသားသည့် စာအုပ်များ၊ မူရင်းမြန်မာဘာသာဖြင့်ရေးသားထားသည့် ဂန္ထဝင်၊ ခေတ်ပေါ်စာပေများကို အင်္ဂလိပ်ဘာသာဖြင့် ပြန်ဆိုထုတ်ဝေမှုများကို အထိုက်အလျောက်တွေ့မြင်လာရသည်။ အားရဖွယ်ရာကောင်းသည်ဟု ဆိုနိုင်၏။ သို့သော် အတိုင်းအဆတစ်ခုမျှသာ ဖြစ်ပါသည်။

**ဘာသာပြန်စာတမ်းဖတ်ပွဲကိုကျင်းပ**

ပြန်ကြားရေးဝန်ကြီးဌာန(ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း၊ စာပေဗိမာန်) က ကြီးမှူး၍ ၁၉၆၅ ခုနှစ်မှ စတင်ကာ စာတမ်းဖတ်ပွဲများကို ကျင်းပခဲ့သည်။ ဘာသာပြန်စာပေ ထွန်းကားရေးအတွက် ၁၉၆၉ ခုနှစ်မှာပင် ဘာသာပြန်စာပေ နှီးနှောဖလှယ်ပွဲကို ကျင်းပခဲ့ပြီး ၁၉၈၇ ခုနှစ်တွင် ဘာသာပြန်စာတမ်းဖတ်ပွဲတစ်ကြိမ်နှင့် ၂၀၀၀ ပြည့်နှစ်တွင် ဘာသာ ပြန်စာပေနှီးနှောဖလှယ်ပွဲ (စာတမ်းဖတ်ပွဲ)တစ်ကြိမ် ကျင်းပခဲ့သည်။ ၂၀၁၇ ခုနှစ်တွင်မူ ပြန်ကြားရေးဝန်ကြီးဌာနက ကြီးမှူး၍ ဘာသာပြန်စာတမ်းဖတ်ပွဲကို ကျင်းပခဲ့ပြီးဖြစ်သည်။

ယခုကျင်းပမည့် "မြန်မာဘာသာမှ အင်္ဂလိပ်ဘာသာသို့ ပြန်ဆိုခြင်းဆိုင်ရာစာတမ်းဖတ်ပွဲ" သည် ယခင်က ကျင်းပခဲ့သည့်ဘာသာပြန်စာတမ်းဖတ်ပွဲများနှင့် လုံးဝမတူပါ။ ယခင်ဖတ်ခဲ့သည့် ဘာသာပြန်စာတမ်းများမှာ အင်္ဂလိပ်မှ မြန်မာသို့ပြန်ဆိုမှုများအပေါ် လေ့လာဆန်းစစ်ချက်များ၊ အတွေ့အကြုံအရ တွေ့လာရသည့် ဝေါဟာရဖလှယ်မှုများ၊ ဘာသာပြန်ဆိုင်ရာပညာရပ်များကို ပညာရှင်များက စုစည်းပေးကြခြင်း ဖြစ်ပါသည်။

မြန်မာဘာသာမှ အင်္ဂလိပ်ဘာသာသို့ ပြန်ဆိုခြင်းဆိုင်ရာ စာတမ်းဖတ်ပွဲကို ဘာသာပြန်လုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရန်၊ အထူးသဖြင့် မြန်မာဘာသာမှ အင်္ဂလိပ်ဘာသာသို့ပြန်ဆိုခြင်းဆိုင်ရာ အသိပညာ၊ အတတ်ပညာများ မျှဝေဆောင်ရွက်နိုင်ရန်၊ အရည်အသွေးမြင့်မားသော ဘာသာပြန် သုတ၊ ရသစာပေများ ပေါ်ထွက်လာစေရန်နှင့် ဘာသာပြန်လုပ်ငန်းကို မျိုးဆက်သစ်လုပ်ငန်းများ ပိုမိုစိတ်ဝင်စားပါဝင်လာစေရန်စသည့် မွန်မြတ်သော ရည်ရွယ်ချက်များဖြင့် ကျင်းပရခြင်းဖြစ်ကြောင်း သိရသည်။

စာရေးသူသည် ဝါသနာအရသော်လည်းကောင်း၊ ဝန်ထမ်းဘဝက တာဝန်အရသော်လည်းကောင်း မြန်မာဘာသာနှင့် အင်္ဂလိပ်ဘာသာတို့ဖြင့် ဆောင်းပါးများကို ရေးသားနေသူဖြစ်ပါသည်။ တာဝန်အရ အင်္ဂလိပ်-မြန်မာ၊ မြန်မာ-အင်္ဂလိပ် ဘာသာပြန်များကိုလည်း လုပ်ဆောင်ခဲ့ရသည်။ သို့ရာတွင် ယခုထက်တိုင် ဘာသာပြန်ရာတွင် အခက်အခဲများတွေ့ကြုံနေရဆဲဖြစ်ကြောင်း ရိုးသားစွာဝန်ခံရပါသည်။

**ရှေ့မတိုးနိုင်သည်ကို တွေ့ကြုံ**

အင်္ဂလိပ်မှ မြန်မာဘာသာသို့ ပြန်ဆိုသည့်အခါ မိမိကိုယ်တိုင်က မြန်မာဘာသာဝေါဟာရနှင့် အသုံးအနှုန်းမကြွယ်ဝသည့် ဒုက္ခ၊ မြန်မာမှ အင်္ဂလိပ်ဘာသာသို့ပြန်ဆိုရာတွင် ဝေါဟာရနှင့် အသုံးအနှုန်းမနိုင်နင်းသည့် ဒုက္ခတို့ကို နေ့စဉ်နှင့်အမျှခံစားရင်း ပီတိကိုစားနေတတ်ရသည်။ တစ်ခါတစ်ရံ တစ်နေ့တည်း လေးငါး မျက်နှာကို လက်တန်းပြန်နိုင်လောက်အောင် အဆင်ပြေတတ်သည်။ တစ်ခါတစ်ရံတွင်မူ စာကြောင်းတစ်ကြောင်း၊ စာပိုဒ်တစ်ပိုဒ်နှင့်ပင် ဝဲလည်ကာ ရှေ့မတိုးနိုင်သည်ကို တွေ့ကြုံခဲ့၊ တွေ့ကြုံနေဆဲဖြစ်သည်။

ဤပြဿနာ၏အဖြေများကို ယခုဖတ်မည့် " မြန်မာဘာသာမှ အင်္ဂလိပ်ဘာသာသို့ ပြန်ဆိုခြင်းဆိုင်ရာ စာတမ်းဖတ်ပွဲ"တွင် တွေ့ရှိနိုင်သည်ဟု မျှော်လင့်ရသည်။ လက်တွေ့ပြန်ဆိုနေကြသည့် ဘာသာပြန်ဆရာများ၏ အတွေ့အကြုံ၊ ပညာ၊ ထိုးထွင်းကြံဆမှုများ ပေါင်းစပ်ကာ ၎င်းတို့ဖတ်ကြားမည့်စာတမ်းတွင် တွေ့မြင်ကြရပါမည်။ ယခင်က ဘာသာပြန်ဆရာကြီးများဖတ်ကြားခဲ့သည့် စာတမ်းများသည် ကျွန်တော်တို့၏ဘာသာပြန်မျက်စိကို ဖွင့်ပေးခဲ့ပြီးဖြစ်သည်။ ယနေ့ဖတ်ကြားမည့်စာတမ်းရှင် ဘာသာပြန်ဆရာတို့သည်လည်း လက်တွေ့ဘဝမှ အဆီအနှစ်ကိုထုတ်၍ မျိုးဆက်သစ်လူငယ်များကို တိုက်ကျွေးပါမည်။ အရောက်လှမ်းခဲ့ပါဟု ဖိတ်ခေါ်လိုပါသည်။

ယနေ့ ကျွန်တော်တို့လုပ်ဆောင်ရမည့်တာဝန်ကြီးတစ်ရပ်မှာ "ကမ္ဘာ့အမွေကို မြန်မာ့စာပေဖြင့်ရစေအံ့" ဆောင်ပုဒ်အပြင် "မြန်မာမှုအထွေထွေကို ကမ္ဘာ့စာပေဖြင့်ပေးစေအံ့" ကို ဖော်ဆောင်ရပေမည်။ ဤတာဝန်ကို မျိုးဆက်သစ်များက တာဝန်ယူသွားရန်သာရှိပါသည်။

မျိုးဆက်သစ် ဘာသာပြန်လူငယ်များ မွေးထုတ်ပေးရေးကို အတိအလင်းတိုက်တွန်းခဲ့သည့် ဘာသာပြန်စာပေဖခင်ကြီးတစ်ဦးဖြစ်သည့် ဆရာကြီးသခင်ဘသောင်း၏ အောက်ပါတိုက်တွန်းချက်ဖြင့် ဤဆောင်းပါးကို အဆုံးသတ်လိုပါသည်-

" သီးနှံကောင်းများကို စားသုံးလိုလျှင် အလေ့ကျပေါက်သောအပင်ကိုချည်း အားကိုးနေ၍ မဖြစ်သည့်နည်းတူ ဘာသာပြန်ကောင်းသူများကို ခိုင်းစေအသုံးပြုလိုလျှင် အလေ့ကျပေါ်လာသော ဘာသာပြန်သူတစ်ယောက်ကောင်း၊ နှစ်ယောက်ကောင်းကိုသာ အားကိုးမနေဘဲ ဝေဝေဆာဆာ၊ ဖောဖောလှိုင်လှိုင် သီးမည့်ပွင့်မည့် ဘာသာပြန် စိုက်ပျိုးခင်းကြီးတစ်ခုကို အချိန်မနှောင်းမီ တည်ထောင်ပေးရန် အချိန်တန်ပါပြီ.."

ဆရာကြီးသည် ဤစကားကို ၁၉၆၅ ခုနှစ်က သူ့စာတမ်းတွင် ထည့်သွင်းတိုက်တွန်းခဲ့သည်။ အစိုးရအဆက်ဆက်က သူ့စကားကို အကောင်အထည်ဖော်ခဲ့လျှင် ယခုအခါ ကျွန်တော်တို့နိုင်ငံတွင် မျိုးဆက်သစ်ဘာသာပြန်ပန်းများ ဝေဆာဖူးပွင့်နေလောက်ပြီထင့်။

ကျွန်တော်တို့မတိုင်မီက ဘာသာပြန်စာပေပညာရှင်ကြီးများသည် ကမ္ဘာ့အခြေအနေကို မြန်မာ့စာပေဖြင့် ရယူနိုင်အောင် အမွေပေးခဲ့သည်။ ယခု ထိုပညာရှင်ကြီးများ မရှိတော့။ ယနေ့ရှိနေသော ဘာသာပြန်စာပေပညာရှင်များသည်လည်း ဘဝနေညိုချိန်သို့ရောက်နေပြီ။ ထိုသူတို့သည် မျိုးဆက်သစ်များကို လက်လှမ်း၍ ကမ်းလင့်နေကြသည်။ ထိုလက်ကို အမိအရဆွဲကြရမည်ကား မျိုးဆက်သစ်တို့၏ တာဝန်ပင်။

**(စာကိုး။ ။ စာပေဗိမာန်စာတမ်းများတစေ့တစောင်း၊ ယမင်း၊ ၂၀၀၇၊ စာပေဗိမာန်)**

ကြေးမုံ



# ဧရာဝတီတိုင်းဒေသကြီး ပန်းတနော်မြို့နယ်တွင် တန် ၁၀၀၀ ငါးအစာစက်ရုံ တည်ဆောက်မည်



ငါးမွေးမြူရေးကန်တစ်ကန်တွင် ငါးစာကျွေးနေကြသည်ကို တွေ့ရစဉ်။

**ရန်ကုန် အောက်တိုဘာ ၃၀**

ပြည်တွင်းစားသုံးမှုကို ဖြည့်ဆည်းနိုင်ရုံသာမက ပြည်ပသို့ ငါးတန်တင်ပို့နိုင်ရန် ဧက ၉၀၀ တွင် ငါးမွေးမြူ ထုတ်လုပ်ရေးဇုန်ကြီးကို ဧရာဝတီတိုင်းဒေသကြီး ပန်းတနော်မြို့နယ်တွင် တည်ဆောက်မည်ဖြစ်ရာ တန်ချိန် ၁၀၀၀ ထွက်ရှိသော အစာစက်ရုံကြီးကို ဝါးခယ်မ-ရွှေလောင်း ကားလမ်းမကြီး(၁၇ မိုင်၊ ၆ ဖာလုံ)နှင့် ကပ်လျက်နေရာတွင် တည်ဆောက်ထားရာမြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်၏ ဦးဆောင်မှုဖြင့်Global Earth Agro & Aqua Industry အများပိုင်ကုမ္ပဏီ၏ Food Industry Complex တွင်ပါဝင်သော တန် ၁၀၀၀ Fish Feed Mill စက်ရုံကြီးတည်ဆောက်ရန် ပိုင်တိုင်ရိုက်သွင်းခြင်းမင်္ဂလာကို နိုဝင်ဘာ ၁ ရက်တွင် ကျင်းပမည်ဖြစ်သည်။

"နောက်ထပ် တန် ၁၂၀၀ တည်ဆောက်ဖို့လည်းရှိတယ်။ စက်ရုံပြီးသွားရင် ငါးတင်ပို့မှု တစ်ရက်ကို တန် ၄၀၀ ထုတ်လုပ်ဖို့ရည်မှန်းထားပါတယ်။ မျိုးငါးတစ်သိန်းပြုစုထားပြီး စက်ရုံလည်ပတ်ရင် တစ်ရက်ကို သားပေါက်တစ်သန်းထုတ်ဖို့ လျာထားတာကြောင့် မွေးမြူမယ့်ကန်တွေ အသင့်ဖြစ်နေပါပြီ။ အခုစမ်းသပ်မွေးနေတာလည်းရှိမယ်။ ပြည်တွင်းစားသုံးဖို့ နှစ်ကီလိုအထက် ငါးတန်တွေကို ဖြန့်ဖြူးပေးနေတယ်။ တစ်နှစ်ကို အမေရိကန်ဒေါ်လာသန်း ၃၀၀ ရရှိမယ့် ငါးမွေးမြူ ထုတ်လုပ်တဲ့ ဇုန်ကြီးဖြစ်တဲ့အတွက် အောင်မြင်လို့ နောက်ထပ်စက်ရုံတွေ တည်ဆောက်နိုင်မယ်ဆိုရင် နိုင်ငံအတွက် ပိုပြီးဝင်ငွေရရှိမှာပါ။အာဆီယံနိုင်ငံသာမက အာရှမှာ ပထမဆုံး၊ အကြီးဆုံး ငါးမွေးမြူ ထုတ်လုပ်တဲ့ ဧက ၉၀၀ ဇုန်ကြီးတစ်ခုဆိုရင်လည်း မမှားပါဘူး"ဟု ငါးလုပ်ငန်းအဖွဲ့ချုပ်မှ အကြီးတန်းဒုတိယဥက္ကဋ္ဌ ဒေါက်တာတိုးနန္ဒာတင်က ပြောသည်။

အဆိုပါ Food Industry complex စီမံကိန်းကို ၂၀၁၈ ခုနှစ် နှစ်ဆန်းပိုင်းတွင် စတင်အကောင်အထည်ဖော်ခဲ့ခြင်းဖြစ်ပြီး ခေတ်မီငါးသားပေါက်လုပ်ငန်း၊ ကန်ကျပ်ငါးမွေးမြူရေးလုပ်ငန်း၊ အစာစက်ရုံ၊ အအေးခန်းစက်ရုံ၊ ဘေးထွက်ပစ္စည်း ပြုပြင်ထုတ်လုပ်သောစက်ရုံ၊ ဝန်ထမ်းအိမ်ရာများနှင့် စာသင်ကျောင်း၊ ဆေးခန်းတို့ကိုတည်ဆောက်သွားမည်ဖြစ်သည်။ **သစ္စာ**

# YBS ကားအစီးရေ ၁၅၀၀ ကို ပထမအသုတ် ကတ်စနစ်စက်များ တပ်ဆင်မည်

**ရန်ကုန် အောက်တိုဘာ ၃၀**

ကတ်စနစ်နှင့် ယာဉ်စီးခပေးချေနိုင်ရန် ရန်ကုန်မြို့တွင်း ခရီးသည်ပို့ဆောင်ရေး YBS ကားအစီးရေ ၁၅၀၀ ကို ပထမအသုတ်အနေဖြင့် နိုဝင်ဘာလအတွင်း စက်များအပြီးတပ်ဆင်သွားမည်ဖြစ်ကြောင်း ဗန္ဓုလသယ်ယူပို့ဆောင်ရေးကုမ္ပဏီ၏ ပါရမီမြို့တွင်းခရီးသည်ပို့ဆောင်ရေးလုပ်ငန်းမှ ဒါရိုက်တာ ဦးမင်းနိုင်က ပြောသည်။

နိုဝင်ဘာ ၁ ရက်မှ စတင်ကာ စမ်းသပ်တပ်ဆင်ခြင်းနှင့် လေ့ကျင့်သင်ကြားမှုများကို ဒဂုံတက္ကသိုလ်၌ ၁၈ ရက်ကြာ အပြီးသတ် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ၎င်းကပြောသည်။

ပထမအသုတ်တွင် ရန်ကုန်မြို့ပြ အများပြည်သူသယ်ယူပို့ဆောင်ရေး အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်(YUPT)မှ ယာဉ်အစီးရေ၅၀၀၊ ရန်ကုန်ဘတ်စ်ကားအများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက်(YBPC)မှ ယာဉ်အစီးရေ ၅၀၀၊ ဗန္ဓုလသယ်ယူပို့ဆောင်ရေးကုမ္ပဏီမှ ယာဉ်အစီးရေ ၃၁၄ စီးနှင့် ရွှေတောင်ပိုင်းကုမ္ပဏီမှ ယာဉ်အစီးရေ ၈၈ စီးတို့အား တပ်ဆင်မည်ဖြစ်ကြောင်း သိရသည်။

ထို့အတူ ပထမအသုတ် စက်တပ်ဆင်မှုပြီးစီးပါက Fonton ကားအစီး ၁၀၀၀ နှင့်Scania ကား ၃၉ စီးကို ဒုတိယအသုတ်အနေဖြင့် ဆက်လက်တပ်ဆင်သွားမည်ဖြစ်ရာ ၂၀၂၀ ဇန်နဝါရီ ၁၆ ရက်မတိုင်မီ နှစ်သုတ်ပေါင်း ယာဉ်စီးရေ ၂၅၃၉ စီးအား တပ်ဆင်ပြီးစီးမည်ဖြစ်ပြီး ကားတစ်စီးတွင် စက်နှစ်လုံး ပါဝင်မည်ဖြစ်ကြောင်း ၎င်းကဆက်လက်ပြောသည်။

ကတ်စနစ် တပ်ဆင်ပြီးပါက ယာဉ်စီးခပေးချေမှုပုံစံအနေဖြင့် ပုံသေနှင့် ခရီးအကွာအဝေးအပေါ်မူတည်သည့် ဈေးနှုန်းနှစ်မျိုးမှ မည်သည့်နှုန်းထားနှင့် ဆောင်ရွက်မည်ကို တာဝန်ရှိသူများအနေဖြင့် ဆွေးနွေးဆဲဖြစ်ပြီး လက်ရှိတွင် စက်တပ်ဆင်ရေးနှင့် လေ့ကျင့်သင်ကြားရေးအစီအစဉ်များကိုသာ ဆောင်ရွက်သွားမည် ဖြစ်ကြောင်း သိရသည်။



လက်ရှိတွင် YBS ယာဉ်အမျိုးအစား၊ မော်ဒယ်အမျိုးအစားအလိုက် စက်များတပ်ဆင်နိုင်ရန် တိုင်းတာမှုများ လုပ်ဆောင်လျက်ရှိရာ ယာဉ်လိုင်းအားလုံးနီးပါး တိုင်းတာမှုများ ဆောင်ရွက်ပြီးဖြစ်ကြောင်းလည်း သိရသည်။

ကတ်စနစ် ပြောင်းလဲမှုနှင့်ပတ်သက်၍ အဓိက အကြွေပြဿနာ အဆင်ပြေသွားမည်ဖြစ်ကြောင်း ခရီးသည် ကိုမင်းမင်းဦးကပြောသည်။

ရန်ကုန်မြို့တွင်း သယ်ယူပို့ရေးလုပ်ငန်းတွင် ကုမ္ပဏီ ၂၁ ခုမှ လိုင်းပေါင်း ၁၀၀ ကျော်ကို ယာဉ်အစီးရေ၄၀၀၀ ကျော်ဖြင့် ပြေးဆွဲပေးလျက်ရှိရာ နေ့စဉ်ခရီးသွားပြည်သူ နှစ်သန်းခန့်စီးနင်းကြောင်း ရန်ကုန်တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေး ကြီးကြပ်ကွပ်ကဲမှု အာဏာပိုင်အဖွဲ့(YRTA)မှ သိရသည်။

**အေးမင်းသူ**



# မီးသတ်တပ်ဖွဲ့ဝင်များ စွမ်းရည်မြင့်မားရေးသင်ကြားပေး

**ရန်ကုန် အောက်တိုဘာ ၃၀**

မီးသတ်ဦးစီးဌာနနှင့် မြန်မာနိုင်ငံအခြေစိုက် ပြင်သစ်နိုင်ငံသံရုံးတို့ ပူးပေါင်း၍ Induction Training for Access of Myanmar to International Qualification of Urban Search and Rescue(USAR)Light Team အဆင့်သင်တန်းကို ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် တံတားလေးလမ်းဝရှိ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဌာနချုပ် သီတာခန်းမ၌ အောက်တိုဘာ ၂၈ ရက် နံနက် ၉ နာရီက ဖွင့်လှစ်ခဲ့သည်။

သင်တန်းဖွင့်ပွဲအခမ်းအနားသို့ မြန်မာနိုင်ငံမီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမြတ်သူနှင့် မြန်မာနိုင်ငံဆိုင်ရာ ပြင်သစ်နိုင်ငံသံအမတ်ကြီး Mr.Christian LECHERVY တို့ တက်ရောက်အမှာစကားပြောကြားကြသည်။

မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမြတ်သူက "ကျွန်တော်တို့နိုင်ငံ မီးသတ်ဦးစီးဌာနက တပ်ဖွဲ့ဝင်တွေ၊ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းတွေမှာ စွမ်းဆောင်ရည်တိုးတက်မြင့်မားဖို့နဲ့ နိုင်ငံတကာအသိအမှတ်ပြု မြို့ပြရှာဖွေကယ်ဆယ်ရေးအဖွဲ့ (USAR Light Team) ဖွဲ့စည်းနိုင်ဖို့ပါ။ အရပ်အမောင်း (၅ ပေ - ၆ လက်မ)အထက် လူပျိုလူလွတ် ဒု-ဦးစီးမှူးအဆင့်တွေကို ရွေးချယ်ပြီး လေ့ကျင့်သင်ကြားပေးပါတယ်။ အပြည်ပြည်ဆိုင်ရာက သဘာဝဘေး ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းတွေကို သွားရောက်ပံ့ပိုးကူညီပေးမှာဖြစ်ပါတယ်" ဟု ပြောသည်။

အဆိုပါ သင်တန်းတွင် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ ရွေးချယ်လေ့ကျင့်ထားသည့် မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့၏ ရှာဖွေကယ်ဆယ်ရေးအထူးတပ်ဖွဲ့ဝင်သင်တန်းသား ၃၀ အား နိုဝင်ဘာ ၁ ရက်ထိ စာတွေ့လက်တွေ့ လေ့ကျင့် သင်ကြားပေးမည်ဖြစ်ကြောင်း သိရသည်။ **မျိုးမင်းသိန်း (မရမ်းကုန်း)**

# ဒလသင်္ဘောကျင်းတွင် ဟိုတယ်စီမံကိန်းများထည့်သွင်း၍ အဆင့်မြှင့်ရန်စီစဉ်

**ရန်ကုန် အောက်တိုဘာ ၃၀**

ပြည်တွင်းရေကြောင်းပို့ဆောင်ရေးပိုင် သင်္ဘောကျင်း ခြောက်ခုအနက် ရှေးအကျဆုံးနှင့် လွှန်းတင်ပြင်ဆင်မှုအများဆုံးဖြစ်သည့် ဒလသင်္ဘောကျင်းကို ခေတ်စနစ်နှင့်အညီ စွမ်းဆောင်ရည်မြင့်မားသော ခေတ်မီသင်္ဘောကျင်းအဖြစ် အဆင့်မြှင်တင်တည်ဆောက်သွားရန် စီစဉ်ဆောင်ရွက်နေပြီဖြစ်ကြောင်း ပြည်တွင်းရေကြောင်းပို့ဆောင်ရေး ဒလသင်္ဘောကျင်း အင်ဂျင်နီယာမှူးကြီး အက်စ်ကေဦးမြတ်သူက ပြောသည်။

"ကျွန်တော်တို့ သင်္ဘောကျင်းပိုင်မြေဧက ၆၀ ရှိပါတယ်။ ဒီထဲကမှ ဧက ၄၀ လောက်ကို မြို့ပြဖွံ့ဖြိုးရေးစီမံကိန်းတွေဖြစ်တဲ့ ဟိုတယ်တွေ၊အပန်းဖြေစခန်းတွေ ထည့်သွင်းတည်ဆောက် ပြီးတော့ ကျန်ဧက ၂၀ လောက်ကိုတော့စွမ်းဆောင်ရည်မြင့်မားတဲ့ သင်္ဘောကျင်းအဖြစ် အဆင့်မြှင့်တင် တည်ဆောက်သွားဖို့ စီစဉ်လျက်ရှိပါတယ်" ဟု အက်စ်ကေ ဦးမြတ်သူက ဆက်လက်ပြောသည်။

အဆိုပါ သင်္ဘောကျင်းသည် ဒုတိယကမ္ဘာစစ်အပြီး ၁၈၅၂ခု နှစ်ခန့်က စတင်ခဲ့ကြောင်း၊ ထိုစဉ်က စကော့တလန်မှ သင်္ဘောအစိတ်အပိုင်းများ သယ်ယူ၍ တပ်ဆင် ထုတ်လုပ်ခြင်းလုပ်ငန်းကို ဆောင်ရွက်ခဲ့ကြောင်း၊ ဂျပန်ခေတ်တွင် ရေငုပ်သင်္ဘောကိုပါ ပြုပြင်ပေးနိုင်သော သင်္ဘောကျင်းလည်း ဖြစ်ခဲ့ကြောင်း၊ ပြည်သူပိုင်သိမ်းပြီးနောက် မဆလခေတ်တွင် ပြည်တွင်းကမ်းရိုးတန်းသွား သင်္ဘောများ ပြုပြင်ခြင်းနှင့် အသစ်တည်ဆောက်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ယခုအခါ ပြည်တွင်းရေကြောင်းပို့ဆောင်ရေးအနေဖြင့် ဌာနပိုင် သင်္ဘောစင်းရေ ၅၀၀ ခန့်ကို ဒလသင်္ဘောကျင်းမှ ပြုပြင်မှုများ ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ယခင်က ပြည်တွင်းရေကြောင်းပိုင်ရေယာဉ်စင်းရေ၁၂၀၀ ခန့်ရှိခဲ့ကြောင်း၊ သို့သော်လည်း ပုဂ္ဂလိကပိုင် သင်္ဘောများပါဆိုလျှင် စင်းရေ ၂၀၀၀၀ ခန့်ရှိကြောင်း၊ တစ်နိုင်ငံလုံးရှိ သင်္ဘောများကို အချိန်တိုတိုဖြင့် ပြုပြင်ပေးနိုင်သည့် ဝန်ဆောင်မှုပေးနိုင်ရန်အတွက် ဒလသင်္ဘောကျင်းကို စွမ်းဆောင်ရည်မြင့်သောသင်္ဘောကျင်းအဖြစ်တည်ဆောက်သွားမည်ဖြစ်ကြောင်း သိရသည်။

ဒလသင်္ဘောကျင်းကို ရန်ကုန်- ဒလတံတားစီမံကိန်း၊ ဒလမြို့သစ်စီမံကိန်းများနှင့်အတူ ဟန်ချက်ညီညီဖွံ့ဖြိုးတိုးတက်လာအောင် အဆင့်မြှင့်တင်သွားရန် စီစဉ်ဆောင်ရွက်ခြင်းလည်းဖြစ်ကြောင်း၊ ယခုအခါ နှစ်စဉ် သင်္ဘော ၆၀ ကျော်ကို ပြုပြင်ပေးနေသည့်အပြင် ကုန်စည်ပို့ဆောင်ရေးအတွက် အရေးပါသော တွဲနှင့် တွန်းသင်္ဘောသစ်များကိုပါ တာဝန်ယူ တည်ဆောက်ပေးလျက်ရှိကြောင်း သိရသည်။ **မြင့်မောင်**

# တရုတ်နိုင်ငံသို့ တင်ပို့ရောင်းချရန် နတ်သမီးမျိုးစပါး ဧက ၂၀၀၀ စမ်းသပ်စိုက်ပျိုးမည်

**ရန်ကုန် အောက်တိုဘာ ၃၀**

တရုတ်နိုင်ငံသို့ တင်ပို့ရောင်းနိုင်ရန် အရည်အသွေးပြည့်မီသည့် နတ်သမီးမျိုးစပါးဧက ၂၀၀၀ အား စမ်းသပ်စိုက်ပျိုးသွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံဆန်စက်လုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးကျော်ဝင်းထံမှ သိရသည်။

"တရုတ်ပြည်က လိုချင်တဲ့စပါးမျိုးကို သူတို့ဆီကပဲ မျိုးကိုယူပြီးတော့ ကျွန်တော်တို့ဆီမှာ စိုက်ပျိုးမယ်၊ Brandတစ်ခုရအောင်လုပ်မယ်၊ အဲဒီမျိုးစပါးကို နတ်သမီးလို့ အမည်ပေးထားပြီး ဒီနှစ်မှာ ကျွန်တော်တို့ ဧက ၂၀၀၀ စမ်းသပ်စိုက်ပျိုးမှာပါ"ဟု မြန်မာနိုင်ငံ ဆန်စက်လုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးကျော်ဝင်းက ပြောသည်။

နတ်သမီးမျိုးစပါးသည် တစ်ကြိမ်ပွားပြီးပါက နှစ်နှစ်သာ စိုက်ပျိုးနိုင်ကြောင်း၊ သုံးနှစ်မြောက် စိုက်ပျိုးရန်အတွက် မျိုးပြန်ထောင်ရကြောင်းနှင့် စမ်းသပ်စိုက်ပျိုးအောင်မြင်ပါက တစ်နှစ်လျှင် ဆန်တန်ချိန်တစ်သန်းအား တရုတ်နိုင်ငံသို့ တင်ပို့ရောင်းချနိုင်မည်ဖြစ်ကြောင်း သိရသည်။

“သူတို့ဆန်က ချောတယ်၊ အိတယ်၊ ဒီလိုဆန်ကိုသာ ကျွန်တော်တို့ မြန်မာနိုင်ငံတစ်ဝန်းမှာ စိုက်ပျိုးနိုင်ရင် တရုတ်နိုင်ငံအတွက် တစ်နှစ်ကို ဆန်တန်ချိန်တစ်သန်းပို့နိုင်မှာဖြစ်ပါတယ်၊ သူတို့ ဗီယက်နမ်နိုင်ငံမှာဝယ်တာ တစ်တန်ကို အမေရိကန်ဒေါ်လာ ၄၅၀ နဲ့ ၅၀၀ ထိပေးရတယ်၊ ကျွန်တော်တို့က ဒေါ်လာ ၄၅၀ လောက်နဲ့ရောင်းလို့ရရင်ရပြီ၊ ကျွန်တော်တို့ အခုရောင်းနေတဲ့ဆန်တွေက အမြင့်ဆုံးမှ ဒေါ်လာ ၃၅၅၊ ၃၆၀ ပဲ ရတာပါ” ဟု ဦးကျော်ဝင်းက ပြောသည်။

မြန်မာနိုင်ငံအနေဖြင့် စပါးထွက်ရှိမှုသည် ၁၀ နိုင်ငံအတွင်း၌ပါဝင်နေပြီး တစ်နှစ်လျှင် အနည်းဆုံး ဆန်တန်ချိန် ကိုးသန်းနှင့် ၁၀ သန်းကြားထွက်ရှိသော်လည်း ပြည်တွင်းစားသုံးရန်ထားရှိခြင်း၊ မျိုးစပါးချန်ခြင်းတို့ကြောင့် ပြည်ပသို့ ဆန်တန်ချိန် သုံးသန်းဝန်းကျင်သာ တင်ပို့နိုင်ခြင်းဖြစ်သည်။

၂၀၁၆၊ ၂၀၁၇၊ ၂၀၁၈ ခုနှစ်တို့တွင် ပြည်ပသို့ ဆန်တန်ချိန် လေးသန်းနီးပါးအထိ တင်ပို့နိုင်ခဲ့ပြီး ယခုနှစ်တွင် တန်နှစ်သန်းကျော်သာ တင်ပို့နိုင်ကြောင်း မြန်မာနိုင်ငံဆန်စက်လုပ်ငန်းရှင်များအသင်းမှ သိရသည်။

**ပွင့်သစ္စာ**



## ပြည်ပမှ စားတော်ပဲများ မန္တလေးဈေးကွက်သို့ ဝင်ရောက်

**မန္တလေး အောက်တိုဘာ ၃၀**

မန္တလေးပဲဈေးကွက်သို့ပြည်ပမှ စားတော်ပဲများ ဝင်ရောက်လာသဖြင့် ပြည်တွင်းစားတော်ပဲဈေးနှုန်းများ ကျဆင်းလာသည့်အပြင် ကုလားပဲအစားထိုး အစားအစာအဖြစ် သုံးစွဲလာမှုကြောင့် တောင်သူများသာမက မန္တလေးမြို့ရှိ ပဲခွဲစက်လုပ်ငန်းများလည်း အခက်အခဲများ ကြုံတွေ့နေရကြောင်း သိရသည်။

အဆိုပါ စားတော်ပဲများမှာ တရုတ်နိုင်ငံအပြင် ရေကြောင်းလိုင်းများဖြင့် ရန်ကုန်မြို့မှတစ်ဆင့် မန္တလေးဈေးကွက်သို့ ဝင်ရောက်လာ၍ ပြည်တွင်းရှိ စားတော်ပဲဈေးများ ကျဆင်းလာပြီး ၎င်းစားတော်ပဲများအား ကုလားပဲအစားထိုးသုံးစွဲလာမှုကြောင့်ကုလားပဲဈေးနှုန်းများလည်းကျဆင်းလာကာ မန္တလေးမြို့ရှိ ပဲခွဲစက်တစ်ဝက်နီးပါး လုပ်ငန်းရပ်ဆိုင်းထားရကြောင်း မန္တလေးမြို့မှ ဦးစိုးဝင်းမြင့်(စိုးဝင်းမြင့်ပွဲရုံ)က ပြောသည်။

''အခုဝင်လာတဲ့ ပဲတွေကို မန္တလေးဈေးကွက်မှာ ယူကရိန်းစားတော်ပဲလို့ခေါ်ကြတယ်။အလုံးရောအခြမ်းရောနှစ်မျိုးစလုံး ဝင်ရောက်လာတယ်။ ဒီစားတော်ပဲက မြန်မာလူမျိုးတွေ ရိုးရာဓလေ့အစားအစာတစ်ခုအနေနဲ့ စားသုံးကြတဲ့အတွက် ပြည်ပကိုတင်ပို့ရောင်းချခြင်းမရှိပါဘူး။လက်ရှိမှာပြည်တွင်းစားသုံးမှုအတွက် လုံလောက်စွာ ထွက်ရှိနေတဲ့အပြင် ကျန်းမာရေးအတွက်လည်း သင့်တော်တဲ့ ပဲအမျိုးအစားဖြစ်ပါတယ်။ အခုပြည်ပက ဝင်လာတဲ့ပဲတွေကို ကျန်းမာရေးနဲ့ ညီညွတ်ခြင်း ရှိ၊မရှိ သေချာစိစစ်ပေးဖို့လိုအပ်ပါတယ်''ဟု ၎င်းကဆက်လက်ပြောသည်။

မန္တလေးဈေးကွက်တွင် ပြီးခဲ့သည့် စက်တင်ဘာလအတွင်းက သုံးတင်းဝင်တစ်အိတ်လျှင် အမြင့်ဆုံးဈေး ကျပ် ၇၈၀၀၀ နှုန်းရှိခဲ့သော စားတော်ပဲမှာ လက်ရှိ အောက်တိုဘာလပေါက်ဈေးအရ ကျပ် ၆၃၀၀၀ နှုန်းအထိ ကျဆင်းသွားပြီး ယခင်လက သုံးတင်းဝင်တစ်အိတ်လျှင် အမြင့်ဆုံးဈေး ကျပ် ၈၅၀၀၀ နှုန်းရှိခဲ့သော ကုလားပဲဈေးနှုန်းမှာလည်း ယခုအခါ ကျပ် ၇၈၀၀၀ ဝန်းကျင်သာရှိကြောင်း သိရသည်။

ပြည်ပမှ စားတော်ပဲများ မန္တလေးဈေးကွက်သို့ ဝင်ရောက်လာမှုနဲ့ပတ်သက်၍ မန္တလေးမြို့ ကြက်မင်းပဲခွဲစက်လုပ်ငန်းမှ ဦးသိန်းရှောင်ကလည်း '' အရင်နှစ်တွေက အခုလို သီတင်းကျွတ်၊ တန်ဆောင်တိုင်လတွေမှာ ကျွန်တော်တို့ပဲခွဲစက်တွေ အလုပ်ဖြစ်ခဲ့ကြပေမယ့် ဒီနှစ်တော့ ပြည်ပကဝင်လာတဲ့ စားတော်ပဲ ဂယက်ကြောင့် ကုလားပဲဈေးနှုန်းတွေလည်း ကျဆင်းလာတဲ့အတွက် ကျွန်တော်တို့ ပဲခွဲစက်တွေလည်း ရပ်နားလိုက်ရတယ် ''ဟု ပြောသည်။

စားတော်ပဲကို စစ်ကိုင်းတိုင်းဒေသကြီး ကလေးနှင့်ကလေးဝ၊ ကျွန်းလှ၊ ရွှေဘို၊ ထီးချိုင့်၊ ကသာ၊ ဧရာဝတီမြစ်ဝှမ်းဒေသများနှင့် ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်တို့တွင် ဆောင်းသီးနှံအဖြစ် တစ်နှစ်လျှင် တစ်ရာသီသာ စိုက်ပျိုးထွက်ရှိကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

## တောင်ငူ၌ ဘာသာပေါင်းစုံ နှီးနှောဖလှယ်ပွဲ ကျင်းပ

**တောင်ငူ အောက်တိုဘာ ၃၀**

ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့၌ ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး ဘာသာပေါင်းစုံနှီးနှောဖလှယ်ပွဲကို အောက်တိုဘာ ၂၉ ရက် နံနက်ပိုင်းက တောင်ငူမြို့ တြိနတီနှစ်ခြင်းဘုရားကျောင်းခန်းမ၌ ကျင်းပသည်။

တောင်ငူ ခရစ်ယာန်အသင်းတော်များကောင်စီဥက္ကဋ္ဌ Rev.သိက္ခာတော်ရဆရာဦးခင်လတ်က ကြိုဆိုမိတ်ဆက်အမှာစကားပြောကြားပြီး တောင်ငူမြို့နယ်ဟိန္ဒူကောင်စီနာယက သတင်းစာဆရာဦးကျော်လှ(သမာဓိ)၊ တောင်ငူမြို့နယ် အစ္စလာမ်သာသနာရေးရာကောင်စီဥက္ကဋ္ဌ ဦးဇော်မင်းဦး၊ တောင်ငူခရစ်ယာန်အသင်းတော်များကောင်စီအတွင်းရေးမှူး Rev. သိက္ခာတော်ရဆရာစောယိုရှူး၊ အမျိုးသမီးများအဖွဲ့ကွန်ရက် (WON တောင်ငူ) ဒေါ်သက်မိုးအေးတို့က ဘာသာပေါင်းစုံအတူယှဉ်တွဲနေထိုင်နိုင်ရေးနှင့် ပတ်သက်ပြီး ဆွေးနွေးပြောကြားခဲ့ကြသည်။

ဆက်လက်၍ Rev.SimonVanlalchhuanga (Program Secretary, Mission and Ecumenism Department), Rev.Dr. အေးမင်း (စာချုပုဂ္ဂိုလ်–MIT) မြန်မာနိုင်ငံ ဓမ္မတက္ကသိုလ်တို့ကမတူကွဲပြားသောလူ့အသိုင်းအဝိုင်းအတွင်း ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ခြင်း၊ မတူကွဲပြားမှုများကို အတည်ပြုလက်ခံခြင်း၊ အစွန်းရောက်အယူအဆများကိုတွန်းလှန်ခြင်း၊ ကျော်လွှားခြင်း၊ ငြိမ်းချမ်းခြင်းကို တရားမျှတစွာ မဖြစ်မနေရှာဖွေခြင်းစသည့် ခေါင်းစဉ်များဖြင့် ဟောကြားကြပြီး တက်ရောက်လာကြသည့်အဖွဲ့အစည်းများ၊ အရပ်ဘက်လူမှုရေးအဖွဲ့အစည်းများက အပြန်အလှန်ဆွေးနွေးခဲ့ကြသည်။

**၁၂၉**

## သစ်တောပြန်လည်တည်ထောင်နိုင်ရေး အလုပ်ရုံဆွေးနွေး

**ကသာ အောက်တိုဘာ ၃၀**

ကသာမြို့နယ်တွင် သစ်တောများ သုံးနှစ်အတွင်း နဂိုမူလအတိုင်းဖြစ်ပေါ်လာရေး TRI Restoration Initiative(TRI) စီမံကိန်း မြို့နယ်အဆင့် အလုပ်ရုံဆွေးနွေးပွဲကို အောက်တိုဘာ ၂၉ရက်က ကသာဟိုတယ်၌ ကျင်းပသည်။

အနာဂတ်မျိုးဆက်များ၏ လိုအပ်ချက်များ စဉ်ဆက်မပြတ်ဖြည့်ဆည်းပေးနိုင်ရန် သစ်တောများကိုစနစ်တကျအုပ်ချုပ်သွားလိုကြောင်း ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်ကြည်က ပြောသည်။

ထို့နောက် ကသာမြို့နယ်အတွင်းရှိ ကမ္ဘာကျော်ယင်းခဲကြိုးဝိုင်းသည် ၁၉၉၀ ပြည့်နှစ်မှ နှစ် ၃၀အတွင်း တဖြည်းဖြည်းပျက်စီးလာမှုများကို ရှင်းလင်းပြသပြီး သုံးနှစ်အတွင်း သစ်တောများ ပြန်လည်တည်ထောင်နိုင်ရန် ဂေဟာစနစ် ဝန်ဆောင်ထောက်ပံ့မှု၊ ပုဂ္ဂလိကလုပ်ငန်းရှင်များနှင့် သစ်တောမြေမျက်နှာသွင်ပြင်ရှုခင်း ပြန်လည်ပြုစုပျိုးထောင်ရေးကို အကဲဖြတ်ခြင်း၊ အမျိုးသားအဆင့်သို့မဟုတ် နိုင်ငံတော်အဆင့် ဆန်းစစ်သော နည်းလမ်း၊ အချက်အလက်ကောက်ယူခြင်း၊ အကျိုးသက်ဆိုင်သူများ၊ မြေပြင်အနေအထားဦးစားပေး စီးပွားရေးဂေဟာစနစ် အခွင့်အလမ်း ဦးစားပေးဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို သုံးရက်ကြာ ဆွေးနွေးမည်ဖြစ်ကြောင်း သိရသည်။

အလုပ်ရုံဆွေးနွေးပွဲသို့ လွှတ်တော်ကိုယ်စားလှယ်များ၊ ဆွီဒင်နိုင်ငံသား Mr.Bo Lagerၤသစ်တောဦးစီးဌာနမှတာဝန်ရှိသူများ၊ အရပ်ဘက်အဖွဲ့အစည်းများ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များ၊ သတင်းမီဒီယာများ တက်ရောက်ဆွေးနွေးကြကြောင်းသိရသည်။ **ငွေအိုး(ကသာ)**

## ကမ္ဘာ့ဖလားခြေစစ်ပွဲအတွက် မြန်မာ့လက်ရွေးစင်အသင်း အပြီးသတ်ရွေးချယ်

**ရန်ကုန် အောက်တိုဘာ ၃၀**

မြန်မာ့လက်ရွေးစင်အသင်းသည် နိုဝင်ဘာတွင် ယှဉ်ပြိုင်ရမည့် ၂၀၂၂ကမ္ဘာ့ဖလားနှင့် ၂၀၂၃ အာရှဖလား ဒုတိယအဆင့်ခြေစစ်ပွဲအတွက် အပြီးသတ်ကစားသမား ၂၄ ဦးစာရင်းကို အောက်တိုဘာ ၂၉ ရက်က ရွေးချယ်လိုက်ပြီဖြစ်သည်။

မြန်မာအသင်းနည်းပြချုပ် အန်တွမ်နီဟေးသည် ပဏာမကစားသမား ၃၅ ဦးရွေးချယ်ကာ အောက်တိုဘာ ၂၂ ရက်မှစ၍ လေ့ကျင့်ပြင်ဆင်ခဲ့ပြီး လက်ရွေးစင်အသင်းနှင့် ကာလအတန်ကြာဝေးကွာနေသည့် သန်းထက်အောင်၊ ငြိမ်းချမ်းအောင်၊ မျိုးကိုထွန်း၊ တင်ဝင်းအောင်၊ ရန်နိုင်ဦးနှင့် ငြိမ်းချမ်းတို့ ပြန်လည်ရွေးချယ်ခံခဲ့ရသည်။

အပြီးသတ်ရွေးချယ်ရာတွင် ပြည့်ဖြိုးအောင် **(ဂိုး)**၊ စိုးမိုးကျော်၊ ဇော်လင်း၊ ဇော်ဝင်း၊ ရန်အောင်ကျော်၊ ရန်ပိုင်စိုး၊ သန်းဇော်မျိုး၊ ကြည်လင်း၊ စည်သူအောင်၊ ကောင်းစည်သူနှင့် ဒွေးကိုကိုချစ်တို့ ချန်လှပ်ခံခဲ့ရသည်။

အန်တွမ်နီဟေးသည် မြန်မာအသင်းနည်းပြချုပ်အဖြစ် တစ်ကျော့ပြန်ခန့်အပ်ခံရသူဖြစ်ပြီး ကမ္ဘာ့ဖလားခြေစစ်ပွဲတွင် သုံးပွဲစလုံး ရှုံးထားသည့် မြန်မာအသင်းကို ရလဒ်ကောင်းအောင် စွမ်းဆောင်ပေးရမည်ဖြစ်သည်။ မြန်မာ့လက်ရွေးစင်အသင်းသည် နိုဝင်ဘာတွင် ကစားရမည့် ကမ္ဘာ့ဖလားခြေစစ်ပွဲနှစ်ပွဲနှင့် ခြေစမ်းပွဲတစ်ပွဲကို မန္တလေးမြို့၌ ကစားရမည်ဖြစ်သောကြောင့် နိုဝင်ဘာ ၄ ရက်တွင် မန္တလေးမြို့သို့ ထွက်ခွာမည်ဖြစ်သည်။

မြန်မာ့လက်ရွေးစင်အသင်းသည် နိုဝင်ဘာ ၇ ရက်တွင် နီပေါလက်ရွေးစင်အသင်းနှင့် ခြေစမ်းပွဲ၊ နိုဝင်ဘာ ၁၄ ရက်တွင် တာဂျစ်ကစ္စတန်အသင်းနှင့် ၂၀၂၂ ကမ္ဘာ့ဖလားခြေစစ်ပွဲ၊ နိုဝင်ဘာ ၁၉ ရက်တွင် မွန်ဂိုလီးယားအသင်းနှင့် ၂၀၂၂ ကမ္ဘာ့ဖလားခြေစစ်ပွဲတို့ ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

မြန်မာ့လက်ရွေးစင်အသင်းတွင် နည်းပြချုပ်–အန်တွမ်နီဟေး၊ လက်ထောက်နည်းပြ–ဦးကြည်လွင်၊ ဦးမင်းထွန်းလင်း၊ ဦးမြင့်ကို၊ ဂိုးနည်းပြ–ဦးစိုင်းမောင်မောင်ဦး၊ **ဂိုး**–ကျော်ဇင်ထက်၊ ကျော်ဇင်ဖြိုး၊ ပြည့်လျှံအောင်၊ **နောက်တန်း**–ဇော်မင်းထွန်း၊ ငြိမ်းချမ်း၊ ဇော် ရဲထွန်း၊ ပြည့်ဖြိုးဇော်၊ ဒေးဗစ်ဒန်း၊ ကျော်ဇင်လွင်၊ နန္ဒကျော်၊ သိန်းသန်းဝင်း၊ **အလယ်တန်း**–ရန်နိုင်ဦး၊ ဇင်မင်းထွန်းလှိုင်းဘိုဘို၊ ငြိမ်းချမ်းအောင်၊ မျိုးကိုထွန်း၊ တင်ဝင်းအောင်၊ ဆွမ်လမန်၊ မောင်မောင်လွင်၊ သန်းထက်အောင်၊ **ရှေ့တန်း**–အောင်သူ၊ ဝင်းနိုင်စိုး၊ ကျော်ကိုကို၊ သန်းပိုင်တို့ ပါဝင်ကြသည်။

**ရှိုင်းထက်ဇော်**

## ဆီးဂိမ်းပြိုင်ပွဲအကြို မြန်မာဟော်ကီအသင်း အိန္ဒိယနိုင်ငံ၌ လေ့ကျင့်ပြီး ပြန်လည်ရောက်ရှိ

**ရန်ကုန် အောက်တိုဘာ ၃၀**

၂၀၁၉ ခုနှစ် အကြိမ် (၃၀) မြောက် ဆီးဂိမ်းပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်မည့် မြန်မာ Indoor Hockey အသင်းသည် ပြိုင်ပွဲအကြို ပြင်ဆင်မှုအဖြစ် အိန္ဒိယနိုင်ငံ၌ တစ်လကြာ သွားရောက်လေ့ကျင့်ခဲ့ပြီးအောက်တိုဘာ ၂၈ ရက်က ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိလာရာ မြန်မာနိုင်ငံဟော်ကီအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးစောလုလုထော်နှင့် အမှုဆောင်များက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြသည်။



မြန်မာ Indoor Hockey အသင်းသည် စက်တင်ဘာ၂၉ရက်မှအောက်တိုဘာ၂၈ရက်အထိ သွားရောက်လေ့ကျင့်ခဲ့ပြီး လက်ရည်စမ်းပွဲ ခြောက်ပွဲကစားခဲ့ရာ ခြောက်ပွဲစလုံး အနိုင်ရခဲ့သည်။ မြန်မာ Indoor Hockey အသင်းသည် အိန္ဒိယနိုင်ငံမှ ပူနေးအသင်းနှင့် လက်ရည်စမ်းပွဲများ ယှဉ်ပြိုင်ကစားခဲ့ပြီး အောက်တိုဘာ ၁၅ ရက်က ကစားသည့် ပထမပွဲတွင် ၁၁ ဂိုး – ရှစ်ဂိုး၊ အောက်တိုဘာ၁၈ရက်ကကစားသည့်ဒုတိယပွဲတွင် ၁၃ ဂိုး–ရှစ်ဂိုး၊ အောက်တိုဘာ ၂၁ ရက်က ကစားသည့် တတိယပွဲတွင် ၁၂ ဂိုး–ငါးဂိုး၊ အောက်တိုဘာ ၂၄ ရက်က ကစားသည့် စတုတ္ထပွဲတွင် ၁၄ ဂိုး–လေးဂိုး၊ အောက်တိုဘာ ၂၅ ရက်က ကစားသည့် ပဉ္စမပွဲတွင်၁၅ ဂိုး–လေးဂိုး၊ အောက်တိုဘာ ၂၆ ရက်က ကစားသည့် ဆဋ္ဌမပွဲတွင် ၁၆ ဂိုး–ငါးဂိုးဖြင့် အနိုင်ရခဲ့သည်။

မြန်မာ Indoor Hockey အသင်းသည် ဆီးဂိမ်းစ်ပြိုင်ပွဲအတွက် အီရန်နည်းပြငှားရမ်းကာ လေ့ကျင့်ပြင်ဆင်လျက်ရှိပြီး အောင်မြင်မှုရရန် ဆောင်ရွက်လျက်ရှိသည်။

ဖိလစ်ပိုင်အိုလံပစ်ကော်မတီသည် ၂၀၁၉ ဆီးဂိမ်းပြိုင်ပွဲတွင် ပုံမှန်ပါဝင်နေကျ Field Hockey ကို ထည့်သွင်းကျင်းပခြင်းမရှိဘဲ Indoor Hockey ပြိုင်ပွဲကို ကျင်းပမည်ဖြစ်သောကြောင့် မြန်မာအသင်းအနေဖြင့် ၂၀၁၇ ပြိုင်ပွဲပြီးကတည်းက လေ့ကျင့်ပြင်ဆင်ခဲ့သည်။ မြန်မာအသင်းသည် Field Hockey ပြိုင်ပွဲအဖြစ် ကျင်းပသည့် ၂၀၁၇ ဆီးဂိမ်းပြိုင်ပွဲတွင် ငွေတံဆိပ် ရယူနိုင်ခဲ့သည်။

**ဖိုးသော်ဇင်**

## မြောင်းမြတွင် မိုဘိုင်းဖုန်း အသုံးပြုခြင်းဆိုင်ရာ အသိပညာပေးဆွေးနွေး

**မြောင်းမြ အောက်တိုဘာ ၃၀**

မိုဘိုင်းဖုန်း အသုံးပြုခြင်းဆိုင်ရာ အသိပညာပေးဆွေးနွေးပွဲကို အောက်တိုဘာ ၂၉ ရက် မွန်းလွဲ ၁ နာရီက အမှတ် (၈) ရပ်ကွက် မင်္ဂလာဇေယျုံဘုန်းတော်ကြီးကျောင်းဓမ္မာရုံ၌ ကျင်းပသည်။

ဧရာဝတီတိုင်းဒေသကြီး မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း တိုင်းမန်နေဂျာ ဒေါ်ဆွေဆွေမာက Onlineတွင်ဖုန်းသုံးစွဲသူများ အန္တရာယ်မဖြစ်စေရန် အသုံးပြုသင့်ကြောင်း၊ တိုင်းဒေသကြီး မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း စီးပွားရေးဌာနမှ ဒေါ်တင်ဇာမျိုးနှင့် ဒေါ်ဖြိုးမာလာညွှန့်တို့က လူမှုကွန်ရက်အသုံးပြုပုံနှင့် လုံခြုံရေး၊ မိုဘိုင်းဖုန်းနှင့်ကျန်းမာရေးဆိုင်ရာ အသိပညာတို့ကို ဆွေးနွေးဟောပြောကြရာ တက်ရောက်လာသူများက သိလိုသည်များမေးမြန်းမှုကို ပြန်လည်ရှင်းလင်းဖြေကြားခဲ့ကြကြောင်း သိရသည်။

**အောင်မင်း (မြောင်းမြ)**

# ရန်နံ့သင်း၍အဆင်းလည်းလှသော

■ မြင့်စိုး (နတလ)

**ကျွန်တော်နှင့်ရန်ကုန်ဒီဂရီကောလိပ်**

နာမည်အပြည့်အစုံ ရေးပြပါဆိုလျှင်တော့ ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ်(ရန်ကုန်) ဟူ၍ပဲ ဖြစ်ပါသည်။ တစ်လောဆီက မြန်မာ့အလင်းသတင်းစာမှာ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေးတက္ကသိုလ်၊ ပညာရေးဘွဲ့ BEd ငါးနှစ်သင်တန်း၊ အမှတ်စဉ်(၃) ကျောင်းသား ကျောင်းသူလေးများ ၂၆၇ ဦး လေ့လာရေးခရီးစဉ်နှင့်အတူ နေပြည်တော်သို့ ရောက်ရှိလာကြပြီး နိုင်ငံတော်သမ္မတကြီးအား တွေ့ဆုံဂါရဝပြုသြဝါဒခံယူကြသည့်အကြောင်း ဆောင်းပါးတစ်ပုဒ် ရေးဖြစ်ခဲ့ပါသည်။ ထိုသောအခါ၊ ထိုအကြောင်းအရာတို့ကို ဖတ်လိုက်မိသော ရန်ကုန်ဒီဂရီကောလိပ်ကျောင်းဆင်းလူငယ်လေးတစ်ဦးက ကျွန်တော်တို့ကျောင်းအကြောင်းလည်း ရေးပေးပါဦးအဘဟု ဆိုလာပြီကော။ ရန်ကုန်ဒီဂရီကောလိပ်နှင့်ပတ်သက်၍လည်း အကြောင်းအရာတော်တော်များများကို ကျွန်တော်ရေးခဲ့ဖူးပါသည်။ ထိုထက်ပို၍ညွှန်းဆိုရလျှင် ရန်ကုန်ဒီဂရီကောလိပ် စတင်သန္ဓေတည်ခဲ့သည့်နေရာ ပရဟိတ (ကျားကျောင်း)မှအစပြု၍ ဗာရာဏသီချဲ့ရတော့မည် ထင်ပါသည်။ ကျွန်တော်မြင့်စိုး(နတလ)၏ ဇာတန်းနှင့်ဘဂတန်းအထက်တန်းကျောင်းသားဘဝ၊ တစ်နည်းပြောနိုင်သည့် လေးမျက်နှာပရဟိတကျောင်းသားဘဝကတည်းကပင် မိမိတို့၏ ကျေးဇူးရှင်ဆရာတော်ကြီး ဦးပညာလောက၏နောက်တော်ပါးက ကပ္ပိယကျောင်းသားလုပ်၍ ပရဟိတ(ကျားကျောင်း) ဝင်းအတွင်း ခြေချခဲ့ဖူးပါသည်။ မှတ်မှတ်ရရ ၁၉၇၅-၇၆ခုနှစ် ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျောက်မဲမြို့သို့ ဆရာတော်ကြီး ကြွရောက်တော်မူစဉ်ကဖြစ်သည်။ လေးမျက်နှာ ပရဟိတဆရာတော်ဦးပညာလောက၊ ကျားကျောင်း ပရဟိတဆရာတော်ဦးဉာဏိန္ဒ၊ ပုသိမ်မြို့ကန်သုံးဆင့် ပရဟိတဆရာတော် ဦးမဟာဝံသတို့သည် ၁၉၄၈ ခုနှစ် နှစ်ကုန်ခါနီးမှာပင် ပရဟိတကျောင်းများကို စတင်တည်ထောင်ကြကာ မြန်မာနိုင်ငံလုံးဆိုင်ရာ ပရဟိတသံဃာ့အဖွဲ့ချုပ်၌ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ၊ အကျိုးတော်ဆောင်ချုပ်တာဝန်အသီးသီးကို ယူတော်မူခဲ့ကြသော ဆရာတော်ကြီးများဖြစ်ကြသည်။ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ရှမ်းပြည်နယ်တောင်ပိုင်းတို့တွင် ပရဟိတဘုန်းတော်ကြီးကျောင်းများ လိုက်လံတည်ထောင်ဖွင့်လှစ်ပေးခဲ့ကြသည်။ ဆရာတော်ကြီးဦးပညာလောကသည် နေ့ရာသီကျောင်းပိတ်ရက်ရောက်တိုင်း ရှမ်းပြည်နယ်တောင်ပိုင်း ပအိုဝ်းဒေသ၊ ကယန်း(ပဒေါင်) ဒေသများသို့ ကြွရောက်ကာ ကျောင်းသားသစ်များကို ခေါ်ယူလာခဲ့ပြီး ရန်ကုန်ရှိ ပရဟိတ (ကျားကျောင်း)၊ ဧရာဝတီတိုင်းဒေသကြီးရှိ မြန်အောင်ပရဟိတ၊ ကြံခင်းပရဟိတ၊ မြောင်းမြပရဟိတနှင့် မိမိတို့ လေးမျက်နှာပရဟိတအပါအဝင် အားလုံးခွဲဝေပေးပို့ပညာသင်ကြားပေးခဲ့သည်။

သို့ဖြစ်ရကား မိမိတာဝန်ထမ်းဆောင်ခဲ့သော နယ်စပ်စည်ပင်ဝန်ကြီးဌာနသည် ပြည်ထောင်စု တိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ်(ရန်ကုန်)ကို လှိုင်မြို့နယ်အတွင်းရှိ ပရဟိတ(ကျားကျောင်း) ဝင်းအတွင်း၌ ၂၀၀၀ ပြည့်နှစ် ဇွန်လ ၁၅ ရက်တွင် စတင်ဖွင့်လှစ်လိုက်သောအခါ ရှိနှင့်ပြီး နယ်စပ်ဒေသအသီးသီးမှ တိုင်းရင်းသားကလေးငယ်များအတွက် ရေကန်အသင့်ကြာအသင့် ဆက်လက်တက်ရောက်ခွင့်ရခဲ့ကြသည်။ ယင်းဒီဂရီကောလိပ်တည်ရှိရာ ပရဟိတ (ကျားကျောင်း)၏မွေ့ရာရုံအတွင်း၌ပင် နယ်စပ်/စည်ပင်ဝန်ကြီးဌာန၏ စုပေါင်းရဟန်းခံရှင်ပြုအလှူပွဲများ၊ ဘုံကထိန်အလှူပွဲများကို၂၀၀၅ ခုနှစ်အထိ ကျင်းပခဲ့ကြသည်။၂၀၀၅ ခုနှစ် ဇူလိုင်လ ၅ ရက်နေ့တွင် ပြည်ထောင်စုတိုင်းရင်းသားလူငယ်များစွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ်(ရန်ကုန်)ကို ဒဂုံမြို့သစ်ဆိပ်ကမ်းမြို့နယ် အမှတ် (၆၁) ရပ်ကွက် စစ်တောင်းလမ်း လက်ရှိနေရာသို့ ပြောင်းရွှေ့ဖွင့်လှစ်ခဲ့ခြင်း ဖြစ်ပါသည်။ ဆိုလိုရင်းကတော့ ၁၉၇၅ ခုနှစ်မှာ ပရဟိတ (ကျားကျောင်း)သို့ စတင်ရောက်ဖူးသော၊ ၁၉၉၅ ခုနှစ်မှာ နတလဝန်ထမ်းဖြစ်လာတော့ကျွန်တော့်အဖို့ ရန်ကုန်ဒီဂရီကောလိပ်သည် မစိမ်းတော့ပါ။

**ကျွန်တော်နှင့်စစ်ကိုင်းဒီဂရီကောလိပ်**

ပြည်ထောင်စု တိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ် (စစ်ကိုင်း) သည်လည်းပဲ ဖွင့်လှစ်သည့်ရက်က ရန်ကုန်နှင့် မကွာလှပါ။ သူလည်းပဲ ၂၀၀၀ ပြည့်နှစ် ဇူလိုင်လ ၁၂ ရက်နေ့၌ စတင်ဖွင့်လှစ်ခဲ့ခြင်းဖြစ်ပါသည်။

၂၀၁၀ ပြည့်နှစ်လောက်တုန်းက ကျွန်တော်ကိုယ်တိုင်ယင်းကျောင်းသို့သွားရောက်၍ နယ်စပ်ဖွံ့ဖြိုးရေးလုပ်ငန်းအကောင်အထည်ဖော် ဆောင်ရွက်မှုများဘာသာရပ်ကို ဟောပြောဆွေးနွေးခဲ့ဖူးသည်။၂၀၁၇ခုနှစ် အောက်တိုဘာလ ၂၇ ရက်နေ့တွင်ကျင်းပသော ပြည်ထောင်စု တိုင်းရင်းသားလူငယ်များစွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ် (စစ်ကိုင်း) အမှတ်စဉ် (၁၂) သင်တန်းဆင်းပွဲအခမ်းအနားတွင်လည်း ကိုယ်တိုင်ကိုယ်ကျ ပါဝင်တက်ရောက်ခဲ့ဖူးပါသည်။ ကျွန်တော်နှင့် ရန်ကုန်ဒီဂရီကောလိပ်သည် မစိမ်းသကဲ့သို့ စစ်ကိုင်းဟုဆိုလိုက်သည်နှင့် အဆိုတော်ကြီး မစိမ်းစိမ်း၏ ရွှေမန်းဆီသို့၊ ဒေါ်တင်တင်မြ၏ဇေယျာရွှေမြေ၊ ဒေါ်ရီရီသန့်၏ဇေယျာကမ်း အလှပန်းချီသီချင်းများတွင် ပျော်ဝင်နစ်မျောခဲ့ဖူးသော၊ ကျောက်ဆည်မြို့နယ်မြေခံတပ်ရင်းတွင် ခုနစ်နှစ်နီးပါး နေခဲ့ဖူးသော ကျွန်တော့်အဖို့ စစ်ကိုင်းသည် မစိမ်းတော့သလို၊ စစ်ကိုင်းဒီဂရီကောလိပ်ကိုလည်း သံယောဇဉ်ငြိတွယ်မိပါသည်။

**ဒီဂရီကောလိပ်ဖွင့်လှစ်ရခြင်း၏ ရည်ရွယ် ချက်(၅)ရပ်**

(က) ပြည်ထောင်စုတိုင်းရင်းသား လူငယ်များသည် ပညာရှာမှီးရင်း တိုင်းရင်းသားအချင်းချင်း ပိုမိုစည်းလုံးချစ်ခင်လျက် ပြည်ထောင်စု စိတ်ဓာတ်ခိုင်မြဲသည့်လူငယ်များဖြစ်လာစေရန်၊

(ခ) ပြည်ထောင်စုတိုင်းရင်းသား လူငယ်များသည် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးတည်းဟူသော ဒို့တာဝန်အရေးသုံးပါးကို သက်ဝင်ယုံကြည်၍ ထိန်းသိမ်းစောင့်ရှောက်သောလူငယ်များဖြစ်လာစေရန်၊

(ဂ) အဆင့်မြင့်တက္ကသိုလ်ပညာရပ်များ သင်ကြားတတ်မြောက်၍ကျောင်းဆင်းပြီးသွားပါက မိမိဒေသဖွံ့ဖြိုးရေးလုပ်ငန်းများအား ကျရာကဏ္ဍမှ တက်ကြွစွာ ပါဝင်ဆောင်ရွက်နိုင်စေရန်၊

(ဃ) နယ်စပ်ဒေသဖွံ့ဖြိုးရေးနှင့် လူနေမှုအဆင့်အတန်းမြင့်မားရေးအတွက် ဆောင်ရွက်လိုသည့် စိတ်ဓာတ် ထက်သန်စေရန်၊

(င) အေးချမ်းသာယာ၍ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်အဖြစ် တည်ဆောက်ရာတွင် စွမ်းစွမ်းတမံ တည်ဆောက်လိုသည့် စိတ်ဓာတ်များ မွေးမြူပေးရန်တို့ ဖြစ်ပါသည်။

**သင်ကြားပို့ချပေးသောဘာသာရပ်များ**

ပြည်ထောင်စု တိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ်(ရန်ကုန်)နှင့် (စစ်ကိုင်း)တို့တွင် ဝိဇ္ဇာဘာသာရပ်နှင့်သိပ္ပံဘာသာရပ်တို့ကို ပုံမှန်အတိုင်းသင်ကြားပေးသကဲ့သို့ ပြည်ထောင်စုစိတ်ဓာတ်နှင့်ယဉ်ကျေးမှုဘာသာရပ်အား အထူးအလေးထား သင်ကြားပို့ချပေးလျက်ရှိသည်။ ယင်းဘာသာရပ်အောက်တွင် ခေါင်းဆောင်မှု၊ အဆင့်မြင့်ယဉ်ကျေးမှုပညာ၊ ယဉ်ကျေးမှုဘာသာရပ်တို့ပါဝင်ပါသည်။ ပြည်ထောင်စုစိတ်ဓာတ်ဘာသာရပ်ကို ကျောင်းအုပ်ကြီးများကိုယ်တိုင် ဦးစီးလျက် မြန်မာစာ၊ ပထဝီဝင်၊ သမိုင်း၊ မနုဿဗေဒဌာနတို့မှလည်းကောင်း၊ တိုင်းကျိုးပြည်ပြုအကောင်အထည်ဖော်ဆောင်ရွက်နေမှုများအား ဝန်ကြီးဌာနအသီးသီးမှ တာဝန်ရှိသူများက လည်းကောင်း လာရောက်ပို့ချပေးပြီး စာတမ်းများပြုစုကာ ဖတ်ကြားဆွေးနွေးစေခြင်းဖြင့် လေ့ကျင့်သင်ကြားပေးလျက်ရှိပါသည်။ နောက်ထူးခြားမှုတစ်ခုကတော့ဝိဇ္ဇာ၊သိပ္ပံဘာသာရပ်များအပြင် အင်ဂျင်နီယာဒီပလိုမာ( AGTI)အသက်မွေးဝမ်းကျောင်းပညာရပ်ကို မြို့ပြ(Civil)၊ စက်မှု(Mechanical) လျှပ်စစ်စွမ်းအား(Electrical Power)၊ အီလက်ထရွန်နစ် (Electronic) ဘာသာရပ်များခွဲ၍ သင်ကြားပို့ချပေးလျက်ရှိပါသည်။

**ဘွဲ့နှင်းခြင်းနှင့် အလုပ်တာဝန်ခန့်အပ်ခြင်း**

၂၀၁၈-၂၀၁၉ ပညာသင်နှစ်အထိ ဒီဂရီကောလိပ်များမှသင်တန်းပြီးဆုံးသည့်အခါ ဝိဇ္ဇာဘွဲ့၊ သိပ္ပံဘွဲ့နှင့်အင်ဂျင်နီယာဒီပလိုမာ (AGTI–B.Tech) ရရှိသောတိုင်းရင်းသားလူငယ်စုစုပေါင်း ၄၂၇၁ ဦး ရှိသွားပြီဖြစ်ပါသည်။ သက်ဆိုင်ရာဘွဲ့များကိုချီးမြှင့်အပ်နှင်းပေးရုံသာမက မိမိတို့ တာဝန်ကျရာဒေသအသီးသီးတွင် တာဝန်ထမ်းဆောင်ရန် အလုပ်ခန့်လွှာများကိုပါ တစ်ပါတည်း ပေးအပ်ခဲ့ပါသည်။ ယခုအခါကျောင်းဆင်း တိုင်းရင်းသားလူငယ်များသည် ကာကွယ်ရေးဝန်ကြီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာန၊ နယ်စပ်ရေးရာဝန်ကြီးဌာန၊ ပြန်ကြားရေးဝန်ကြီးဌာန၊ စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ဆောက်လုပ်ရေးဝန်ကြီးဌာန၊စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ အလုပ်သမား၊လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အား ဝန်ကြီးဌာန၊ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ စက်မှုဝန်ကြီးဌာန၊ တိုင်းဒေသကြီးစည်ပင်သာယာရေးအဖွဲ့တို့တွင် ဝင်ရောက်တာဝန်ထမ်းဆောင်လျက် မိမိတို့ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက်ကြိုးပမ်းထမ်းဆောင်နေကြပြီဖြစ်သည်။ယနေ့ပညာခေတ်တွင်အစဉ်လေ့လာသင်ယူနေရသောလူ့ဘောင်အဖွဲ့အစည်းအတွင်းက တိုင်းရင်းသားလူငယ်များပီပီထူးချွန်သူများအနေဖြင့် ဘွဲ့လွန်ဒီဂရီများဖြစ်သောမဟာဝိဇ္ဇာဘွဲ့၊ မဟာသိပ္ပံဘွဲ့၊ မဟာသုတေတနဘွဲ့များအပြင်၊ပါရဂူဘွဲ့များကိုပါ ဆက်လက်လေ့လာသင်ယူခွင့်ရရှိနေကြပြီဖြစ်ပါသည်။ B.E အပြင် M.E ဘွဲ့သင်တန်းများကိုလည်း တက်ရောက်လျက်ရှိကြသည်။ ယင်းတို့တက်ရောက်ခွင့်ရ ရှိခဲ့သောတိုင်းရင်းသား လူငယ်ဦးရေမှာမဟာဝိဇ္ဇာဘွဲ့ ၁၁၁ ဦး၊ မဟာသိပ္ပံဘွဲ့ ၂၀၆ ဦး၊ မဟာသုတေသနဘွဲ့ ၁၀၃ ဦး၊ Ph.D ဘွဲ့၃၂ ဦး၊ B.Tech ၅၂၄ ဦး၊ B.E ဘွဲ့ ၅၇၂ ဦး၊ M.E ဘွဲ့ ၃၄ ဦး စုစုပေါင်း ၁၅၈၂ ဦးဖြစ်ပါသည်။

**ရန်နံ့သင်း၍အဆင်းလည်းလှသော**

မကြာမီရက်ပိုင်းအတွင်း၌ ဒီဂရီကောလိပ် (ရန်ကုန်)နှင့်(စစ်ကိုင်း)တို့တွင် ဘွဲ့နှင်းနှင့်အလုပ်တာဝန်ပေးအပ်ပွဲအခမ်းအနားများအားအသီးသီးကျင်းပကြတော့မည် ဖြစ်ပါသည်။ ရည်ရွယ်ချက် (၅)ရပ်နှင့်အညီ လေ့ကျင့်သင်ကြား ပြုစုပျိုးထောင် ပေးလိုက်သော၊ပြည်ထောင်စုစိတ်ဓာတ်နှင့်တိုင်းရင်းသားစည်းလုံးညီညွတ်ရေးစိတ်ဓာတ်များ ရှင်သန်ထက်မြက်သော တိုင်းရင်းသားလူငယ်လူရွယ်များ ပေါ်ထွက်လာပါဦးမည်။ ၎င်းတို့၏နေရာသို့နယ်စပ်ရေးရာဝန်ကြီးဌာန ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာနအောက်ရှိ နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များဖွံ့ဖြိုးရေးသင်တန်းကျောင်း ၄၅ ကျောင်းမှ တိုင်းရင်းသားလူငယ်များ၊ ပြည်နယ်နှင့်တိုင်းဒေသကြီးအသီးသီး ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများမှ စနစ်တကျရွေးချယ်ပေးလာသည့် တိုင်းရင်းသားလူငယ်မောင်မယ်များက အစားထိုးဝင်ရောက်လာကြပါလိမ့်မည်။ ဤမည်သော ဒီဂရီကောလိပ်ကျောင်းတော်သာ ဥယျာဉ်မဟာများမှရန်နံ့သင်း၍အဆင်းလည်းလှသည့် ပန်းကလေးများ အမြဲထာဝရဖူးပွင့်ဝေဆာနေမည်မှာ မလွဲကေန်ပါ။ ။







နေပြည်တော်ရှိ လက်လုပ်တောင်တောရတွင် တရားကျင့်ကြံအားထုတ်လျက်ရှိသည့် ယောဂီ ၈၅ ဦးနှင့် ဓမ္မချစ်ခင်သူတော်စင်များက ပေါင်းစုပြီး အောက်တိုဘာ ၂၇ ရက်နှင့် ၂၈ ရက်တို့တွင် ပုဂံရှိ ပြည့်ငါးပြည့်ဘုရားများ၌ စုပေါင်းကုသိုလ်ပြုခဲ့ကြသည်။ **ကိုကိုရှူပ (နေပြည်တော်)**

# မြန်မာ-တရုတ် ချစ်ကြည်ရေးလူငယ်များ ချက်ပြုတ်ခြင်း သင်တန်းပို့ချ

**ရန်ကုန် အောက်တိုဘာ ၃၀**

မြန်မာနိုင်ငံ၌ ပထမဦးဆုံးအကြိမ် မြန်မာ-တရုတ် ချစ်ကြည်ရေးလူငယ်များ ချက်ပြုတ်ခြင်းအနုပညာ သင်တန်းကို အောက်တိုဘာ ၃၀ ရက်မှစတင်၍ ၁၅ ရက်ဆက်တိုက် အခမဲ့ဖွင့်လှစ်ပို့ချမည်ဖြစ်ကြောင်း သိရသည်။

သင်တန်းသား သင်တန်းသူ ၄၀ အတွက် သင်တန်းဖွင့်လှစ်ခြင်းကြောင့် မြန်မာနိုင်ငံအတွင်းရှိ အချက်အပြုတ်ပညာရပ်ဖြင့် အသက်မွေးဝမ်းကျောင်းပြုလုပ်လိုသည့် လူငယ်များအနေဖြင့် ချက်ပြုတ်နည်းအတတ်ပညာ တိုးပွားလာမည်ဖြစ်ကြောင်း အောက်တိုဘာ ၂၉ ရက်ညနေပိုင်းက ရန်ကုန်မြို့ သုဝဏ္ဏဘောလုံးကွင်းရှိ Myanmar Sport ဟိုတယ်တွင်ပြုလုပ်ခဲ့သော စာနယ်ဇင်းရှင်းလင်းပွဲ၌ တက်ဟုန်းပြည်နယ်ခွဲကုန်သည်ကြီးများအသင်း မြန်မာနိုင်ငံ ရန်ကုန်ကိုယ်စားလှယ်ရုံးခွဲမှ တာဝန်ခံ မစ္စတာ Xia Hui က ပြောကြားသည်။

"နှစ်နိုင်ငံချစ်ကြည်ရေးအတွက် ဒီဟင်းချက်ပြုတ်နည်းသင်တန်းကို အခမဲ့ဖွင့်လှစ်ပို့ချပေးတာပါ၊ သင်တန်းသား သင်တန်းသူများအနေနဲ့လည်း စားသောက်ဆိုင်တွေမှာ လုပ်ငန်းခွင်ဝင်ရောက်ရာမှာလွယ်ကူသွားမှာဖြစ်ပါတယ်"ဟု မစ္စတာ Xia Hui က ပြောသည်။



သင်တန်းသား သင်တန်းသူများအတွက် ရန်ကုန်မြို့ သုဝဏ္ဏဘောလုံးကွင်းရှိ Furama Seafood စားသောက်ဆိုင်၌ တရုတ်နိုင်ငံမှခေါ်ယူထားသည့် ဝါရင့်အချက်အပြုတ်ကျွမ်းကျင်သော သင်တန်းဆရာနှစ်ဦးက ပို့ချပေးသွားမည်ဖြစ်ပြီး တရုတ်နိုင်ငံရှိ ဟင်းလျာများ၊ ဥရောပနိုင်ငံများအပါအဝင် အမေရိကန်နိုင်ငံရှိ ဟင်းလျာများ၊ ပင်လယ်အစားအစာဟင်းလျာများ ချက်ပြုတ်နည်းများကို သင်ကြားသွားမည်ဖြစ်ကြောင်းနှင့် သင်တန်းသား သင်တန်းသူ ၄၀ တက်ရောက်လျက်ရှိကြောင်း သိရသည်။

**သတင်း-ပွင့်သစ္စာ**
**ဓာတ်ပုံ-စိုးမြင့်အောင်**

# ရန်ကုန်အနောက်ပိုင်းခရိုင် ကလေးစာပေပွဲတော်ကျင်းပရေး ညှိနှိုင်းစည်းဝေး



**ရန်ကုန် အောက်တိုဘာ ၃၀**

ရန်ကုန်အနောက်ပိုင်းခရိုင် ကလေးစာပေပွဲတော်ကို အလုံမြို့နယ် အမှတ်(၄)အခြေခံပညာအထက်တန်းကျောင်းတွင် ကျင်းပနိုင်ရေး ပထမအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို အောက်တိုဘာ ၂၉ ရက် နံနက် ၁၀ နာရီက အလုံမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရန်ကုန်အနောက်ပိုင်းခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ခိုင်ဖြိုးလင်းက ကလေးစာပေပွဲတော်ကျင်းပရခြင်း၏ ရည်ရွယ်ချက်နှင့် လုပ်ငန်းစီမံချက်ကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာမောင်မောင်၊ အလုံမြို့နယ်ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးရဲလွင်၊ အလုံမြို့နယ် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် မဲဆန္ဒနယ်မြေ(၂) ဒေါ်နွယ်နွယ်ဝင်း၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြင့်ခိုင်တို့က ဖြည့်စွက်ဆွေးနွေးကြသည်။

ထို့နောက် အခမ်းအနားတက်ရောက်လာကြသူများက ကလေးစာပေပွဲတော်ကျင်းပနိုင်ရေးအတွက် အလှူငွေများပေးအပ်လှူဒါန်းကြရာ ခရိုင်ဦးစီးအရာရှိဒေါ်ခိုင်ဖြိုးလင်းက လက်ခံရယူခဲ့ကြောင်း သိရသည်။

**အောင်မြင့်(ပြန်/ဆက်)**

## ခနဲ့ကျေးရွာတွင် မုန်တိုင်းဒဏ်ခံအဆောက်အအုံ တည်ဆောက်

**မော်လမြိုင်ကျွန်း အောက်တိုဘာ ၃၀**

မော်လမြိုင်ကျွန်းမြို့နယ် အောက်ဘက်ပင်လယ်နှင့် နီးကပ်သော ကျေးရွာများသည် မုန်တိုင်းအန္တရာယ် အချိန်မရွေးကျရောက်နိုင်သော ဒေသများဖြစ်ရာ ပင်လယ်နှင့်နီးကပ်သော ခနဲ့ကျေးရွာတွင် မုန်တိုင်းဒဏ်ခံ အဆောက်အအုံတစ်ခုကို တည်ဆောက်လျက်ရှိသည်။

မုန်တိုင်းဒဏ်ခံအဆောက်အအုံမှာ အလျားပေ ၈၀၊ အနံ ၆၅ ပေရှိသော နှစ်ထပ်အဆောက်အအုံဖြစ်သည်။ ခနဲ့ကျေးရွာတွင် မုန်တိုင်းဒဏ်ခံအဆောက်အအုံတည်ဆောက်ပြီးစီးသွားပါက ခနဲ့၊ ကမ်းနီ၊ ပျဉ်းမချောင်း၊ ရေတွင်းကုန်း၊ ငါးနက်ကြီးနှင့် စလောင်းကျကျေးရွာများမှဒေသခံပြည်သူ ၈၀၀ ခန့် ဘေးကင်းလုံခြုံစွာခိုလှုံနိုင်တော့မည်ဖြစ်သည်။

မုန်တိုင်းအန္တရာယ်ဘေးကင်း လုံခြုံသော မုန်တိုင်းဒဏ်ခံအဆောက်အအုံများကို မော်လမြိုင်ကျွန်းမြို့နယ်တွင် နာဂစ်မုန်တိုင်းကျရောက်ပြီးနောက်ပိုင်း တည်ဆောက်ပေးခဲ့ကြရာ စာသင်ကျောင်းနှင့်တွဲထားသော မုန်တိုင်းဒဏ်ခံအဆောက်အအုံပေါင်း ၁၅ ခုရှိပြီဖြစ်ကြောင်း သိရသည်။

**မော်ကျွန်း-မြင့်အောင်**



## ပိုးမွှားရောဂါကာကွယ်နှိမ်နင်းရေး တောင်သူပညာပေး

**ပူတာအို အောက်တိုဘာ ၃၀**

စိုက်ပျိုးရေးဦးစီးဌာန(ရုံးချုပ်) သီးနှံကာကွယ်ရေးဌာနခွဲမှ ပူတာအိုမြို့နယ် မန်စေကျေးရွာအုပ်စု ဒေသခံတောင်သူများနှင့် တွေ့ဆုံ၍ ပိုးမွှားရောဂါကာကွယ်နှိမ်နင်းရေး တောင်သူပညာပေးဆွေးနွေးပွဲကို အောက်တိုဘာ ၂၉ ရက် မွန်းတည့် ၁၂ နာရီက ပူတာအိုမြို့နယ် မန်စေကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး၌ ကျင်းပသည်။

ပူတာအိုခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးကျော်ဆောင်းက ပူတာအိုခရိုင်အတွင်း စိုက်ပျိုးလျက်ရှိသော စပါးအပါအဝင် ဥယျာဉ်သီးနှံများစိုက်ပျိုးမှုအခြေအနေနှင့် စိုက်ပျိုးနည်းစနစ်များကို ဆွေးနွေးပြီး စိုက်ပျိုးရေးဦးစီးဌာန(ရုံးချုပ်) သီးနှံကာကွယ်ရေးဌာနခွဲမှ ဒေါက်တာပြုံးပြုံးကြည်က သီးနှံများစိုက်ပျိုးရာတွင် ဈေးကွက်ဝင် ပြည်ပသို့တင်ပို့နိုင်သောသီးနှံများစိုက်ပျိုးနိုင်ရေးကိုအသိပညာပေးဆွေးနွေးသည်။

ဆက်လက်၍ ဒေါက်တာခင်ခင်မာလာမြင့်နှင့် ဒေါက်တာဝင်းသန်းတို့က သီးနှံများတွင်ကျရောက်တတ်သော ရောဂါများကိုကာကွယ်နှိမ်နင်းသည့် နည်းစနစ် များအား တောင်သူပညာပေးဆွေးနွေးခဲ့ကြောင်း သိရသည်။ **ဖုန်ကန်(ပူတာအို)**

## တိုတိုထွာထွာဖတ်စရာ

### ကျောင်းဆောင်သစ်ဖွင့်ပွဲ ကျင်းပ

**ဒီးမော့ဆို**

ကယားပြည်နယ် ဒီးမော့ဆိုမြို့နယ် အို့ခူးရီကျေးရွာ အခြေခံပညာမူလတန်းလွန်ကျောင်းတွင် အလျားပေ ၉၀၊ အနံပေ ၃၀ ရှိ ကျောင်းဆောင်သစ်ဖွင့်ပွဲကို အောက်တိုဘာ ၂၉ ရက် နံနက် ၁၀ နာရီက ကျင်းပသည်။

ပြည်နယ်စိုက်ပျိုးမွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးဘော့စ်ကို၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဘော်ရယ်စိုးဝေ၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစဲရယ်သိန်းအောင်၊ ဌာနဆိုင်ရာတာဝန်ရှိသူများက ၂၀၁၈-၂၀၁၉ ပညာသင်နှစ်တွင် ထူးချွန်စွာအောင်မြင်ခဲ့သော ကျောင်းသား ကျောင်းသူများအား ဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။ **ရီရယ်(ဒီးမော့ဆို)**

### ကျောင်းစာကြည့်တိုက် ဆောက်လုပ်ပြီးစီး

**နတ်မောက်**

မကွေးတိုင်းဒေသကြီး နတ်မောက်မြို့နယ် ငွေးကုန်းကျေးရွာ အခြေခံပညာမူလတန်းလွန်ကျောင်းအတွင်း ကျောင်းစာကြည့်တိုက်ဆောက်လုပ်ပြီးစီး၍ လွှဲပြောင်းပေးအပ်ပွဲကို အောက်တိုဘာ ၂၉ ရက် နံနက် ၉ နာရီက အဆိုပါကျောင်း၌ ကျင်းပသည်။

ကျောင်းစာကြည့်တိုက်သည် အလျား ၂၇ ပေ၊ အနံ ၁၈ ပေ၊ သွပ်မိုးအုတ်တက်ဖြစ်ပြီး စုစုပေါင်းကုန်ကျငွေကျပ်သိန်း ၁၀၀ ခန့်ရှိကြောင်း သိရသည်။

**လှဝင်း (နတ်မောက် )**

### ကာကွယ်ဆေးတိုက်ကျွေးထိုးနှံ

**မိုးညှင်း**

ကချင်ပြည်နယ် မိုးညှင်းမြို့နယ် ဆယ်မိုင်ကျေးရွာတွင် အောက်တိုဘာ ၂၈ ရက် နံနက် ၈ နာရီက ကျေးရွာကျေးလက်ဆေးပေးခန်းတွင် ငါးနှစ်အောက်ရှိ ကလေးများအား ပိုလီယိုကာကွယ်ဆေးနှင့် ဂျိုက်သိုးရောဂါကာကွယ်ဆေးများ ထိုးနှံတိုက်ကျွေးကြသည်။

ကျန်းမာရေးဆရာမငါးဦးတို့က ကြီးကြပ်၍ ကာကွယ်ဆေးများကိုထိုးနှံခဲ့ကြရာ ကလေးငယ်စုစုပေါင်း ၂၅၀ ရှိကြောင်း သိရသည်။

**နီတိုး**

### ပျံကျဈေးသည်ဆိုင်ခန်းများ မဲနှိုက်နေရာချပေး

**ပုသိမ်ကြီး**

မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ် အုန်းချောကျေးရွာ ရန်ကင်းဈေးပြင်ပရှိ ပျံကျဈေးသည်များအား စာရင်းကောက်ယူ၍ မဲစနစ်ဖြင့် ဆိုင်ခန်းများ နေရာချထားပေးခြင်းကို အောက်တိုဘာ ၂၉ ရက် နံနက် ၁၀ နာရီက အဆိုပါဈေးအတွင်းပြုလုပ်ခဲ့သည်။

တာဝန်ရှိသူများက ပျံကျဈေးသည်များအား မဲစနစ်ဖြင့် ပွင့်လင်းမြင်သာစွာ အခန်းပေါင်း ၁၆၀ ကို မဲနှိုက်ဆောင်ရွက်ပေးခဲ့သည်။ **ဇာနည်ကိုကို**

### ပြည်သူ့အကျိုးပြုလုပ်ငန်းများဆောင်ရွက်

**နွားထိုးကြီး**

နွားထိုးကြီးမြို့နယ် ဝက်လူးနယ်မြေရဲစခန်းမှ ရဲအုပ်မြင့်လှိုင်ဦးနှင့် တပ်ဖွဲ့ဝင်များသည် အောက်တိုဘာ ၂၅ ရက်က ဝက်လူးတိုက်နယ်ဆေးရုံဝင်းတွင် ပေါင်းမြက်ရှင်းလင်းခြင်း၊ သစ်ပင်သစ်ကိုင်းများ ခုတ်ထွင်ရှင်းလင်းခြင်းဖြင့် ခြင်အန္တရာယ်ကင်းဝေးရေး ပြည်သူ့အကျိုးပြုလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။ **ခင်ဇာမွန်မြင့်(ဥပဒေ)**

# အာရှဘောလုံးအဖွဲ့ချုပ်၏ လူမှုအကျိုးပြုစွမ်းဆောင်ရည်ဆု မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ဆွတ်ခူးရရှိ

နေပြည်တော် အောက်တိုဘာ ၃၀

အာရှဘောလုံးအဖွဲ့ချုပ်၏ လူမှုအကျိုးပြုလုပ်ငန်းများဆိုင်ရာ စွမ်းဆောင်ရည်ဆုများ ပေးအပ်ချီးမြှင့်ခြင်း အခမ်းအနားကို ယနေ့ နံနက်ပိုင်းမှစ၍ မလေးရှားနိုင်ငံရှိ AFC ရုံး၌ ကျင်းပရာ အဖွဲ့ဝင်နိုင်ငံအလိုက် လူမှုအကျိုးပြုစွမ်းဆောင်ရည်ဆု (Developing Category ) အား မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်က ဆွတ်ခူးရရှိသည်။

ယင်းဆုအတွက် ဘင်္ဂလားဒေ့ရှ်၊ ဟောင်ကောင်နှင့် မြန်မာတို့ကို စိစစ်ရွေးချယ်ရာတွင် ဘင်္ဂလားဒေ့ရှ်က တတိယနေရာ Bronze Award၊ ဟောင်ကောင်က ဒုတိယနေရာ Silver Award နှင့် မြန်မာက ပထမနေရာ Winner အဖြစ် ချီးမြှင့်ရွေးချယ်ခံရခြင်း ဖြစ်သည်။

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်အနေဖြင့် ပြီးခဲ့သည့် တစ်နှစ်တာကာလအတွင်း ဆောင်ရွက်ခဲ့သည့် လူမှုရေးအဖွဲ့အစည်းများအား လှူဒါန်းခြင်း၊ ဧရာဝတီဖောင်ဒေးရှင်းနှင့် ပူးပေါင်း၍ ကလေးသူငယ်များ ကျန်းမာရေးအတွက် လှူဒါန်းမှုပြုလုပ်ခြင်း၊ သဘာဝဘေးဒဏ်ခံရသည့် အိမ်နီးချင်းနိုင်ငံများအား ထောက်ပံ့လှူဒါန်းခြင်း၊ လူငယ်ဘောလုံးပွဲတော်ပြိုင်ပွဲများကျင်းပ၍ အားကစားအသုံးအဆောင်များ လှူဒါန်းခြင်း၊ မြန်မာနေရှင်နယ်လိဂ် ကွင်းဖွင့်ဖလားအား ချာရတီဖလားအမည်ဖြင့် ကျင်းပ၍ လူမှုရေးအဖွဲ့အစည်းများအား လှူဒါန်းခြင်း အစရှိသည့် ဆောင်ရွက်မှုများကြောင့် ဆုရရှိခဲ့ခြင်းဖြစ်သည်။

ယင်းဆုပေးပွဲကို မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်၊ အထွေထွေအတွင်းရေးမှူး ဦးကိုကိုသိန်းနှင့် တာဝန်ရှိသူများ တက်ရောက်ကာ ဆုလက်ခံရယူခဲ့သည်။

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်အနေဖြင့် AFC Dream Asia Awards ကို ဒုတိယအကြိမ် ဆွတ်ခူးရရှိခြင်းဖြစ်ပြီး ပထမအကြိမ်အဖြစ် ၂၀၁၃ ခုနှစ်က စတင်ချီးမြှင့်ခံခဲ့ရသည်။ ယခုနှစ်တွင် ဆုကြေးအဖြစ်ပါ ပေးအပ်ချီးမြှင့်ခဲ့ရာ MFF အနေဖြင့် ရရှိသည့် ဆုကြေးငွေ ဒေါ်လာ ၁၅၀၀၀ အား နောင်နှစ်တွင် ပြုလုပ်မည့် CSR လူမှုရေးလုပ်ငန်းများအတွက် သုံးစွဲလှူဒါန်းသွားမည်ဖြစ်သည်။

အခမ်းအနားတွင် အခြားအဖွဲ့လိုက်နှင့် တစ်ဦးချင်းဆုများလည်း ချီးမြှင့်ပေးအပ်ခဲ့ပြီး နိုင်ငံအလိုက်တွင် ဂျပန်၊ မြန်မာ၊ ဂူအမ်တို့ အသီးသီးရရှိခဲ့သည်။

သတင်း - ဖိုးသော်ဇင်

ဓာတ်ပုံ - MFF




# ဆောက်သမ်တန်ကို သုံးဂိုး-တစ်ဂိုးနဲ့ အနိုင်ရရှိပြီး အီးအက်ဖ်အယ်လ်ဖလား ကွာတားဖိုင်နယ် မန်စီးတီးတက်လှမ်း




မန်စီးတီးအသင်းဟာ ဆောက်သမ်တန်အသင်းကို သုံးဂိုး-တစ်ဂိုးနဲ့ အနိုင်ရရှိခဲ့တာကြောင့် အီးအက်ဖ်အယ်လ်ဖလား ကွာတားဖိုင်နယ်အဆင့်ကို တက်လှမ်းနိုင်ခဲ့ပြီဖြစ်ပါတယ်။

အဲဒီပွဲစဉ်မှာ မန်စီးတီးအသင်းဟာ ပွဲကစားချိန် မိနစ် ၂၀ မှာ သွင်းယူခဲ့တဲ့ အော့တမန်ဒီရဲ့ သွင်းဂိုး၊ ၃၈ မိနစ်နဲ့ ၅၆ မိနစ်တို့မှာ တိုက်စစ်မှူးအဂူရိုရဲ့ သွင်းဂိုးနှစ်ဂိုးတို့နဲ့ အနိုင်ရရှိခဲ့တာ ဖြစ်ပါတယ်။ ဆောက်သမ်တန်အသင်းအတွက် ချေပဂိုးကိုတော့ ၇၅ မိနစ်မှာ စတီဖန်က သွင်းယူပေးခဲ့တာ ဖြစ်ပါတယ်။

မန်စီးတီးအသင်းနည်းပြ ဂွာဒီယိုလာဟာ စနေနေ့က အက်စ်တွန်ဗီလာအသင်းနဲ့ ပွဲစဉ်မှာ ပွဲထွက်ကစားစေခဲ့တဲ့ ကစားသမားစာရင်းကို ကိုးဦးအထိ အပြောင်းအလဲလုပ်ခဲ့တာဖြစ်ပြီး အခုနှစ် ဘောလုံးရာသီမှာ ဂါဘရီယယ်ဂျီးဆပ်နဲ့ အဂူရိုတို့ တိုက်စစ်အတွဲကို ပထမဆုံးအကြိမ် စတင်အသုံးပြုခဲ့တာ ဖြစ်ပါတယ်။

ကွင်းလယ်ပိုင်းမှာ ဒွိုင်းလီနဲ့ ဖီးလ်ဖိုဒန်တို့ကို ဘာနာဒိုဆေးလ်ဗားနဲ့အတူ ပွဲထွက်ကစားစေခဲ့တာကြောင့် ပြိုင်ပွဲရဲ့ အောင်မြင်မှုကလည်း ၈၉ ရာခိုင်နှုန်းအထိ ရှိလာခဲ့တာဖြစ်ပါတယ်။ အခြားသော အီးအက်ဖ်အယ်လ်ဖလား ပွဲစဉ်တွေမှာ လက်စတာစီးတီးအသင်းက ဘာတန်အသင်းကို သုံးဂိုး-တစ်ဂိုး၊ ကိုလ်ချက်စတာအသင်းက ခရော်လေအသင်းကို သုံးဂိုး-တစ်ဂိုး၊ အဲဗာတန်အသင်းက ဝက်ဖို့ဒ်အသင်းကို နှစ်ဂိုး-ဂိုးမရှိ အသီးသီးအနိုင်ရရှိခဲ့ကြပြီး အော့စ်ဖို့ဒ်ယူနိုက်တက်အသင်းနဲ့ ဆန်းဒါးလန်အသင်းတို့ ပွဲစဉ်မှာတော့ တစ်ဖက်တစ်ဂိုးစီ သရေရလဒ်ထွက်ပေါ်ခဲ့တာကြောင့် ပင်နယ်တီအဆုံးအဖြတ်ခံယူရာမှာတော့ အော့စ်ဖို့ဒ်ယူနိုက်တက်အသင်းက လေးဂိုး-နှစ်ဂိုးနဲ့ အနိုင်ရရှိခဲ့တာဖြစ်ပါတယ်။

အီးအက်ဖ်အယ်လ်ဖလားပြိုင်ပွဲရဲ့ ကွာတားဖိုင်နယ်အဆင့်ကို မန်စီးတီအသင်းအပါအဝင် လက်စတာစီးတီးအသင်း၊ အဲဗာတန်အသင်း၊ အော့စ်ဖို့ဒ်ယူနိုက်တက်အသင်းနဲ့ ကိုချက်စတာအသင်းတို့လည်း တက်လှမ်းခွင့်ရရှိခဲ့ပြီဖြစ်ပါတယ်။

# ဂါရတ်ဘေးလ်အနေနဲ့ ရီးယဲလ်ကနေထွက်ခွာဖို့ တောင်းဆိုတာမရှိဘူးလို့ နည်းပြဇီဒန်း ပြောကြား

ဝေးလ်တောင်ပံကစားသမား ဂါရတ်ဘေးလ်ဟာ ရီးယဲလ်မက်ဒရစ်အသင်းကနေ ထွက်ခွာဖို့နဲ့ပတ်သက်ပြီး တောင်းဆိုခဲ့တာမရှိဘူးလို့ နည်းပြဇီဒန်းက ပြောကြားလိုက်ပါတယ်။

အသက် ၃၀ အရွယ်ရှိ တိုက်စစ်မှူး ဂါရတ်ဘေးလ်ဟာ နွေရာသီ အပြောင်းအရွှေ့ကာလအတွင်းက ရီးယဲလ်မက်ဒရစ်အသင်းကနေ ထွက်ခွာပြီး တရုတ်ကလပ်အသင်းတွေဆီ ပြောင်းရွှေ့မယ်ဆိုတဲ့ သတင်းတွေ ထွက်ပေါ်ခဲ့တာဖြစ်ပြီး အခုနှစ် ဘောလုံးရာသီမှာ ရီးယဲလ်မက်ဒရစ်အသင်းနဲ့အတူ ခုနစ်ပွဲကစားပေးထားရာမှာ သွင်းဂိုးနှစ်ဂိုး သွင်းယူနိုင်ခဲ့တာ ဖြစ်ပါတယ်။

ရီးယဲလ်မက်ဒရစ်အသင်းဟာ တိုက်စစ်မှူးဂါရတ်ဘေးလ်ကို ၂၀၁၃ ခုနှစ် စက်တင်ဘာလက ကမ္ဘာ့စံချိန်တင် ပြောင်းရွှေ့ကြေး ပေါင် ၈၅ ဒသမ ၃ သန်းနဲ့ စပါးအသင်းဆီကနေ ခေါ်ယူခဲ့တာ ဖြစ်ပါတယ်။

တိုက်စစ်မှူး ဂါရတ်ဘေးလ်အနေနဲ့ ရီးယဲလ်မက်ဒရစ်အသင်းနဲ့အတူ ချန်ပီယံလိဂ်ဖလား လေးကြိမ်၊ ကမ္ဘာ့ကလပ်အသင်းများဖလား သုံးကြိမ်၊ ယူအီးအက်ဖ်အေစူပါဖလား သုံးကြိမ်၊ လာလီဂါဖလားတစ်ကြိမ်နဲ့ စပိန်ကိုပါဒယ်ရေးဖလား တစ်ကြိမ်တို့ကို ရယူပေးနိုင်ခဲ့တာ ဖြစ်ပါတယ်။






# ဗယ်လာဒိုးလစ်ကို အနိုင်ရပြီး ဘာစီလိုနာအသင်း အမှတ်ပေးဇယား ထိပ်ဆုံးတွင် ဦးဆောင်နိုင်ခဲ့

စပိန်လာလီဂါရဲ့ ပွဲစဉ်တစ်ပွဲဖြစ်တဲ့ ဘာစီလိုနာအသင်းနဲ့ ဗယ်လာဒိုးလစ်အသင်းတို့ရဲ့ ပွဲစဉ်မှာ ဘာစီလိုနာအသင်းက တိုက်စစ်မှူး မက်ဆီရဲ့ သွင်းဂိုး နှစ်ဂိုးအပါအဝင် ငါးဂိုး-တစ်ဂိုးနဲ့ အနိုင်ရရှိခဲ့တာကြောင့် အမှတ်ပေးဇယားမှာ ရမှတ် ၂၂ နှစ်နဲ့ ထိပ်ဆုံးက ဦးဆောင်နိုင်ခဲ့ပါတယ်။

ဘာစီလိုနာအသင်းနဲ့ ဗယ်လာဒိုးလစ်အသင်းတို့ မကစားမီ ဂရန်နာဒါအသင်းက အမှတ်ပေးဇယားထိပ်ဆုံးကို ယာယီ တက်လှမ်းခဲ့ပြီး ဘာစီလိုနာအသင်းက အခုနိုင်ပွဲကြောင့် ဇယားထိပ်ကို ပြန်လည်ရောက်ရှိလာခဲ့တာ ဖြစ်ပါတယ်။

ယခုပွဲစဉ်မှာ ဘာစီလိုနာအသင်းအတွက် သွင်းဂိုးတွေကို လန်းလက်(၂မိနစ်)၊ ဗီဒယ်(၂၉ မိနစ်)၊ မက်ဆီ(၃၄ မိနစ်၊ ၇၅ မိနစ်)၊ ဆွာရက်ဇ် (၇၇)မိနစ်တို့က သွင်းယူပေးခဲ့ပြီး ဗယ်လာဒိုးလစ်အသင်းကတော့ ပွဲကစားချိန် ၁၅ မိနစ်မှာ အိုလီဗက်စ်အယ်လ်ဘာရဲ့ သွင်းဂိုးနဲ့ ချေပဂိုး ပြန်လည်ရရှိခဲ့တာ ဖြစ်ပါတယ်။

လက်ရှိ အမှတ်ပေးဇယားမှာ ဘာစီလိုနာအသင်းက ရမှတ်၂၂ မှတ်နဲ့ အဆင့် ၁၊ ဂရန်နာဒါအသင်းက ရမှတ် ၂၀ နဲ့ အဆင့် ၂၊ အက်သလက်တီကိုမက်ဒရစ်အသင်းက ရမှတ် ၂၀ နဲ့ အဆင့် ၃၊ ရီးယဲလ်ဆိုစီဒက်အသင်းက ရမှတ် ၁၉ မှတ်နဲ့ အဆင့် ၄ အသီးသီးရပ်တည်နေတာဖြစ်ပြီး ရီးယဲလ်မက်ဒရစ်အသင်းကတော့ လီဂါနက်စ်ကို အနိုင်ရရှိခဲ့မယ်ဆိုရင် အဆင့် ၂ နေရာကို တက်လှမ်းနိုင်မှာ ဖြစ်ပါတယ်။

ငွေကြယ် - စုစည်းသည်


MYANMAR
PLAS PRINT PACK
MYANMAR
AGROTEK FOODTEK
co-located
MTG
MitaTex
TEXPRINT
သင့်ရဲ့ မနက်ဖြန်
1–4 November 2019
Yangon Convention Center,YCC
[ Inya lake hotel compound ]
8
110+
8,600+
အချိန်ကြာမြင့်စွာ မတန်းစီလိုပါက၊
>> ကြိုတင်စာရင်းပေးသွင်းနိုင်ပါသည်။
MPPA
Myanmar Plas Print Pack Agrotek Foodtek


မြန်မာနိုင်ငံအလှကုန်အသင်းမှ ဦးစီးကျင်းပသော (သတ္တမ) အကြိမ် မြန်မာနိုင်ငံ၏ အကြီးကျယ်ဆုံး
MYANMAR COSMETICS ASSOCIATION
HERBALLINES
2019
Cosmetic Special DISCOUNT Festival
အလှကုန် အထူး DISCOUNT ဈေးရောင်းပွဲတော်
ပြပွဲတွင် (၁၀၀၀၀) ကျပ်ဖိုး ဝယ်ယူသူတိုင်းအတွက် ကံစမ်းမဲ အစီအစဉ်များပါရှိပါသည်။
NATURE REPUBLIC
Healthy Shop
ရုံးခန်း လိပ်စာ – အမှတ်(၃၀၀)၊ အခန်း(4/A)၊ ကမ္ဘာအေးဘုရားလမ်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်။ ဖုန်း – ၀၉ ၇၈၀၀၀၈၈၃၄၅၊ ၀၉ ၇၈၀၀၀၈၈၄၅

(၈)ကြိမ်မြောက်ထပ်မံကျင်းပသော မြန်မာနိုင်ငံတကာဆိုင်ရာချည်မျှင်နှင့်အထည်ချုပ်ဆိုင်ရာစက်မှုလက်မှုပြပွဲ

MTG
The 8th Myanmar Int'l
Textile & Garment
Industry Exhibition

Concurrent with:
MitaTex
TEXPRINT

Co-located:
MYANMAR PLAS PRINT PACK
MYANMAR AGROTEK FOODTEK

1 - 4 November 2019
Yangon Convention Center, YCC
(Inya Lake Hotel Compound)

135+ အမျိုးအစားပေါင်း
12+ နိုင်ငံပေါင်း
8,600+ ဧည့်သည်ပေါင်း



အွန်လိုင်းတွင်စာရင်းပေးသွင်းနိုင်ပါပြီ

www.chanchao.com.tw/MTG | MyanmarTG | 01-9010753 | 09-964703426 | myokyiphyutun25@gmail.com | Children under 14 are not admitted entry



အမြန်ညှိနှိုင်းငှားမည်။
ဘဏ်၊ ရုံး၊ ကျောင်း၊ ဆေးခန်း၊
စီးပွားရေးလုပ်ရန်အလွန်ကောင်း၊
သာကေတမြို့နယ်၊
ရွှေပြည်သာမြို့ပတ်လမ်းမကြီးပေါ်တွင်
20'×60'/ ၃ထပ်ခွဲ/ R/C တိုက်သစ်၊
ပုံပါအတိုင်းအဆင့်မြင့်
ပြင်ဆင်တည်ဆောက်ထားပါသည်။
ကားရပ်နားရန်လွယ်ကူပါသည်။
အကျိုးဆောင်လိုသည်။
၀၉ ၉၅၂၇၁ ၄၄၄၄

မင်္ဂလာပါ
အိမ်ပြောင်းအိမ်ရွှေ့လုပ်ငန်း
မြို့တွင်း/နယ်ဝေးများအတွက်
ဈေးနှုန်းချိုသာစွာဖြင့်
Box ကားများဖြင့်
အလုပ်သမားစီစဉ်ပေးသည်။
09-450042704
09-250095116
09-420096296

KN tech Engineering Group
Air-Con
Ph: 09-400788135
09-762276128

## ရုံးခန်းပြောင်းရွှေ့ဖွင့်လှစ်ကြောင်းကြေညာခြင်း

မြန်မာနိုင်ငံဆောက်လုပ်ရေးလုပ်ငန်းသုံးခွဲကျောက်ထုတ်လုပ်ရောင်းချသူလုပ်ငန်းရှင်များအသင်း(MyanmarQuarryProducts SuppliersAssociation)၏ အသင်းရုံးခန်းကို (၇.၁၁.၂၀၁၉) နေ့ရက်မှစတင်၍ ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ်၊ ကမ္ဘာအေးဘုရားလမ်း၊ ဝေမှန်ပွင့်ကွန်ဒို (၇)လွှာ၊ အခန်းအမှတ်(7G,7H) သို့ ပြောင်းရွှေ့ဖွင့်လှစ်သွားမည် ဖြစ်ကြောင်း၊ အသင်းသူ၊ အသင်းသားများ နှင့် လုပ်ငန်းရှင်များ သိရှိနိုင်ရန် အသိပေး အကြောင်းကြားပါသည်

MQPSA ရုံးအဖွဲ့
ဖုန်း ၀၉၄၂၂၂၀၀၃၀၀၊ ၀၉၈၉၉၉၉၉၃၅၃၇

## ငှားမည်

တာမွေမြို့နယ်၊ ကျိုက္ကဆံလမ်းမကြီး မြေညီထပ် (၁၅x၅၅)ပေ (အလုပ်သမားဆေးရုံကြီးနှင့်ခတ်ဆီဆိုင်ကြား)
Ph:09-5101822, 09-456334578

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

နေပြည်တော်၊ ဒက္ခိဏခရိုင်၊ ဇမ္ဗူသီရိမြို့နယ်၊ ရွှေကြာပင်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်(၄/ရွှေကြာပင်)၊ မြေကွက်အမှတ် (S-279)၊ ဧရိယာ(၀.၂၅၅)ဧကရှိ ဦးဝင်းကျော်၊ ဒေါ်ခင်ကေခိုင် အမည်ပေါက်နှစ်(၃၀)မြေငှားစာချုပ်မြေကွက်အား ဦးသူရဝင်း ၁၂/တကန(နိုင်)၁၁၃၉၀၄]နှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ/မြေရာဇဝင် ရေးဆွဲပေးပါရန် အမည်ပေါက်သူထံမှ အထူးကိုယ်စားလှယ်လွှဲစာအမှတ် (၂၆၈၇၅/၂၀၁၉)ရရှိသူ ဒေါ်စန်းစန်းဦးမှ ပိုင်ဆိုင်မှု အထောက်အထားများတင်ပြ၍ လျှောက်ထားခြင်းကို ကန့်ကွက်လိုသူများအနေဖြင့် တရားဝင် ခိုင်လုံသော အထောက် အထား များ၊ တရားရုံးအမိန့် ဒီကရီများ တင်ပြ၍ လျှောက်ထားခြင်းကို ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ခိုင်လုံသော အထောက် အထား များ၊ တရားရုံးအမိန့် ဒီကရီများတင်ပြပြီးယနေ့မှစ၍(၁၅)ရက်အတွင်း နေပြည်တော် စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့်ကန့်ကွက်မှုမရှိပါက ဌာနမှုလုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

"ပညာတံခွန် (၁၀)တန်း
အဓေယာက် (၂၀) အထူးတော်ဒါ"
(၂၅)နှစ်လုပ်သက်အတွေ့အကြုံရှိသော ဆရာကြီး (၂)ယောက်မှဦးစီး၍ သင်ကြားပေးရေး၊ နေထိုင်၊ စားသောက်မှု အားလုံးနည်းစနစ်မှန်စွာ ပြုစုပျိုးထောင်ပေးသည်။ ထပ်ခါထပ်ခါလေ့ကျင့်သင်ကြားပေးသည်။ ၂၀၁၉အောင်ချက် (၈၀%)ရှိပါသည်။
အမှတ်-၃၆၊လသာဘိမ္မိုးအေး(၁)လမ်း၊ဘုရင့်နောင်မိုဘ်သား။
Ph: 09-420275663

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း


ရန်ကုန်မြို့၊ ဒေါပုံမြို့နယ်၊ ဗမာအေးရပ်ကွက်၊ ဘုရင့်နောင်လမ်း၊ မြေကွက်အမှတ် (၁၁၇)၊ မြေညီထပ်(A)နှင့် ပထမထပ်(A)အကျယ်အဝန်း (၁၁½ပေx၄၇ ပေ)တိုက်ခန်းနှစ်ခန်း၏ ပိုင်ရှင်ဖြစ်သူ ဒေါ်ယဉ်ယဉ်ထွန်း[၁၂/ဒပန(နိုင်)၀၂၄၂၄၁]+(၄)တို့ထံမှ ကျွန်ုပ်မိတ်ဆွေဖြစ်သူ ဦးဖြိုးကဝယ်ယူရန် ၅-၁၀-၂၀၁၉ ရက်နေ့တွင် စရန်ငွေအချို့ပေးခဲ့ပြီးဖြစ်ပါသည်။ အထက်ပါတိုက်ခန်းများနှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ကန့်ကွက်လိုပါက ခိုင်မာသည့်စာရွက်စာတမ်းအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အထက်ဖော်ပြပါတိုက်ခန်းအရောင်းအဝယ်ကိစ္စကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ဇာခြည်ဝင်း (LL.B)အထက်တန်းရှေ့နေ(စဉ်-၃၀၆၂၇)**
**Ph: 09 5102090, 09 255921290**

အော်ဂဲနစ်ခေတ်သစ်တစ်ခုဆီသို့ အရောက်လှမ်းနိုင်ဖို့အတွက်

- အော်ဂဲနစ်စိုက်ပျိုးရေးနည်းစနစ်များ
- သဘာဝမြေဩဇာပြုလုပ်နည်းများ
- အပင်ဖျက်ပိုးများမလာအောင် ကာကွယ်နည်းနှင့် နှိမ်နင်းရန်နည်းလမ်းများ
- အော်ဂဲနစ်အစားအစာများ၏ ကျန်းမာရေးအကျိုးကျေးဇူးများ

စသည့် အကြောင်းအရာများကို စုံလင်စွာ ရေးသားဖော်ပြထားသော…



အော်ဂဲနစ်စိုက်ပျိုးရေး၊
အော်ဂဲနစ်အစားအစာများနှင့် ကျန်းမာရေး
(ဒုတိယအကြိမ်)
ဒေါက်တာခင်မောင်လွင် (FAME)

အမြို့မြို့အနယ်နယ်ရှိ စာအုပ်ဆိုင်ကြီးများတွင် ဝယ်ယူရရှိနိုင်ပါသည်။
01-3681908, 3682199

ရတနာသစ်တော ပြည့်သွေးကြော သစ်တောရတနာ ထိန်းသိမ်းပါ

## ဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**

### ဒေါ်ထွားစိန် (ခ) အမေကြား

**အသက် (၉၈)နှစ်**

**မော်လမြိုင်မြို့**

ဦးဝင်းထွန်း(ပြည်ထောင်စုဝန်ကြီး-ငြိမ်း၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန)၏မိခင်ဖြစ်သူ ဒေါ်ထွားစိန်(ခ) အမေကြားသည် ၂၈-၁၀-၂၀၁၉ ရက် ညနေ ၃:၂၀ နာရီတွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ဦးခင်ဝင်း - ဒေါ်ရင်ရွှေ**
**ညွှန်ကြားရေးမှူးချုပ် (ငြိမ်း)**
**အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန**

## ဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**

### ဒေါ်ထွားစိန် (ခ) အမေကြား

**အသက် (၉၈)နှစ်**

**မော်လမြိုင်မြို့**

ဦးဝင်းထွန်း(ပြည်ထောင်စုဝန်ကြီး-ငြိမ်း၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန)၏ မိခင်ဖြစ်သူ ဒေါ်ထွားစိန်(ခ)အမေကြားသည် ၂၈-၁၀-၂၀၁၉ ရက် ညနေ ၃:၂၀ နာရီတွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ဦးငွေအောင်-ဒေါ်အေးအေး**

## ဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**

### ဒေါ်ထွားစိန် (ခ) အမေကြား

**အသက် (၉၈)နှစ်**

**မော်လမြိုင်မြို့**

ဦးဝင်းထွန်း (ပြည်ထောင်စုဝန်ကြီး-ငြိမ်း၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန)၏ မိခင်ဖြစ်သူ ဒေါ်ထွားစိန်(ခ)အမေကြားသည် ၂၈-၁၀-၂၀၁၉ ရက် ညနေ ၃:၂၀ နာရီတွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ညွှန်ကြားရေးမှူးချုပ်နှင့် ဝန်ထမ်းမိသားစုများ**
**အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန**

## ဝမ်းနည်းကြေကွဲခြင်း

### Raymond Bien Kee (ခ) ဦးရည်မွန်(ခ) တန်ကျင်ဟုတ် (ပုသိမ်)

**ကြီးကြပ်ရေးမှူး-ငြိမ်း (RTC)**

**အသက် (၇၉)နှစ်**

သူငယ်ချင်း ဒေါက်တာ ခင်သန်းမွန် (ညွှန်ကြားရေးမှူး၊ ရန်ကုန်တိုင်းဒေသကြီး ကုသရေးဦးစီးဌာန)၏ ဖခင်ကြီးသည် ၂၈-၁၀-၂၀၁၉ ရက်နေ့တွင် ကွယ်လွန်သွားကြောင်းသိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**11/87- Batch**
**ဆေးတက္ကသိုလ် (၂)မှ သူငယ်ချင်းများ**

## အထူးဝမ်းနည်းကြေကွဲခြင်း

### ဦးကျော်သိန်း

**အသက်(၇၀)**

**(ကံကော်လုံချည်)**

**B.E Civil (၁၉၇၆-၁၉၇၇)**

မန္တလေးတိုင်းဒေသကြီး၊ ဝမ်းတွင်းမြို့၊ ကံကော်အထည်စက်၊ ဒေါ်ကြည်စမ်းလှိုင်၏ခင်ပွန်း ဦးကျော်သိန်းသည် ၂၈-၁၀-၂၀၁၉ (တနင်္လာနေ့)တွင် ကွယ်လွန်သွားသည့်အတွက် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**R.I.T 1976 B.E Civil**
**သူငယ်ချင်းများ**

## အထူးဝမ်းနည်းကြေကွဲခြင်း

### ဒေါက်တာနိုင်လင်းထွန်း

**(ကထိက၊ ဌာနမှူး၊ ရောဂါဗေဒဌာန၊ သွား/ဆေး-မန်း)**

**အသက်(၅၀)**

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ကန်ကောက်ကြီးရပ်ကွက်နေ ဒေါက်တာဥမ္မာကျော်မြင့် (ကထိက၊ ဌာနမှူး၊ အဏုဇီဝဗေဒဌာန၊ သွား/ဆေး-မန်း)၏ ခင်ပွန်း၊ မောင်ကျော်ညီသာ၊ မောင်ခန့်ညီသာတို့၏ ဖခင် ဒေါက်တာနိုင်လင်းထွန်း (ကထိက၊ ဌာနမှူး၊ ရောဂါဗေဒဌာန၊ သွား/ဆေး-မန်း) သည် ၂၉-၁၀-၂၀၁၉ (အင်္ဂါနေ့) နံနက် ၆ နာရီတွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**မြန်မာနိုင်ငံရောဂါဗေဒဆရာဝန်များအဖွဲ့**

## ဦးတန်ချောင်တိတ်(ခ)ဦးဇော်ဝင်း

**အသက် (၆၇)နှစ်**

**စိန်ဥျွန်း ၇၄**

ရန်ကုန်မြို့၊ လသာမြို့နယ်၊ (၁)ရပ်ကွက်၊ အမှတ် (၁၈/၂၀)၊ မြေညီ၊ (၁၇)လမ်း၊ အောက်လမ်းနေ (ဦးမောင်ကြည်-ဒေါ်မြသီ)တို့၏ သား၊ (ဦးဟန်တင်-ဒေါ်ကျင်သိန်း)တို့၏ သားသမက်၊ ဒေါ်တင်တင်အေး၏ခင်ပွန်း၊ ကိုပြည့်ဖြိုးထွန်း (S'pore)၊ မအေးချမ်းမြင့်တို့၏ ချစ်လှစွာသော ကျေးဇူးရှင်ဖခင်သည် ၃၀-၁၀-၂၀၁၉ (ဗုဒ္ဓဟူးနေ့) နံနက် ၄:၄၅ နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၃-၁၁-၂၀၁၉ (တနင်္ဂနွေနေ့) နံနက် ၁၁ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ် မှ ကားများ နံနက် ၉ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

## မောင်ကျော်ဇင်မိုးသူ(ခ)မိုးကြီး

**အသက်(၃၈)နှစ်**

ကမာရွတ်မြို့နယ်၊ (၇)ရပ်ကွက်၊ ပြည်ရိပ်မွန်အိမ်ရာ၊ တိုက်(၂၄)၊ အခန်း (၀၃/၁၀)နေ ဦးစိုးအောင်(ကျောင်းအုပ်-ငြိမ်း)-ဒေါ်အေးမြင့်ဖေ (ကျန်းမာရေးဆရာမ-ငြိမ်း)တို့၏ သား၊ ဒေါ်တင်ရီ (ကျန်းမာရေးမှူး-ငြိမ်း)၏ တူ၊ ကိုကျော်မင်းသူ (ခေတ္တ-စင်ကာပူ)-မစိုးယုထက်၊ (ကိုကျော်မျိုးသူ)၊ မကေသွယ်စိုး(ပန်းလှိုင်ဆေးရုံ)၊ ဦးသူရအောင်-ဒေါ်ယမင်းသဇ္ဇာအောင်တို့၏ မောင်၊ မောင်လင်းမြတ်ဘုန်းအောင်၏ ဦးလေးသည် ၂၉-၁၀-၂၀၁၉ (အင်္ဂါနေ့) နံနက် ၉:၄၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃၁-၁၀-၂၀၁၉ (ကြာသပတေးနေ့) မွန်းလွဲ ၂ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁၂:၃၀ နာရီတွင် ထွက်ပါမည်။)[ကွယ်လွန်သူအားရည်စူး၍ ၂-၁၁-၂၀၁၉ (စနေနေ့) နံနက် ၇ နာရီမှ မွန်းတည့် ၁၂ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

## အထူးဝမ်းနည်းကြေကွဲခြင်း

### ဒေါ်ထွားစိန် (ခ) အမေကြား

**အသက် (၉၈)နှစ်**

**မော်လမြိုင်မြို့**

ဦးဝင်းထွန်း (ပြည်ထောင်စုဝန်ကြီး-ငြိမ်း)၊ (ဒေါ်ဆွေဆွေချစ်)တို့၏ မိခင်ဒေါ်ထွားစိန်သည် ၂၈-၁၀-၂၀၁၉ (တနင်္လာနေ့)ညနေ ၃:၂၀ နာရီတွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**မြတ်ဆရာပူဇော်ပွဲကျင်းပရေးကော်မတီ**
**အမှတ် (၁၀)၊ အ.ထ. က၊ ယခင်အမှတ် (၁၂)အ.ထ. ကနှင့်**
**မွန်ရာမညအမျိုးသားအထက်တန်းကျောင်း၊ မော်လမြိုင်မြို့**

## ဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**

### မှန်ချိုသမားတော်ကြီး ဦးလှငွေ

မှန်ချိုမိသားစု၏ ဖခင်ကြီး သမားတော်ကြီး ဦးလှငွေ ကွယ်လွန်သွားကြောင်း သိရပါသဖြင့် မိသားစုနှင့် ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**သုခမ္မမဏ်ဓောတခဇ ရန်ကုန်ဦးဝင်းလှိုင်**
**ကိုထွန်းထွန်းလတ်**

## ကျေးဇူးအထူးတင်ရှိခြင်း

၂၄-၁၀-၂၀၁၉ရက် (ကြာသပတေးနေ့) တွင် ကွယ်လွန်သွားခဲ့သော ဦးသန်းထိုက် အသက်(၆၆)နှစ် 3/E Ocean Tankers ၏ နာမကျန်း၍ ဆေးရုံတက်ရောက်ကုသစဉ်နှင့် နာရေးကိစ္စအဝဝအတွက် ကူညီဆောင်ရွက်ပေးကြသော ကန်သာယာ(International) အထူးကုဆေးရုံကြီးမှ တာဝန်ရှိဆရာဝန်ကြီးများနှင့် သူနာပြုဆရာ၊ ဆရာမများ အဘက်ဘက်မှ ကူညီဆောင်ရွက်ပေးကြပါသော ဦးတိုးနိုင်မန်း-ဒေါ်ဇေဇင်လတ် Zaykabar Group of Companies မှ တာဝန်ရှိသူများနှင့် ဝန်ထမ်းများ၊ CME Port မှ လုပ်ဖော်ကိုင်ဖက်များ၊ Ocean Tankers မှ လုပ်ဖော်ကိုင်ဖက်များ၊ ပိန်းဇလုပ်အသင်း(ရန်ကုန်)မှ မိတ်ဆွေသင်္ဂဟများနှင့် ဦးဆန်းဝင်းထွန်း(မိသားစု) အားလည်းကောင်း၊ နာမကျန်းဖြစ်စဉ်ကာလမှစ၍ နာရေးကိစ္စပြီးဆုံးသည်အထိ ကူညီဆောင်ရွက်ပေးပါသော ကိုဝေမင်းဦး-ဒေါက်တာ မေသူဇာစောငွေတို့အားလည်းကောင်း၊ လူကိုယ်တိုင်သော်လည်းကောင်း၊ ဖုန်းဖြင့်သော်လည်းကောင်း၊ စာဖြင့်သော်လည်းကောင်း ဝမ်းနည်းကြောင်း နာရေးသတင်းမေးကြသူများ၊ သက်န်းနှင့်တကွ အခြားလှူဖွယ်ဝတ္ထုပစ္စည်းပေးပို့ကြသူများ၊ လွမ်းသူ့ပန်းခြင်း ပေးပို့ကြသူများ၊ ရပ်နီးရပ်ဝေးမှ လူကိုယ်တိုင်လိုက်ပါပို့ဆောင်ပေးကြသော မိတ်ဆွေသင်္ဂဟအပေါင်းနှင့် အဘက်ဘက်မှ ဝိုင်းဝန်းကူညီကြသူများ အားလုံးကို အထူးကျေးဇူးတင်ရှိပါကြောင်း။

**ကျန်ရစ်သူမိသားစု**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ အမှတ်(၉)ရပ်ကွက်၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ အမှတ်(၁၄၂/၁၄၄)၊ ၅လွှာ (ညာ)ဟုခေါ်တွင်သည့် တိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို တရားဝင်ဝယ်ယူပိုင်ဆိုင်ထားသူ ဒေါ်ယဉ်ယဉ်ဆွေ [၁၂/ဒပန(နိုင်)၀၁၁၇၅၈]ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေတစ်ဦးက ဝယ်ယူရန် စရန်ငွေပေးချေပြီးဖြစ်ပါသည်။

ကန့်ကွက်လိုသူများ ယနေ့မှ (၇)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထားအပြည့်အစုံဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ ၎င်းရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို အပြီးအပြတ်ဆက်လက်ဆောင်ရွက်မည်ဖြစ်ပါကြောင်း။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးအောင်ဘော် (လိုင်စင်-၄၀၃၅)**
**LL.B,DBL,DML,DIL,DLP,WIPO(Switzerland)**
**ဒေါ်အေးအေးစိုး (လိုင်စင်-၅၈၂၇)**
**B.Sc,Hon(IC),HGP,R.L,D.B.L.**
**တရားလွှတ်တော်ရှေ့နေများ**
**အမှတ် (၂၇)၊ ၁၂၁-လမ်း၊ မင်္ဂလာတောင်ညွှန့်မြို့နယ်၊ ရန်ကုန်မြို့။**
**Tel: 294766, HP:09-5017044**

**ဘဝနတ်ထံ ပျံလွန်တော်မူခြင်း**

## နန္ဒာရွှေဘုံဆရာတော် ဘဒ္ဒန္တနန္ဒာဘာသ

**(မြို့နယ်သံဃနာယကအဖွဲ့ ဩဝါဒါစရိယဆရာတော်)**

**သိက္ခာတော်(၅၉)ဝါ၊ သက်တော်(၇၉)နှစ်**

ရန်ကုန်တိုင်းဒေသကြီး၊ အနောက်ပိုင်းခရိုင်၊ လှိုင်မြို့နယ်၊ (၂) ရပ်ကွက်၊ သူရိန်လမ်း၊ သူရိန်ရိပ်မွန်အိမ်ရာ၊ နန္ဒာရွှေဘုံကျောင်းတိုက်၊ ဦးစီးပဓာနနာယက မူလတိုက်တည်ဆရာတော် ဘဒ္ဒန္တနန္ဒာဘာသ (မြို့နယ် သံဃနာယကအဖွဲ့ ဩဝါဒါစရိယ)သည် (၁၃၈၁-ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၂ ရက်)၊ ၂၉-၁၀-၂၀၁၉ (အင်္ဂါနေ့) ညနေ ၅:၂၀နာရီတွင် ဘဝနတ်ထံ ပျံလွန်တော်မူသွားပါသဖြင့် (၁၃၈၁-ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၈ ရက်)၊ ၄-၁၁-၂၀၁၉ (တနင်္လာနေ့)တွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်သဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ တပည့်ဒါယကာ၊ ဒါယိကာမတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ (နန္ဒာရွှေဘုံကျောင်းတိုက်မှ ကားများ မွန်းလွဲ ၁:၃၀နာရီတွင် ထွက်ပါမည်။) ဈာပနကျင်းပရေးကော်မတီ

**ခရစ်တော်၌ အိပ်ပျော်ခြင်း**

## နော်လယ်ထူး

**အသက် (၇၉)နှစ်**

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၂)ရပ်ကွက်၊ ရန်ကုန်-အင်းစိန်လမ်း၊ အမှတ် (၁၀၁) နေ (ဦးအောင်ဒင်-ဒေါ်စန်းရင်)တို့၏ သမီး၊ (ဦးမောင်မောင်ကလေး-ဒေါ်အေးတင်)တို့၏ သမီးချွေးမ၊ (ဦးခင်မောင်)၏ ချစ်လှစွာသော ဇနီး၊ (ဦးခင်မောင်ထူး)-ဒေါ်နယ်လီလှ၊ ဦးစောပက်ထရစ်-ဒေါ်ဆွေဆွေမိုး၊ ဦးခင်မောင်ဝင်း-ဒေါ်ခရင်းမ်ဆန်း၊ ဦးခင်မောင်ထွေး-နော်မားသာတို့၏ ချစ်လှစွာသောမိခင်၊ ဒေါက်တာ စောဆိုင်မွန်၊ စောအင်ဒရူး-ပန်းဖြူဖြူကြိုင်လေး၊ စောဆင်မြူရယ်၊စောဒင်နယ်ရယ်၊နော်မေမိုးပက်ထရစ်၊ စောဇေယျာမိုးပက်ထရစ်၊ စောခန့်မိုးပက်ထရစ်၊ စောဂျဲန်းနစ်စ်အံ့ဘွယ်ဝင်း၊ နော်မိုးပွင့်ဖြူတို့၏ ချစ်လှစွာသော ဖီးဖီးသည် ၃၀-၁၀-၂၀၁၉ရက် နံနက် ၃:၄၀ နာရီတွင် ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် ၃၁-၁၀-၂၀၁၉ ရက် နံနက် ၁၁ နာရီတွင်ထိန်ပင်သုသာန်ဂိုဏ်းပေါင်းစုံ၌ ဝတ်ပြုဆုတောင်းပြီး သဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမိတ်ဆွေများအား အသိပေးအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဦးခင်မောင်ဝင်း

**အသက်(၆၇)နှစ်**

**ပြည် (G.T.I)၊ ကန်တော့ခံဆရာကြီး**

ပြည်မြို့၊ ရွာဘဲရပ်၊ ဗိုလ်ချုပ်လမ်း၊ အမှတ်(၉)နေ (ဦးအောင်သန့်)-ဒေါ်အုန်းမြင့်တို့၏ ချစ်လှစွာသောသားငယ်၊ ရန်ကုန်မြို့နေ [ဦးတင်ဝင်း (R.I.T)]-ဒေါ်မြခင်တို့၏ သားသမက်၊ ပုဇွန်တောင်မြို့နယ်၊ (၅၁)လမ်း၊ အမှတ်(၈၂)၊ ပထမထပ်နေ ဒေါ်ခင်ဝင်းလွင် [ပြည် G.T.I (EC) ဆရာမဟောင်း]၏ ချစ်လှစွာသော ခင်ပွန်း၊ မမြတ်သူခင် [BE.E.P (Final) သန်လျင် TU]၊ မဇင်သူခင် (2nd M.B-UMI) တို့၏ ချစ်လှစွာသောဖခင်၊ ဦးအောင်မင်း-ဒေါ်ဆွေဆွေသန်း၊ ဦးအေးသောင်း-ဒေါက်တာဒေါ်ခင်ဝင်းမြင့်တို့၏ ညီ/မောင်၊ ဦးအောင်ဝင်း-ဒေါ်ခင်လှရီတို့၏ အစ်ကို ဦးခင်မောင်ဝင်းသည် ၂၈-၁၀-၂၀၁၉ ရက် ဒေသစံတော်ချိန် နံနက် ၃:၀၄ နာရီတွင် အိန္ဒိယနိုင်ငံနယူးဒေလီမြို့ အပိုလိုဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁-၁၁-၂၀၁၉ (သောကြာနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၃-၁၁-၂၀၁၉ (တနင်္ဂနွေနေ့) နံနက် ၇ နာရီတွင် အမှတ်(၈၂)၊ ပထမထပ်၊ (၅၁)လမ်း (အလယ်)၊ ပုဇွန်တောင်မြို့နယ် နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန်ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဦးခင်မောင်ဝင်း (E/O)

**အသက်(၆၇)နှစ်**

**ပြည် (G.T.I)၊ ကန်တော့ခံဆရာကြီး**

ပြည်မြို့၊ ရွာဘဲရပ်၊ ဗိုလ်ချုပ်လမ်း၊ အမှတ်(၉)နေ (ဦးအောင်သန့်)-ဒေါ်အုန်းမြင့်တို့၏ သားငယ်၊ ရန်ကုန်မြို့နေ [ဦးတင်ဝင်း(R.I.T)]-ဒေါ်မြခင်တို့၏ သားသမက်၊ ပုဇွန်တောင်မြို့နယ်၊ (၅၁)လမ်း၊ အမှတ်(၈၂)၊ ပထမထပ်နေ ဒေါ်ခင်ဝင်းလွင် [ပြည် G.T.I (EC) ဆရာမဟောင်း]၏ ချစ်လှစွာသောခင်ပွန်း၊ မမြတ်သူခင် [BE.E.P (Final) သန်လျင် TU]၊ မဇင်သူခင် (2nd M.B-UMI)တို့၏ ချစ်လှစွာသော ဖခင်၊ ဦးခင်ဇော်-ဒေါ်ခင်မေတင့်၊ ဦးအေးကြွယ်-ဒေါ်အေးအေးသိန်းမြင့်၊ ဒေါ်ခင်ဝင်းရီတို့၏ ညီ/မောင်၊ ဒေါ်ခင်နွဲ့နွဲ့၊ ဦးလင်းအောင်-ဒေါ်ရီရီချိုတို့၏ အစ်ကို ဦးခင်မောင်ဝင်းသည် ၂၈-၁၀-၂၀၁၉ ရက် ဒေသစံတော်ချိန် နံနက် ၃:၀၄ နာရီတွင် အိန္ဒိယနိုင်ငံနယူးဒေလီမြို့ အပိုလိုဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁-၁၁-၂၀၁၉ (သောကြာနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ပါမည်။)[ကွယ်လွန်သူအားရည်စူး၍ ၃-၁၁-၂၀၁၉ (တနင်္ဂနွေနေ့) နံနက် ၇ နာရီတွင် အမှတ်(၈၂)၊ ပထမထပ်၊ (၅၁)လမ်း၊ (အလယ်)၊ ပုဇွန်တောင်မြို့နယ် နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန်ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ ဒေါပုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၉)၊ လူနေရပ်ကွက်အမှတ်(အောင်ချမ်းသာ)၊ မြေကွက်အမှတ်(၆၀၉)၊ ဧရိယာ(၂၅x၅၀) ပေရှိ နှစ်(၆၀)မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ရန်ကုန်မြို့၊ ဒေါပုံမြို့နယ်၊ အောင်ချမ်းသာရပ်ကွက်၊ အောင်မင်္ဂလာလမ်း၊ အမှတ်(၁၈)ဟုခေါ်တွင်သည့် နေအိမ်အဆောက်အအုံနှင့် တွယ်ကပ်ဆက်စပ်သမျှ အကျိုးခံစားခွင့်အရပ်ရပ်များအားလုံးတို့ကို အမည်ပေါက်ပိုင်ရှင်ဖြစ်သူ ဦးမောင်မောင်[၁၂/ဒပန(နိုင်)၀၀၀၄၂၅]ထံမှ အရပ်စာချုပ်အဆင့်ဆင့်ဖြင့် ဝယ်ယူထားသူများဖြစ်ကြသော ဒေါ်ထွေးသန်း[၁၂/ဒပန(နိုင်)၀၁၆၅၂၉]နှင့် ဦးမြတ်ထင်[၁၂/ဒပန(နိုင်)၀၀၁၂၅၅]တို့ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေတစ်ဦးက ဝယ်ယူရန် စရန်ငွေပေးချေပြီးဖြစ်ပါသည်။

ကန့်ကွက်လိုသူများ ယနေ့မှ (၇)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထားအပြည့်အစုံဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ ၎င်းရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို အပြီးအပြတ်ဆက်လက်ဆောင်ရွက်မည်ဖြစ်ပါကြောင်း။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးအောင်ဘော်(လိုင်စင်-၄၀၃၅)**
**LL.B,DBL,DML,DIL,DLP,WIPO(Switzerland)**
**ဒေါ်အေးအေးစိုး(လိုင်စင်-၅၈၂၇)**
**B.Sc,Hon(IC),HGP,R.L,D.B.L**
**တရားလွှတ်တော်ရှေ့နေများ**
**အမှတ်(၂၇)၊ ၁၂၁-လမ်း၊ မင်္ဂလာတောင်ညွှန့်မြို့နယ်၊ ရန်ကုန်မြို့။**
**Tel:294766 HP:09-5017044**

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်အေးခိုင်

### အသက်(၈၈)နှစ်

ရန်ကုန်မြို့၊ ဒေါပုံမြို့နယ်၊ ဗိုလ်ထွန်းဇံရပ်ကွက်၊ ဗိုလ်ဆွန်ပက်လမ်း၊ အမှတ်(၂၂)နေ (ဦးထွန်းမြိုင်-ဒေါ်စောညွန့်)တို့၏ သမီး၊ (ဦးထွန်းယုံ)၏ ချစ်လှစွာသောဇနီး၊ (ဦးကြည်စန်း)-ဒေါ်တင်ဝင်း၊ ဦးတင်ညွန့်-ဒေါ်ပေါက်၊ ဦးခင်မောင်ဆင့်-ဒေါ်မိုး၊ ဦးကြည်ဝင်း-ဒေါ်ကွန်မီး၊ သီတဂူ ဦးကျော်ရှိန်(ခ)ဦးကျော်ရင်-ဒေါ်အေး၊ ဒေါ်အုံးမြင့်တို့၏ မွေးသမိခင်ကျေးဇူးရှင်၊ မြေး ၁၉ ယောက်၊ မြစ် ၁၂ ယောက်၊ တီတစ်ယောက်တို့၏အဘွား ဒေါ်အေးခိုင်သည် ၃၀-၁၀-၂၀၁၉ (ဗုဒ္ဓဟူးနေ့)တွင် ကွယ်လွန်သွားပါသဖြင့် ၁-၁၁-၂၀၁၉ (သောကြာနေ့) မွန်းလွဲ ၂ နာရီတွင် ကျီစုသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၅-၁၁-၂၀၁၉(အင်္ဂါနေ့) နံနက် ၆ နာရီမှ မွန်းတည့် ၁၂ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်အေးနု (မြောက်ဦး) (၈၃)နှစ်

မြောက်ဦးမြို့နေ (ဦးရဲဘော်-ဒေါ်ငွေစိန်)တို့၏ သမီး၊ စစ်တွေမြို့နေ (ပညာဝန်ထောက် ဦးကျော်ဇံလှ-ဒေါ်ရွှေမြသူ)တို့၏ သမီးချွေးမ၊ ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ ရွှေတောင်တန်းလမ်း၊ အမှတ်(၈၃)နေ [ဦးကျော်ဇော (ကျောင်းအုပ်ဆရာကြီး-ငြိမ်း)]၏ဇနီး၊ (ဦးဦးကျော်သာ)-ဒေါ်နွဲ့နွဲ့၊ (ဦးသာထွန်းအေး-ဒေါ်ခိုင်ခိုင်)၊ (ဒေါ်ကျော့သာ)၊ (ဦးသာနို့အောင်)-ဒေါ်မမိုးသာ၊ (ဦးအောင်ကျော်သာ)-ဒေါ်ခင်ခင်ညွန့်၊ (ဦးမောင်ကျော်ထွန်း)တို့၏ ညီမ၊ ဦးရွှေသာခိုင်-ဒေါ်မေစုလှိုင်၊ ဒေါ်သာနှင်းအေး-(ဦးကျော်ကျော်)၊ (ဦးမောင်သာခိုင်)-ဒေါ်မြမြစံ၊ ဦးကျော်နု-ဒေါ်လှယဉ်၊ ဦးကျော်တင်-ဒေါ်ညိုညိုစံ၊ ဒေါ်သိန်းသိန်း-ဦးမောင်မောင်စိုးတို့၏ အစ်မ၊ ဦးကျော်မင်း-ဒေါ်ငြိမ်းငြိမ်းမြင့်၊ ဒေါ်စောဝင်းမူ-ဦးစံရွှေမောင်၊ ဦးငွေမင်း (ကောင်းဇော်ဟိန်းကုမ္ပဏီ)-ဒေါ်ဖြူဖြူခိုင်၊ ဦးသောင်းထွဋ်မင်း-ဒေါ်သွယ်သွယ်ဝင်း၊ ဦးမျိုးမြင့်မင်း-ဒေါ်သီတာအောင်၊ ဦးမျိုးမြတ်မင်းတို့၏ ချစ်လှစွာသောမိခင်၊ မြေး ၁၀ ယောက်၊ မြစ်တစ်ယောက်တို့၏ အဘောင်ရှင်သည် ၃၀-၁၀-၂၀၁၉ (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂:၄၅ နာရီတွင် ဗဟိုစည်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁-၁၁-၂၀၁၉ ရက် ညနေ ၃ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁၂:၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၅-၁၁-၂၀၁၉ရက် နံနက် ၇ နာရီမှ ၁၁ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဇရပ် ဒါယိကာမကြီး

## ဒေါ်ခင်ကြိုင် (အိုင်ကလောင်)

### အသက် (၈၃) နှစ်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ စမ်းချောင်းတောင်ရပ်ကွက်၊ မင်းလမ်း၊ အမှတ် ၄၈(A) နေ (ဦးဘိုးနီ-ဒေါ်မယ်စိန်)တို့၏ သမီး၊ (ဒေါ်လှိုင်မေ၊ ဒေါ်သိန်းတင်၊ ဒေါ်အုံးခင်၊ ဒေါ်အမြင့်၊ ဒေါ်ခင်စိန်)တို့၏ ညီမ၊ ဦးအောင်ကြည်-ဒေါ်စန်းစန်းတို့၏ မိခင်သည် ၃၀-၁၀-၂၀၁၉ ရက်နေ့ နံနက် ၀၀:၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁-၁၁-၂၀၁၉ (သောကြာနေ့) မွန်းတည့် ၁၂ နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင် သုသာန်သို့ ပို့ဆောင် မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှ ကားများ နံနက် ၁၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

## ဒုတိယဗိုလ်မှူးကြီး စိုးမြင့်အောင် (ငြိမ်း)

D.S.A အပတ်စဉ် (၂၀)

### အသက် (၆၁)နှစ်

ရန်ကုန်မြို့နေ (ဦးကိုကိုအောင်-ဒေါ်လှလှသန်း)တို့၏ သား၊ သထုံမြို့၊ ကျိုက္ကော်ရပ်နေ (ဦးစောဝင်း)-ဒေါ်ခင်သန်းစိန်တို့၏ သားသမက်၊ (ဦးစိန်မြင့်အောင်-ဒေါ်လှသန္တာအောင်)၊ (ဦးအောင်သန်းဦး-ဒေါက်တာစန္ဒာအောင်)၊ (ဦးရဲဝင်းအောင်)- ဒေါ် Olivia ၊ (ဦးမျိုးမြင့်အောင်)-ဒေါ်နုနုရီ တို့၏ ညီ/မောင်၊ ဒုအရာခံဗိုလ် အောင်သက်ထွဋ်အောင်-ဒေါ်ခင်ယုယုလွင် တို့၏ အစ်ကို၊ ဒေါ်သီတာမော်၏ ခင်ပွန်း၊ မောင်ကျော်မိုးထက်အောင်၊ မောင်အောင်သီဟကျော်၊ မောင်စစ်သွေးထက်အောင်တို့၏ဖခင် ဒုဗိုလ်မှူးကြီး စိုးမြင့်အောင်သည် ၂၉-၁၀-၂၀၁၉ ရက်တွင် အမှတ်(၄၇၀)၊ ရွှေမြင့်မိုရ်လမ်း၊ ကျိုက္ကော်ရပ်ကွက်နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၃၁-၁၀-၂၀၁၉ (ကြာသပတေးနေ့) မွန်းလွဲ ၁နာရီတွင် ကျိုက္ကော်သုသာန်သို့ ပို့ဆောင်သဂြိုဟ်မည်ဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု

## ဦးကျော်မိုး(ခ)ဦးကျော်သူ

### အသက် (၄၉)နှစ်

(စိန့်ပေါ်ကျောင်းသားဟောင်း)

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်မြောက်ပိုင်း၊ သစ္စာလမ်း၊(၃၉/A)၊ အမှတ်(၆၇)နေ (ဦးကိုကို-ဒေါ်ခင်သာသာ)တို့၏ ချစ်လှစွာသောသားငယ်၊ ဗဟန်းမြို့နယ်နေ (ဦးနေဝင်း)-ဒေါ်သန်းရွှေတို့၏ ချစ်လှစွာသောသားသမက်၊ ဦးကျော်စိုး-ဒေါ်ဖြူဖြူဝင်း၊ (ဦးစိုးငြိမ်း)-ဒေါ်စုစု၊ ဦးအောင်ကျော်မိုး(THOME Shipping)-ဒေါ်ဝင်းမာ၊ ဦးကျော်ဖြိုးလှိုင်-ဒေါ်နီလာ၊ (ဦးသိန်းဇော်-ဒေါ် သက်သက်ထူး)တို့၏ ချစ်လှစွာသော ညီ/မောင်၊ တိုက် (၄၅)၊ သုံးလွှာ(B)၊ မြို့မရပ်ကွက်၊ ဗဟန်း (၃)လမ်း၊ ဗဟန်းမြို့နယ်နေ ဒေါ်ဆွေလွင်ဦး(ခ)ဒေါ်စန္ဒာ၏ ချစ်လှစွာသောခင်ပွန်း၊ မောင်ကောင်းမင်းသူ(ခ)ဖိုးချမ်း(ခေတ္တ-စင်ကာပူ)-မရတနာဝင့်ကျော်၊ မောင်အောင်ပိုင်သူ-မခင်မေဦး၊ မောင်ပြည့်သူထွန်း၊ မမေသူကျော်၊ မမေသိင်္ဂီကျော်(ထ-၂၊ ဗဟန်း)တို့၏ ချစ်လှစွာသောဖခင်၊ မောင်နေလမင်းခန့်၏ချစ်လှစွာသောအဘိုးသည် ၂၉-၁၀-၂၀၁၉ရက် နံနက် ၁၀:၁၀ နာရီ တွင် ရန်ကုန်ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၃၁-၁၀-၂၀၁၉ (ကြာသပတေးနေ့) ညနေ ၄ နာရီတွင် ရေဝေးသုသာန် သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၂:၁၅ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

ခရစ်တော်၌အိပ်ပျော်ခြင်း

## Tv. Kalmuankima (Mamuana)

### အသက် (၂၉)နှစ်

ရန်ကုန်မြို့၊ ကန်တော်လေးရပ်၊ (၈၇)လမ်း၊ အမှတ် (၄၃)၊ အပေါ်ဆုံးထပ်နေ (Pu Lalzuiliana)-Pi Lalbiakmuani တို့၏ ချစ်လှစွာ သော သား၊ Pu Laltanpula (Germany)၊ Tv. Lalzawmliana (U.A.E)၊ Pu Lalvulmawia တို့၏ ချစ်လှစွာသော ညီသည် ၂၉-၁၀-၂၀၁၉ (အင်္ဂါနေ့) ည ၁၀:၅၅ နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၁-၁၁-၂၀၁၉ (သောကြာနေ့) မွန်းလွဲ ၁ နာရီတွင် ရေဝေး ခရစ်ယာန်ဂိုဏ်းပေါင်းစုံဥယျာဉ်တော်၌ ဝတ်ပြုဆုတောင်းပြီး ဂူသွင်းသဂြိုဟ်မည် ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေး ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၁:၃၀ နာရီ၊ ဓမ္မသွေလဘုရားကျောင်း၊ မြကန်သာ၊ သရက်တော၊ ထန်းပင်ကုန်းနှင့် မြောက်ဒဂုံ၊ စစ်တောင်းမှတ်တိုင်တို့မှ ကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

## အနိစ္စ

တောင်ကြီးအသင်း (ရန်ကုန်)

ကန်တော့ခံ

## ဒေါ်ခင်လေးဝင်း

### အသက် (၉၀)

(ညောင်ရွှေ)

တောင်ကြီးအသင်း အမှုဆောင် စဝ်သန်းငွေကြည် - ဒေါ်မို့မို့သန်း၊ အတွင်းရေးမှူး ဦးဉာဏ်ထူး-စဝ်စန္ဒာကြည်တို့၏ မွေးသမိခင် ဒေါ်ခင်လေးဝင်းသည် ၂၉-၁၀-၂၀၁၉ ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၂-၁၁-၂၀၁၉ (စနေနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေး သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။

အမှုဆောင်အဖွဲ့

---

ပုလောမြို့နယ်အသင်း (ရန်ကုန်)

## ဦးမောင်အေး(ခ)ဦးအေး

(ပုလော)

### အသက် (၇၆)နှစ်

အသင်းဝင်အမှတ်-၂၇၁

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ သပြေကုန်းရပ်ကွက်၊ (၁၂၅)လမ်း၊ အမှတ် (၇၉) လေးလွှာ (B)နေ ဒေါ်စိန်သန်း၏ ခင်ပွန်းသည် ၂၉-၁၀-၂၀၁၉ (အင်္ဂါနေ့) မွန်းလွဲ ၁၂:၅၁ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃၁-၁၀-၂၀၁၉ (ကြာသပတေးနေ့) မွန်းတည့် ၁၂ နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်ပါမည်။ (အသင်းမှ ကားများ နံနက် ၉:၃၀ နာရီတွင် ထွက်ပါမည်။)

အမှုဆောင်အဖွဲ့

ကြီးမြန်
သစ်ပင်
စိုက်ပျိုး
လျှင်
စွမ်းအင်
လည်း
ရ
ပြည်
လည်း
လှ

ဘုရား၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်ခင်လေးဝင်း အသက်(၉၀)

တောင်ကြီး၊ ညောင်ရွှေမြို့

ညောင်ရွှေမြို့နေ (ဘဏ္ဍာတော်ငွေတိုက်အမတ်ကြီး ဦးငြိမ်း - ဒေါ်ဒွေး)တို့၏ ချစ်လှစွာသောသမီး၊ ညောင်ရွှေမြို့နေ (စဝ်ဖိုးမြ-စဝ်အယ်) တို့၏သမီးချွေးမ၊ (ဦးမောင်မောင်ငြိမ်း)၊ [မောင်မြတ်မွန်(ညောင်ရွှေ)]တို့၏အစ်မ၊ တောင်ကြီးမြို့နေ [စဝ်ရွှေကြည် (အငြိမ်းစားမြို့ပိုင်)]၏ ချစ်လှစွာသောဇနီး၊ စဝ်ဝင်းမောင်ကြည် (AQurius Inn) - ဒေါ်အေးအေးကြူ၊ စဝ်စိုးဝင်းကြည် (စိုက်ပျိုးရေးမန်နေဂျာ-ငြိမ်း)- ဒေါ်ခင်ဝင်းမြင့်(ဒု-ညွှန်ကြားရေးမှူးငြိမ်း) (ငွေအိမ်နန်းကိုယ်ပိုင် အထက်တန်းကျောင်း)၊ စဝ်သန်းငွေကြည် (ကမ္ဘောဇဓမ္မာရုံ)-ဒေါ်မို့မို့သန်း(Genius ကိုယ်ပိုင်အထက်တန်းကျောင်း)၊ စဝ်ဥမ္မာကြည် (ကယားပြည်နယ် တရားလွှတ်တော်တရားသူကြီး)၊ စဝ်နေဝင်းကြည်၊ (စဝ်နေလင်းကြည်)- ဒေါ်မိုးမိုးခင်၊ ဦးဉာဏ်ထူး(ရွှေရှမ်းလေး)-စဝ်စန္ဒာကြည်(ပင်လုံနှင်းဆီ+မိဘာရိပ် ကိုယ်ပိုင်အထက်တန်းကျောင်း)၊ စဝ်မိုးကျော်သူကြည်-ဒေါ်ရွှေဥ (အ-လ-က ရွှေရန်ပြေ)၊ ဦးလွှမ်းမိုးနိုင်-စဝ်မူယာကြည် (ပွင့်စားသောက်ဆိုင်)၊ Dr. စိုးမိုးအောင်(Shwe Ziwa Co., Ltd.)-စပ်သူဇာကြည်တို့၏ မွေးသမိခင်၊ တူ/တူမ လေးယောက်တို့၏ ကြီးကြီး၊ မြေး ၁၃ယောက်၊ မြစ်သုံးယောက်တို့၏ဘွားဘွား ဒေါ်ခင်လေးဝင်းသည် ၂၉-၁၀-၂၀၁၉ ရက် ည ၁၀:၄၀နာရီတွင် ဗိုလ်တထောင်မြို့နယ်၊ ဘိုကလေးဈေးလမ်း၊ အမှတ်(၈၆)၊ သုံးလွှာ၊ အခန်း(၅) နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂-၁၁-၂၀၁၉ (စနေနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၁:၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

## ဒေါ်သန်းသန်းငွေ(ခ)Polly Hla Htoon

### အသက် (၇၈) နှစ်

ST. Phllomena (အ.ထ.က-၂၊ ကျောင်းသူဟောင်း)

ရန်ကုန်မြို့၊ စမ်းချောင်းရပ်ကွက်နေ အနောက်ပိုင်းနယ်ပိုင် ရာဇဝတ်တရားသူကြီး (ဦးလှထွန်း-ဒေါ်တင်လှ)တို့၏ သမီးကြီး၊ မန္တလေးရှမ်းပွဲရပ်နေ (ဦးဘ-ဒေါ်ဒေါ်ခင်)တို့၏ သမီးချွေးမ၊ [ဒေါက်တာကျော်ကျော် (ကထိက၊ ဘူမိဗေဒဌာန၊ ရန်ကုန်တက္ကသိုလ်၊ ယခင် မန္တလေးတက္ကသိုလ် ဘူမိဗေဒဌာန)]၏ ချစ်လှစွာသောဇနီး၊ ဒေါက်တာဇော်မင်းကျော်(B.D.S YGN)-ဒေါ်ဝါဝါအေးခင်၊ ဒေါက်တာသန်းမင်းကျော် (U.S.A) - ဒေါ်လဲ့လဲ့မော်(U.S.A)၊ ဦးမျိုးမင်းကျော် (Mandalay Central Auto)- ဒေါ်သူဇာသိန်း၊ ဒေါ်ဝင့်ဝင့်ကျော် (B.O.D. Secretary Amazing Land Co., Ltd.)တို့၏ ချစ်လှစွာသောမိခင်ကြီး၊ မောင်နိုင်ဇော်ထွဋ် - မစုမွန်ဝင်းထွန်း၊ မတင်တင်ဇော်မင်း၊ မခိုင်လဲ့လဲ့ကျော်၊ မစုမွန်လဲ့လဲ့ကျော်၊ မရည်မွန်လဲ့လဲ့ကျော်၊ ဒေါက်တာပိုင်ဖြိုးအောင်-ဒေါက်တာဖြူဖြူခိုင်ဇင်၊ မောင်သုတ၊ မောင်ဘုန်းယသတို့၏အဘွား၊ မလဝန်းအိမ်၏ ဘွားဘွားကြီးသည် ၂၉-၁၀-၂၀၁၉ရက် မွန်းလွဲ ၂နာရီတွင် မန္တလေးမြို့၊ ရှမ်းပွဲရပ် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၃၀-၁၀-၂၀၁၉ ရက် မွန်းလွဲ ၂နာရီတွင် တောင်အင်း/မြောက်အင်းသုသာန်သို့ ပို့ဆောင်သဂြိုဟ်ပြီးဖြစ်ပါကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဦးချစ်မောင်

### အသက်(၇၈)နှစ်

(ငါးထပ်ကြီး)

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ အောင်သပြေလမ်း၊ အမှတ်(၃၀၀)နေ (ဦးဘိုးရှန်-ဒေါ်ငွေခင်)တို့၏သား၊ ဦးဝင်းနိုင်-ဒေါ်ခင်သီတာ၊ ဒေါ်ခင်စန္ဒာ၊ ဦးအောင်သူ-မမိုးမြင့် တို့၏ ဖခင်၊ ဒေါ်ခင်ကြည်၏ ချစ်လှစွာသောခင်ပွန်း၊ မြေးနှစ်ယောက်တို့၏ အဘိုးသည် ၂၉-၁၀-၂၀၁၉(အင်္ဂါနေ့) မွန်းလွဲ ၂နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃၁-၁၀-၂၀၁၉ (ကြာသပတေးနေ့) ညနေ ၃ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၄-၁၁-၂၀၁၉ (တနင်္လာနေ့) နံနက် ၇ နာရီမှ ၁၁နာရီအထိ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဦးသန်းထွန်းအောင်(၇၂)နှစ်

(ကျောင်းကုန်းမြို့)

ကျောင်းကုန်းမြို့နေ (ဦးမောင်ကြန်-ဒေါ်ခလေးမ)တို့၏သား၊ ရန်ကုန်မြို့နေ ဒေါ်စန္ဒာလှိုင်၏ ချစ်လှစွာသော ခင်ပွန်း၊ ဦးဥက္ကာထွန်း-ဒေါ်ဖြူဖြူနွယ်၊ ဦးရာဇာထွန်း-ဒေါ်ကေသွယ်အောင် (Pinky) တို့၏ ချစ်လှစွာသော ဖခင်ကြီး၊ မောင်ဉာဏ်မင်းဇင်၊ မယမင်းမုဒြာ၊ မမြတ်ပန်းဖြူစင်တို့၏ ချစ်လှစွာသော ဘိုးဘိုးသည် ၂၈-၁၀-၂၀၁၉ (တနင်္လာနေ့) ည ၉:၅၅ နာရီတွင် ကွယ်လွန်သွားပါ၍ ကွယ်လွန်သူ၏ ဆန္ဒအရ ၂၉-၁၀-၂၀၁၉ (အင်္ဂါနေ့) မွန်းလွဲ ၂ နာရီတွင် မီးသဂြိုဟ်ပြီးစီးပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအပ်ပါသည်။ ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်အေးသိန်း

### အသက်(၆၉)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ်၊ ရွှေမြယာကုန်းကျေးရွာ၊ (၂)ရပ်ကွက်၊ အောင်သုခလမ်းနေ (ဦးသိန်းရွှေ-ဒေါ်အုန်းကြည်)တို့၏ သမီးကြီး၊ ဦးမြင့်ဦး-ဒေါ်အေးဟန်၊ ဦးအောင်မြင့်သန်း-ဒေါ်ရင်ရှိန်၊ (ဒေါ်ရင်နု)၊ ဦးရဲထွန်း(ဦးစီးအရာရှိ၊ ဗဟိုမြေစာရင်းသင်တန်းကျောင်း)- ဒေါ်ယဉ်ကြည်၊ ဦးခင်ကျော်( မြန်မာ့ကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်း) - ဒေါ်တင်မမကျော်၊ ရဲမှူးကြီး ဝင်းမင်းသိန်း(နေပြည်တော်ရဲတပ်ဖွဲ့မှူး)- ဒေါ်လှိုင်မြင့်သူတို့၏ အစ်မကြီးသည် ၂၉-၁၀-၂၀၁၉ (အင်္ဂါနေ့)တွင် ကွယ်လွန်သွားပါသဖြင့် ၂-၁၁-၂၀၁၉ (စနေနေ့) မွန်းတည့် ၁၂နာရီတွင် ရွှေမြယာကုန်းသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်အေးသိန်း

### အသက်(၆၉)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ်၊ ရွှေမြယာကုန်းကျေးရွာ၊ (၂)ရပ်ကွက်၊ အောင်သုခလမ်းနေ (ဦးသိန်းရွှေ - ဒေါ်အုန်းကြည်)တို့၏ သမီးကြီး၊ ကိုလွင်ကိုကိုဦး(GWW)၊ ကိုအောင်တေဇာဦး (Control Star Co.,Ltd)-မနွယ်မွန်ခိုင်၊ ကိုဖြိုးဇေယျာဦး(Diamond Printing)-မစောသန္တာဝေ၊ ကိုအောင်မြင့်မြတ် (Wan-He Garment)၊ မဆုမွန်ဟန်(TU Hpa-An)၊ မောင်ဟိန်းထက်ဇော်၊ မယွန်းမြမင်းအေး(အထက-၁၊ မရမ်းကုန်း)တို့၏ ချစ်လှစွာသောကြီးကြီးသည် ၂၉-၁၀-၂၀၁၉ (အင်္ဂါနေ့)တွင် ကွယ်လွန်သွားပါသဖြင့် ၂-၁၁-၂၀၁၉ (စနေနေ့) မွန်းတည့် ၁၂ နာရီတွင် ရွှေမြယာကုန်းသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု

ဘဝနတ်ထံပျံလွန်တော်မူခြင်း

## ဘဒ္ဒန္တသုမန (အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ)

## သိက္ခာတော် (၇၄)ဝါ၊ သက်တော် (၉၄)နှစ်

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ (ဈ)ရပ်ကွက်၊ ဇမ္ဗူအေးကျောင်းတိုက်၊ သဒ္ဓမ္မဝံသ မဟာစည်သာသနာ့ရိပ်သာကြီး၏ ဦးစီးပဓာန နာယက ဆရာတော် ဘဒ္ဒန္တသုမန (အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ) သိက္ခာတော်(၇၄)ဝါ၊ သက်တော်(၉၄)နှစ်သည် (တန်ဆောင်မုန်းလဆန်း ၂ ရက်) ၂၉-၁၀-၂၀၁၉ (အင်္ဂါနေ့) နံနက် ၃:၄၅ နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါကြောင်း ရပ်ဝေးရပ်နီးမှ ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား သိရှိနိုင်ရန် အကြောင်းကြားအပ်ပါသည်။

ဈာပနကျင်းပရေးကော်မတီ

ခရစ်တော်၌ အိပ်ပျော်ခြင်း

## စောရွှေသိန်း

### အသက်(၉၁) နှစ်

ရန်ကုန်မြို့၊ ခဝဲခြံနေ(စောစဲ့ဖိုး-နော်ဒါး )တို့၏သား၊ ( နော်ရှယ်)၏ ခင်ပွန်း၊ Rev. Dr. စောလယ်ထူး-နော်မာလင်းအားမူဖိုး ၊ နော်အယ်စေး-(စောမောင်မောင်)တို့၏ ဖခင်၊ နော်အဲနာမောင်၊ စောဂျွန်အေးမောင်၊ နော်ပြေမောင်၊ စောကဲဘလုထူး၊ စောမားဘလုထူးတို့၏ ချစ်လှစွာသော အဘိုး စောရွှေသိန်းသည် ၂၉-၁၀-၂၀၁၉ ရက် ညနေ ၅:၄၅နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် နောက်ဆုံးဈာပနဝတ်ကို ၁-၁၁-၂၀၁၉ ရက် မွန်းလွဲ ၂ နာရီတွင် ရေဝေးခရစ်ယာန်ဂိုဏ်းပေါင်းစုံဥယျာဉ်တော်၌ ဝတ်ပြုကိုးကွယ်မည်ဖြစ်ပါကြောင်း။ (အမှတ် ၁၂/က၊ ကွင်းပိုင်း၊ ခဝဲခြံနေအိမ်မှ ကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

ခရစ်တော်၌ အိပ်ပျော်ခြင်း

## နော်မော်လီမိုး (၈၈)နှစ်

(စောဖိုးတူး - နော်ဒေစီ)တို့၏ သမီးကြီး၊ (Rev. စောအောင်မိုး - နော်စေးရာ)တို့၏ သမီးချွေးမ၊ အင်းစိန်မြို့နယ်၊ နံ့သာကုန်းရပ်ကွက်၊ ဇီးအုန်ကုန်းလမ်း၊ အမှတ် (၁၃/C)နေ စောဂေလ်ခီမိုး၏ ချစ်လှစွာသောဇနီး၊ (စောရောဘတ်)၊ (စောထွန်းလှအောင်တူး) - နော်ဂျိုက်စ်အက်ကော့၊ (ဒေါက်တာစောဘထွန်းကြည်)၊ ဒေါက်တာ နော်ကက်သရင်းသက်ကြီး၊ စောဘလှတင်ထူး - နော်ပက်ဂီ၊ (စောဘနီ)၊ နော်မစ်ဇီတူး - ဦးအောင်လွင်၊ နော်မက်တီတူး၊ (နော်ဒေါ်ရသီမိုး - စောတူးတူး)၊ စောဟာခီမိုး - နော်လောမေတို့၏ အစ်မကြီး၊ [နော်သီတာမိုး(ခ)Gillian Thida Moh]၊ စောရှိမယ်လ်မိုး-နော်မူးအယ်ထူး၊ စောဂေလ်စန်မိုး-နော်ဘားဘရာ၊ စောအောင်စိုးမိုး(ခ)Gilman Saw Moh) - နော်အဲလစ်စ်နုထွားယဉ်၊ စောဇာနည်မိုး-(နော်လေးလေးသိန်း)၊ စောဂေလ်ခီမိုးဂျူနီယာ-နော်လင်းလင်းဂျူးတို့၏ မိခင်၊ စောရှိမယ်လ်မိုးဂျူနီယာ၊ နော်စန္ဒီမိုး၊ စောမတ်ခ်အောင်မိုး၊ စောမက်စ်ထူးမိုး၊ နော်စန္ဒြာမိုး၊ နော်စာရာမိုး၊ စောဂေလ်စန်မိုးဂျူနီယာ၊ နော်စင်ဒီမိုး၊ စောဒယ်နရယ်လ်မိုး၊ စောဂလဲန်ဂျော်နသန်မိုး၊ နော်ဂျူဒီလိုင်းမိုး၊ စောရိန်းဂျိုးဇက်မိုး၊ စောဂေဘရယ်ဂျော့ရှူးဝါးမိုး၊ နော်ဂျူလီယာရို့စ်မိုး၊ စောရှောန်နေသန်မိုးတို့၏ အဘွားသည် ၃၀-၁၀-၂၀၁၉ (ဗုဒ္ဓဟူးနေ့) နံနက် ၀၀:၄၅ နာရီတွင် ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် ၁-၁၁-၂၀၁၉(သောကြာနေ့) နံနက် ၉ နာရီတွင် ဖိုးသာဖြူအောက်မေ့ဘွယ်ခန်းမ၊ ကရင်နှစ်ခြင်းခရစ်ယာန်ဓမ္မတက္ကသိုလ်၊ အင်းစိန်မြို့နယ်၌ ဈာပနဝတ်ပြုဆုတောင်းပြီး ရေးဝေးခရစ်ယာန်ဂိုဏ်းပေါင်းစုံ ဥယျာဉ်တော်သို့ ပို့ဆောင်ဂူသွင်းသဂြိုဟ်မည်ဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု

ခရစ်တော်၌ အိပ်ပျော်ခြင်း

## နော်မော်လီမိုး

### အသက် (၈၈) နှစ်

(စောဖိုးတူး - နော်ဒေစီ) တို့၏ သမီးကြီး၊ (Rev. စောအောင်မိုး- နော်စေးရာ)တို့၏ သမီးချွေးမ၊ အင်းစိန်မြို့နယ်၊ နံ့သာကုန်းရပ်ကွက်၊ ဇီးအုန်ကုန်းလမ်း၊ အမှတ် (၁၃/C)နေ စောဂေလ်ခီမိုး၏ ချစ်လှစွာသောဇနီး၊ နော်မေတူး၊ (စောဆဲနေတူး)-နော်ဂျီဂျီတူး၊ စောအက်တူး-မဒိန်ယော်ဆိုင်းထွယ်၊ နော်လေးဖောတူး-ဒေါက်တာအေးမောင်သန်း၊ စောရှောန်၊ နော်စန္ဒီ၊ စော Saunders၊ စောစန်းမြိုင်-နော်နီနီဝင်း၊ (စောဘထူး)၊ နော်ချိုချိုတင်တူး-ဦးကျော်စံထွန်း၊ (နော်နီလာတင်တူး-ဦးအောင်ကျော်ဦး)၊ နော်နီဆက်တင်တူး- စောကွာလာ၊ ဒေါက်တာ ဇီဇဝါအောင်-စောရေးယွာဒီ၊ နော်ယုဇနအောင်- စောလောအယ်ဝါး၊ ဒေါက်တာကောင်းထွန်းအောင်- နော်အယ်ဆဲဒါး၊ နော်ငုဝါအောင်၊ စောဟူးဆိုး- နော်ဖောဖောချူ၊ နော်ဟဲဆိုး-စောဘီလီထွန်း၊ (နော်ကညော-စောအက်ဒီဆင်)၊ နော်စလွီးနာ၊ ဒေါက်တာနော်လောရာမိုး၊ (နော်ဘွယ်ဖေါ) - ဆရာစသန်းတန်၊ စောသာထော်တူး-နော်ဒိုတာဂေ၊ (နော်ထွေးလေး)တို့၏ အဒေါ်ကြီး၊ မြေး ၄၆ ယောက်တို့၏ အဘွားသည် ၃၀-၁၀-၂၀၁၉ (ဗုဒ္ဓဟူးနေ့) နံနက် ၀၀:၄၅ နာရီတွင် ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် ၁-၁၁-၂၀၁၉ (သောကြာနေ့) နံနက် ၉ နာရီတွင် ဖိုးသာဖြူအောက်မေ့ဘွယ်ခန်းမ၊ ကရင်နှစ်ခြင်းခရစ်ယာန်ဓမ္မတက္ကသိုလ်၊ အင်းစိန်မြို့နယ်၌ ဈာပနဝတ်ပြုဆုတောင်းပြီး ရေဝေးခရစ်ယာန်ဂိုဏ်းပေါင်းစုံဥယျာဉ်တော်သို့ ပို့ဆောင်ဂူသွင်းသဂြိုဟ်မည်ဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု

## ဦးကျော်မြင့်

ပန်းပုဆရာကြီး

### အသက်(၆၆)နှစ်

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ ၂/တောင်ရပ်ကွက်၊ မာန်ပြေ(၁)လမ်းအရှေ့၊ အမှတ်(၇၇၃)နေ (ဦးတင့်-ဒေါ်ခင်စိန်) တို့၏ သား၊ (ဦးစံညွန့်)-ဒေါ်သန်းသန်း၊ (ဦးကံညွန့်)၊ (ဦးစိန်မောင်-ဒေါ်အေးသန်း) တို့၏ ညီ/မောင်၊ (ဦးဆန်းမောင်)-ဒေါ် ငွေငွေဝင်းတို့၏ အစ်ကို၊ ဒေါ်အေးအေးသိန်း၏ ချစ်လှစွာသော ခင်ပွန်း၊ ဦးမင်းသူ၊ ဦးဇော်အေးထွန်း-ဒေါ်နီနီဝင်း၊ ဒေါ်တင်တင်ခိုင်၊ ဦးသူရလင်း၊ ဦးမြင့်သိန်းကျော်-ဒေါ်မေသဥ္ဇာနိုင်တို့၏ မွေးသဖခင် ကျေးဇူးရှင်၊ မကြယ်စင်အေးထွန်း၊ မောင်လရောင်ဘုန်းသင်္ဂါတို့၏ အဘိုးသည် ၂၉-၁၀-၂၀၁၉(အင်္ဂါနေ့) ညနေ ၄ နာရီတွင် ကွယ်လွန်သွားပါ၍ ၃၁-၁၀-၂၀၁၉ (ကြာသပတေးနေ့) ညနေ ၃ နာရီတွင် ကျီစုသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အကြောင်းကြား သိစေအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁:၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၄-၁၁-၂၀၁၉(တနင်္လာနေ့) နံနက် ၇ နာရီမှ ၁၁ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

# ချင်းပြည်နယ် (ဆူရ်ဘုန်) လေဆိပ်သစ်တည်ဆောက်ရေးစီမံကိန်း ပထမအဆင့် ၅၈ ဒသမ ၃ ရာခိုင်နှုန်းပြီးစီး



**ရန်ကုန် အောက်တိုဘာ ၃၀**

တောင်တန်းထူထပ်ပေါမြားသော ချင်းပြည်နယ်အတွင်းရှိ ဒေသခံပြည်သူများ၏ လမ်းပန်းဆက်သွယ်မှု အဆင်ပြေချောမွေ့စေပြီး လူမှုရေး၊ ကျန်းမာရေး၊ အုပ်ချုပ်ရေး၊ စီးပွားရေး၊ ကုန်သွယ်ရေး၊ ခရီးသွားလာရေးလုပ်ငန်းနှင့် အရေးပေါ်ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်မည့် ဖလမ်း (ဆူရ်ဘုန်) လေဆိပ်သစ် တည်ဆောက်ခြင်းလုပ်ငန်းကို ဖလမ်းမြို့၏ အနောက်မြောက်ဘက် ၈ ဒသမ ၅ မိုင်၌ အမြင့်ပေ ၇၁၇၅ ရှိ လုံပီးတောင်အနီး ဆူရ်ဘုန်တောင်ကြောပေါ်တွင် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနက တည်ဆောက်လျက်ရှိရာ ယခုအခါ လေဆိပ်တည်ဆောက်ရေးစီမံကိန်း(ပထမအဆင့်) လုပ်ငန်းသည် စက်တင်ဘာ ၃၀ ရက်အထိ ၅၈ ဒသမ ၃ ရာခိုင်နှုန်းပြီးစီးပြီဟု သိရသည်။

**အချိန်တိုအတွင်း လာရောက်လည်ပတ်နိုင်**

ဖလမ်း(ဆူရ်ဘုန်) လေဆိပ်သစ်တည်ဆောက်ခြင်းလုပ်ငန်း၏ ရည်ရွယ်ချက်မှာ ချင်းပြည်နယ်၏လေကြောင်းဝင်ပေါက်(Gateway of chin state) အဖြစ် ဖွံ့ဖြိုးတိုးတက်လာစေရန်နှင့်

**စာမျက်နှာ ၁၁ ကော်လံ ၁ သို့** ❐

## တိုင်းဒေသကြီးနှင့် ပြည်နယ် အသက်(၁၂)နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲ (၂၀၁၉) ဗိုလ်လုပွဲ တိုက်ရိုက်ထုတ်လွှင့်မည်

**နေပြည်တော် အောက်တိုဘာ ၃၀**

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်က ကြီးမှူးကျင်းပသည့် တိုင်းဒေသကြီးနှင့် ပြည်နယ် အသက်(၁၂)နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲ (၂၀၁၉)၏ ဗိုလ်လုပွဲပွဲစဉ်အဖြစ် မကွေးတိုင်းဒေသကြီး ဘောလုံးအသင်းနှင့် စစ်ကိုင်းတိုင်းဒေသကြီး ဘောလုံးအသင်းတို့ အောက်တိုဘာ ၃၁ ရက် ညနေ ၄ နာရီတွင် ရန်ကုန်မြို့ရှိ သုဝဏ္ဏမြက်ခင်းတုအားကစားကွင်း (၁) ၌ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

အဆိုပါဘောလုံးပွဲစဉ်ကို မြန်မာ့ရုပ်မြင်သံကြား MRTV နှင့် MRTV Sports Channel တို့တွင် ယင်းနေ့ ညနေ ၃ နာရီ ၄၅ မိနစ်မှစတင်ပြီး တိုက်ရိုက်ထုတ်လွှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# အာရှ ယူ-၁၉ ခြေစစ်ပွဲအတွက် နောက်ဆုံးပြင်ဆင်မှုအဖြစ် မြန်မာ ယူ-၁၉ အသင်း ခြေစမ်းပွဲထပ်မံကစားမည်



မြန်မာ ယူ-၁၉ အသင်း လေ့ကျင့်နေစဉ်။

**ရန်ကုန် အောက်တိုဘာ ၃၀**

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် ၂၀၂၀ အာရှ ယူ-၁၉ ခြေစစ်ပွဲအတွက် မြန်မာအသင်းသည် နောက်ဆုံးပြင်ဆင်မှုအဖြစ် ခြေစမ်းပွဲတစ်ပွဲ ထပ်မံကစားမည်ဖြစ်သည်။ မြန်မာ ယူ-၁၉ အသင်းသည် ခြေစစ်ပွဲမတိုင်မီ နောက်ဆုံးပြင်ဆင်မှုအဖြစ် အောက်တိုဘာ ၃၁ ရက် (ယနေ့) ညနေပိုင်းတွင် မြန်မာနေရှင်နယ်လိဂ်ကလပ် ဟံသာဝတီအသင်းနှင့် ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**ခြေစမ်းပွဲသုံးပွဲကစားရန် စီစဉ်ထား**

မြန်မာ ယူ-၁၉ အသင်းအနေဖြင့် အကောင်းဆုံးယှဉ်ပြိုင်နိုင်ရန် အပြီးသတ်ပြင်ဆင်နေပြီး အောက်တိုဘာ နောက်ဆုံးပတ်တွင် ခြေစမ်းပွဲသုံးပွဲကစားရန် စီစဉ်ထားခြင်းဖြစ်သည်။ မြန်မာ ယူ-၁၉ အသင်းသည် ယင်းသုံးပွဲတွင် နှစ်ပွဲကစားထားပြီးဖြစ်သောကြောင့် နောက်ဆုံးတစ်ပွဲကစားရန်သာ ကျန်ရှိတော့ပြီး ဟံသာဝတီအသင်းနှင့် ကစားခြင်းဖြစ်သည်။ မြန်မာ ယူ-၁၉ အသင်းသည် အောက်တိုဘာ ၂၄ ရက်တွင် ကစားသည့် ခြေစမ်းပွဲ၌

**စာမျက်နှာ ၆ ကော်လံ ၃ သို့** ❖

## ကြေးမုံ ယနေ့ ဖတ်စရာ


သဖန်းဆိပ်ရေလှောင်တမံမှ မိုးစပါးအတွက် သီးနှံအောင်ရေ လုံလောက်စွာ ပေးဝေ

စာမျက်နှာ » ၉

ဂျပန်နိုင်ငံ၏ အစားအစာသွင်းကုန် ကန့်သတ်ချက်များကို အီးယူ ဖြေလျှော့ပေးမည်

စာမျက်နှာ » ၁၂

စစ်ကိုင်းခရိုင်တွင် ကိုးလအတွင်း ယာဉ်တိုက်မှု ၁၀၀ ကျော် ဖြစ်ပွား၊ ၃၄ ဦး သေဆုံး

စာမျက်နှာ » ၁၄

အာရှဘောလုံးအဖွဲ့ချုပ်၏ လူမှုအကျိုးပြုစွမ်းဆောင်ရည်ဆု မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ဆွတ်ခူးရရှိ

စာမျက်နှာ » ၂၀



